မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃) အမှတ် (၁၇၉)

Established in 1914

Myanma Alinn Daily

၁၃၇၅ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

၂၀၁၄ ခုနှစ်၊ မတ် ၂၈ ရက်၊ သောကြာနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်ပိုင်နက်နယ်မြေ မဆုံးရှုံးရအောင် ခိုင်ခိုင်မာမာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်

နေပြည်တော် မတ် ၂၇

၂၀၁၄ ခုနှစ် (၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး *စာမျက်နှာ ၇ ကော်လံ ၁* ■

> “ ပြည်သူကြားမှပေါက်ဖွားလာသည့် တပ်မတော်သားများအနေဖြင့် ပြည်သူလူထုကို အမိအဖသဖွယ်သဘောထားပြီး နိုင်ငံတော်ထာဝရငြိမ်းချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပြည်သူလူထုနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက် ”

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်အား (၆၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ယန္တရားတပ်ဖွဲ့များ ချီတက်အလေးပြုကြစဉ်။ (မြဝတီ)

■ နိုင်ငံတကာ

အိုဘားမား၏ ရောမခရီးစဉ်အတွင်း ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံမည်

စာမျက်နှာ » ၄

■ ဆောင်းပါး

နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာလာစေမည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်

စာမျက်နှာ » ၆

■ အားကစား

စီးရီးအေတွင် ဂျူဗင်တပ်စ်အသင်း ၁၄ မှတ် အသာဖြင့်ဦးဆောင်

စာမျက်နှာ » ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဒီမိုကရေစီပန်းတိုင်သို့ တည်ငြိမ်စွာလျှောက်လှမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကျင့်သုံးဖော်ဆောင်ခဲ့သည်မှာ သုံးနှစ်ပြည့်တော့မည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ် မဖော်ဆောင်မီကာလနှင့် ဒီမိုကရေစီစနစ်ဖော်ဆောင်ပြီး သုံးနှစ်တာကာလတို့ နှိုင်းယှဉ်ကြည့်လိုက်လျှင် မည်ရွေ့မည်မျှ တိုးတက်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ တိုးတက်ခဲ့သည်ဆိုလျှင် မည်သူမျှငြင်းနိုင်မည်မဟုတ်ပါ။ သို့သော်လည်း ဒီမိုကရေစီပန်းတိုင်သို့ လျှောက်လှမ်းရာတွင် ပြုပြင်ပြောင်းလဲရန်ကဏ္ဍများစွာ ကျန်ရှိနေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုဟူသည် ချက်ချင်းဆောင်ရွက်၍ ရနိုင်သည်များရှိသလို ချက်ချင်းမလုပ်နိုင်သည့်နေရာများလည်းရှိပါသည်။ မည်သို့ပင်ဖြစ်စေ ပြုပြင်ပြောင်းလဲသင့်၊ ပြောင်းလဲထိုက်သည့်နေရာများတွင် ရေတိုရေရှည်စီမံကိန်းများနှင့် ပြုပြင်ပြောင်းလဲလျက်ရှိပါသည်။ ရေရှည်အချိန်ယူစဉ်းစားလုပ်ဆောင်ရမည့်အရာများကို အလျင်စလိုလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အမှားများစွာနှင့် ကြုံတွေ့ရတတ်ပါသည်။ သိမ်မွေ့လေးနက်သောအရာများကို အသေအချာစဉ်းစားလုပ်ဆောင်ခြင်းကသာ အကောင်းဆုံးဖြစ်ပါသည်။

ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာတွင် တည်ငြိမ်အေးချမ်းရေးသည် အထူးပင်အရေးကြီးလှပါသည်။ နေရာတိုင်းတွင် ညီညွတ်ရေးသည် အဓိကကျပါသည်။ ညီညီညွတ်ညွတ်ဆောင်ရွက်သွားပါမှ ဒီမိုကရေစီစနစ်သည် ပြည်သူတို့၏ဆန္ဒနှင့်အညီ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က “၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ နှစ်နှစ်တာကာလမှာ ကျွန်တော်တို့လုပ်နိုင်ရင် လုပ်နိုင်သလောက်၊ ညီညွတ်ရင် ညီညွတ်သလောက် ပြည်သူတွေ အကျိုးဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ ဖြစ်နိုင်ခြေကို ရွေးချယ်ရတာဖြစ်သလို ဖြစ်နိုင်ခြေတွေကို လက်တွေ့လုပ်ဆောင်ရတာမျိုးဖြစ်ပါတယ်”ဟု တာဝန်ထမ်းဆောင်မှုသက်တမ်း သုံးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားသောမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ကြောင့် ဒီမိုကရေစီပန်းတိုင်သို့ လျှောက်လှမ်းရာတွင် ညီညွတ်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ညီညွတ်ရေးသည် တစ်ဦးကောင်းတစ်ယောက်ကောင်း လုပ်ဆောင်နိုင်သည့်အရာမဟုတ်ပါ။ အားလုံးပူးပေါင်းဆောင်ရွက်ရသည့် သဘောဖြစ်ပါသည်။ နေရာတိုင်းတွင် အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။ ဒီမိုကရေစီအသီးအပွင့်များကို ခံစားနိုင်သည့် ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေး ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက အပြုသဘောဆောင်ပူးပေါင်းဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ခြင်းကသာ တိုးတက်မှုကိုရရှိလာမည်ဖြစ်ပါသည်။ တိုးတက်မှုဟူသည် တည်ငြိမ်အေးချမ်းမှ ဖြစ်ထွန်းနိုင်မည် ဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီစနစ် ပီပြင်စွာဖြစ်ထွန်းလာရေးအတွက် အပြုသဘောဆောင်ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ လက်တွဲညီစွာ ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမေးခွန်းပုံစံဖြည့်စွက်ခြင်း (မေးခွန်း ၂၅ မှ ၄၁ အထိ)

(၁၈-၃-၂၀၁၄ ရက်မှအဆက်)

မေးခွန်း (၂၅)မှ မေးခွန်း (၃၁)အထိမှာ အိမ်ထောင်ကျဖူးသူ အမျိုးသမီး (၁၅ နှစ်နှင့်အထက်)ရှိသူများအားလုံး၏ ဘဝတစ်လျှောက်မှာ ကလေးမွေးဖွားခဲ့ခြင်းနှင့်ပတ်သက်၍ မေးမြန်းထားခြင်းဖြစ်သည်။ မေးခွန်း(၂၅)တွင် အရှင် မွေးဖွားခဲ့သော ကလေးအရေအတွက်၊ မေးခွန်း(၂၆)တွင် အတူနေကလေးအရေအတွက်၊ မေးခွန်း(၂၇)တွင် အတူမနေကလေးအရေအတွက်၊ မေးခွန်း (၂၈)တွင် သေဆုံးသွားသော ကလေးအရေအတွက်တို့ကို မေးမြန်းထားပါသည်။ မေးခွန်း (၂၉) မှ (၃၁)အထိသည် နောက်ဆုံးမွေးကလေး၏ အကြောင်းအရာများကို မေးမြန်းထားပါသည်။ ဤမေးခွန်းမေးမြန်းရခြင်းမှာ အမျိုးသမီးတစ်ဦး၏ ကလေးမွေးဖွားနှုန်း၊ တစ်နှစ်အောက်နှင့် ငါးနှစ်အောက် ကလေးသေဆုံးနှုန်းစသည်တို့ကို တွက်ချက်ရန်နှင့် အနာဂတ်မှာရှိလာမည့် လူဦးရေနှင့် လူဦးရေတိုးနှုန်းကိုလည်း တွက်ချက်နိုင်ရန်တို့အတွက် ဖြစ်ပါသည်။

မေးခွန်း(၃၂)မှ မေးခွန်း (၃၉)အထိ မေးမြန်းချက်များမှာ အိမ်အကြောင်းအရာများနှင့်ပတ်သက်၍ မေးမြန်းထားခြင်းဖြစ်ပါသည်။ မေးခွန်း (၃၂)တွင်လက်ရှိနေသည့် အိမ်အမျိုးအစား၊ မေးခွန်း(၃၃)တွင် အိမ်ပိုင်ဆိုင်မှု၊ မေးခွန်း(၃၄)တွင် အလင်းရောင်အတွက် အသုံးပြုသည့် မီးအမျိုးအစား၊ မေးခွန်း (၃၅)တွင် အသုံးပြုသည့် သောက်ရေ/သုံးရေ၊ မေးခွန်း(၃၆)တွင် အသုံးပြုသည့် လောင်စာအမျိုးအစား၊ မေးခွန်း(၃၇)တွင် အသုံးပြုသည့်အိမ်သာအမျိုးအစား၊ မေးခွန်း(၃၈)တွင် နေအိမ်တွင် အသုံးပြုသည့်ပစ္စည်းများကို မေးမြန်းထားပါသည်။ မေးခွန်း (၃၉)တွင် အိမ်ထောင်စုတွင် အသုံးပြုနေသည့်ပစ္စည်းများကို မေးမြန်းထားပါသည်။ ၎င်းတို့မှာ ရေဒီယို၊ ရုပ်မြင်သံကြား ရှိ/မရှိ၊ ကြိုးဖုန်း၊ လက်ကိုင်ဖုန်း၊ ကွန်ပျူတာရှိ/မရှိ၊ အင်တာနက်တပ်ဆင်ထားခြင်း ရှိ/မရှိ၊ ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီး၊ စက်ဘီး၊ ထော်လာဂျီ ရှိ/မရှိ၊ လှေ၊ သမ္ဗာန်၊ စက်လှေ၊ မော်တော်ဘုတ်၊ လှည်းရှိ/မရှိ တို့ကို မေးမြန်းထားပါသည်။ ဤမေးခွန်းများမေးမြန်းရခြင်းမှာ အခွန်ကောက်ခံရန်မဟုတ်သလို ပိုင်ဆိုင်မှုများကို စစ်ဆေးမေးမြန်းခြင်းများလည်း မဟုတ်ပါ။ လူနေမှုအဆင့်အတန်းနှင့် နေထိုင်မှုပုံစံများသိရှိနိုင်ရန်၊ လျှပ်စစ်မီးအသုံးပြုနိုင်သော အိမ်ထောင်စုအရေအတွက်နှင့် အခြားစွမ်းအင်အသုံးပြုမှုများ သိရှိနိုင်ရန်၊ သန့်ရှင်းသော သောက်သုံးရေသုံးစွဲမှုကို သိရှိရန်နှင့် ကျန်းမာရေးဝန်ဆောင်မှုများအတွက် ပံ့ပိုးပေးနိုင်ရန်၊ လောင်စာအသုံးပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို တိုင်းတာနိုင်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန်၊ အညစ်အကြေးစွန့်ပစ်မှုအခြေအနေကိုကြည့်၍ အနာဂတ်ကျန်းမာရေးသန့်ရှင်းရေးတိုးတက်မှုရှိစေရန် နိုင်ငံတော်အစိုးရအတွက် အိမ်ထောင်စုများ၏ လူမှုစီးပွားရေးလိုအပ်ချက်များကို ခန့်မှန်းပေးနိုင်မည်ဖြစ်သည်။ အိမ်ရာအခြေအနေနိမ့်ကျသောဒေသများနှင့် တိုးတက်ရန် လိုအပ်နေမှုများကို ဖော်ထုတ်ပေးနိုင်ရန်နှင့် ဒေသအလိုက် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကို ဖော်ထုတ်သိရှိနိုင်မည်ဖြစ်ပါသည်။

မေးခွန်း(၄၀)တွင် အိမ်ထောင်စုသားများထဲမှ နိုင်ငံခြားတိုင်းပြည်များတွင် လက်ရှိသွားရောက်နေထိုင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများ၏အချက်အလက်များကို မေးမြန်းထားပါသည်။ ဤမေးခွန်း မေးမြန်းခြင်းဖြင့် နိုင်ငံတကာပြောင်းရွှေ့သွားလာသူအရေအတွက်၊ အများဆုံးသွားရောက်သည့်နိုင်ငံ၊ မည်သည့်အချိန်တွင် သွားခဲ့သည် စသည်တို့ကို သိရှိရန် မေးမြန်းထားခြင်းဖြစ်ပါသည်။ ပြည်ပသို့သွားရောက်ခြင်းသည် တရားဝင်သွားရောက်သည် သို့မဟုတ် တရားမဝင်သွားရောက်သည်၊ မည်သည့်နည်းလမ်းဖြင့် သွားရောက်သည်စသည်တို့ကို မေးမြန်းထားခြင်း မရှိသလို စစ်ဆေးစုံစမ်းရန်မဟုတ်ပါ။

မေးခွန်း(၄၁)တွင် လွန်ခဲ့သော ၁၂ လအတွင်း အိမ်ထောင်စုသားများထဲမှ သေဆုံးမှုအခြေအနေကို မေးမြန်းထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏သေဆုံးနှုန်း၊ မျှော်မှန်းသက်တမ်း၊ မိခင်သေဆုံးနှုန်းတို့ကို တွက်ချက်နိုင်မည်ဖြစ်ပါသည်။

ထင်သာမြင်သာပြုပြင်စရာ

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကြောင့် မြို့ဆိပ်ကမ်းသာယာရေးထိခိုက်

ဖောင်းပြင် မတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ဖောင်းပြင်မြို့အဝင် သင်္ဘောဆိပ်လှေကားတက်/ ဆင်းဘေးနှင့် ကမ်းနားလမ်းတစ်လျှောက်တွင် အမှိုက်သရိုက်များ စည်းကမ်းမဲ့စွန့်ပစ်နေကြခြင်းသည် မြို့ဆိပ်ကမ်းသာယာလှပရေးတွင် လွန်စွာရုပ်ဆိုးအကျည်းတန်လှပါသည်။

ပွင့်လင်းရာသီ မိုးရာသီ ချင်းတွင်းမြစ်ရေကြီးချိန်များတွင် ပြည်တွင်း/ ပြည်ပမှလာသော နိုင်ငံခြားခရီးသွားသင်္ဘောများ၊ လူကြီးခရီးစဉ်များရောက်ရှိလာချိန်တွင် စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်သရိုက်များကြောင့် မြို့၏ဂုဏ်ကျက်သရေညှိုးနွမ်းမှု ဖြစ်ပေါ်ခြင်း၊ မြစ်ရေညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်းအပြင် ပြည်သူများ ကျန်းမာရေးထိခိုက်နိုင်ဖွယ်တွေ့ရှိရပါသည်။

ထို့ကြောင့် ဖောင်းပြင်မြို့အဝင် သင်္ဘောဆိပ်ကမ်း၌ အမှိုက်များကို စည်းကမ်းမဲ့မစွန့်ပစ်ကြစေရန် ပြည်သူများအား သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက အသိပေးခြင်း၊ စနစ်တကျ အမှိုက်စွန့်ပစ်ကန်များ ထားရှိပေးခြင်းအပြင် အမှိုက်ကားဖြင့် အမှိုက်သိမ်းသည့်စနစ်ထားရှိစေလိုကြောင်း ပြည်သူများ၏ အသံကို ထပ်ဆင့်တင်ပြလိုက်ရပေသည်။ **ဖောင်းပြင်သားလေးတစ်ဦး**

မဇ္ဈိမဝံသဗုဒ္ဓဓမ္မသင်တန်း(ဗဟိုအဆင့်)စာမေးပွဲကျင်းပမည်

ရန်ကုန် မတ် ၂၇

မဇ္ဈိမဝံသမြန်မာရဟန်းတော်များအဖွဲ့သည် ရင်သွေးငယ်များ လိမ္မာယဉ်ကျေးလာစေရန်၊ လူ့ကျင့်ဝတ် လူ့သိက္ခာများ၏တန်ဖိုးကို နားလည်လာစေရန်၊ ငယ်စဉ်မှစ၍ ကိုယ်ကျင့်တရားမြင့်မားလာစေရန်၊ ကိုယ်ကျင့်တရားကို တန်ဖိုးထားသော နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာစေရန်စသော ရည်ရွယ်ချက်များဖြင့် မဇ္ဈိမဝံသဗုဒ္ဓဓမ္မသင်ခန်းစာ စာအုပ်များကို ထုတ်ဝေဖြန့်ချိကာ မဇ္ဈိမဝံသ ဗုဒ္ဓဓမ္မသင်တန်းများကို မြန်မာနိုင်ငံအနှံ့အပြားတွင် ဖွင့်လှစ်သင်ကြားခဲ့သည်။ အဆိုပါ သင်တန်းများမှ ထူးချွန်ထက်မြက်သူများကို ရွေးချယ်၍ မဇ္ဈိမဝံသ ဗုဒ္ဓဓမ္မသင်တန်း(ဗဟိုအဆင့်)စာမေးပွဲကို ၉-၄-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဆင်ရေတွင်းမှတ်တိုင်အထက (၄) ကျောင်း၌ကျင်းပမည်ဖြစ်ရာ စာမေးပွဲဝင်ခွင့်ပုံစံများကို ညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာ ကြီးပွားရေးရပ်ကွက် သဃ်န်းကျွန်း၌ ထုတ်ယူနိုင်ကြသည်။ ဝင်ခွင့်ပုံစံများကို ၅-၄- ၂၀၁၄ ရက် နောက်ဆုံးထား၍ လိုင်စင်ဓာတ်ပုံ သုံးပုံနှင့်တကွ ပေးပို့ကြပါရန် အသိပေးနှိုးဆော်ထားကြောင်း၊ နယ်ဝေးမှ လာရောက်ဖြေဆိုကြမည့်သူများအား တည်းခိုနေထိုင်နိုင်ရန် ဖြူးမဟာစည်သာသနာ့ရိပ်သာ လှိုင်မြို့နယ်တွင် စီစဉ်ထားကြောင်း၊ သင်ခန်းစာစာအုပ်များအလိုရှိပါက ဖုန်း-၀၉- ၇၃၁၂၉၈၀၅၊ ၀၉-၇၃၁၇၅၄၉၇၊ ၀၉-၈၅၉၈၀၀၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၆၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၂၇

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၄ ခုနှစ် (၆၉)နှစ်မြောက် တပ်မတော် နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်း တွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် ဥပစာရင်ပြင်၌ကျင်းပသည်။

ရှေးဦးစွာ ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၆၉) နှစ် မြောက် တပ်မတော်နေ့ အထိမ်း အမှတ်အဖြစ် တပ်မတော်နေ့ စစ်ရေးပြကွင်းနှင့် ဘုရင့်နောင် ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ် ဖောက်သည်။

ထို့နောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး တို့သည် ၂၀၁၄ ခုနှစ် တပ်မတော် နေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပသည့် ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်သို့ ည ၇ နာရီတွင် ရောက်ရှိလာပြီး ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ် ချုပ်မှူးကြီး သိရိပျံချီ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်း ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သရေစည်သူ လှဌေး ဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကာကွယ် ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သူရသက်ဆွေနှင့် ဇနီး ဒေါ်ဝေမာမာထွန်း၊ ကာကွယ် ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့် နှင့်ဇနီး ဒေါ်အေးအေးသန်းတို့ နှင့်အတူ အခမ်းအနားသို့တက် ရောက်လာကြသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြည် ထောင်စုဝန်ကြီးများ၊ လွှတ်တော် ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယ ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မီး သတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ ကြက်ခြေနီ တပ်ဖွဲ့မှအရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ ဝင်များ၊ လုပ်ငန်းရှင်များ၊ တက္ကသိုလ် လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင် ကျောင်းဆရာများနှင့် ကျောင်းသား များ၊ နယ်ခြားစောင့်တပ်များ ဗဟို အကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့များ၊ အနုပညာရှင်များ၊ ဖိတ်ကြားထား သူများနှင့် တပ်မတော်အငြိမ်းစား အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၆၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်လာသော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(မြဝတီ)

(၆၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြု ညစာစားပွဲတွင် ညစာမသုံးဆောင်မီ နှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ မြဝတီတေးဂီတအဖွဲ့က တေးသံသာ များဖြင့် ဧည့်ခံဖြေဖျော်ကြသည်။

ညစာစားပွဲအပြီးတွင် အခမ်း အနားသို့ တက်ရောက်လာကြသူ များအား ဇေယျာသီရိဗိမာန် သဘင် ဆောင်ခန်းမ၌ မြဝတီအငြိမ့်အဖွဲ့ နှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲများမှ စစ်သည်၊ စစ်သမီးများက ယဉ်ကျေးမှုအကပဒေသာများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော်ဂုဏ်ပြုရုပ်ရှင်ဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထု စာမူဆုရစာပေပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

နေပြည်တော် မတ် ၂၇

တပ်မတော်ဂုဏ်ပြုဇာတ်လမ်း များဖြစ်သည့် သံယောဇဉ်အနား နှလုံးသားဗဟိုဇာတ်လမ်းနှင့် ကြယ် စင်မော်ကွန်း ရုပ်ရှင်ဇာတ်လမ်း တို့တွင် ပါဝင်သရုပ်ဆောင်ခဲ့ကြ သည့် အနုပညာရှင်များနှင့် စစ်ချီ တေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထု စာမူဆုရရှိသူစာပေ ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်း လွှာနှင့် အမှတ်တရလက်ဆောင် ပစ္စည်းများပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည် တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး သရေ စည်သူလှဌေးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျ ကျော်ထင်သူရသက်ဆွေ၊ ကာကွယ် ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ သံ ယောဇဉ်အနား နှလုံးသားဗဟို ဇာတ် ကားနှင့် ကြယ်စင်မော်ကွန်းရုပ်ရှင် ဇာတ်ကားတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထု စာမူဆုရရှိသူ စာပေပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးသရေ စည်သူလှဌေးဝင်းက အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် တပ်မတော်ဂုဏ်ပြု သံယောဇဉ်အနားနှလုံးသားဗဟိုဇာတ် ကားတွင် ပါဝင်ခဲ့သည့် အုပ်ချုပ်သူ ဗိုလ်မှူးကြီးဇင်မင်းထက်၊ ရိုက်ကူး ရေးတာဝန်ခံအရာရှိ ဒုတိယဗိုလ်မှူး ကြီး ကျော်ကျော်ဦး ၊ ဝတ္ထုဇာတ်ညွှန်း ဗိုလ်ကြီးတင်အောင်စိုး၊ ဒါရိုက်တာ ဦးမီးပွား၊ သရုပ်ဆောင်နိုင်းနိုင်း၊ စူးရှ၊ အေးမြတ်သူ၊ အိချောပို၊ အကယ်ဒမီ အောင်ခိုင်၊ ဦးအောင်ဇော်၊ အကယ် ဒမီယွန်းယွန်းနှင့် ပိစိကွေး၊ ကြယ် စင်မော်ကွန်းရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ခဲ့သည့် ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုး၊ ဝတ္ထုဇာတ်ညွှန်း ဗိုလ်ကြီး တင်အောင်စိုး၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီလူမင်း၊ အကယ်ဒမီ ဝေဠုကျော်၊ အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီ အောင်ခိုင်၊ စိုးရန်အောင်၊ ရိုက်ကူးရေးတာဝန်ခံ ဗိုလ်မှူးကြီး ခင်မောင်ချို၊ ဗိုလ်မှူးကြီး အောင်သီ ဟ၊ ဒုတိယဗိုလ်မှူးကြီး ကျော် ကျော်ဦးတို့အား စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိရိပျံချီခင်ဇော်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်သည်။

၎င်းနောက် (၆၉) နှစ်မြောက် တပ်မတော်နေ့ စစ်ချီတေး၊ စစ်သည် တေးသီချင်းပြိုင်ပွဲတွင် ပထမဆု ရရှိသော တေးရေးတပ်ကြပ်ကြီး ဖုန်းမြင့်၊ ဒုတိယဆုရရှိသော မိုးသစ် ဦး၊ တတိယဆုရရှိသော အောင် ဆန်းဝင်း၊ နှစ်သိမ့်ဆုရရှိသော ဝေ လင်း- သုခုမနှင့် ထင်ကျော်တို့အား လည်းကောင်း ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသော ကလောင်ရှင် ဝင်းနွယ်(သစ်တော)၊ ဒုတိယဆုရရှိ သော ချမ်းမြဆောင်း (ကလော)၊ တတိယဆုရရှိသော မြင့်(ရွှေဘို)၊ နှစ် သိမ့်ဆုရရှိသော ပုလောစိုးနန့်သာ နှင့် သန်းသန်းဦး(အောင်လံ)တို့အား လည်းကောင်း၊ ဝတ္ထုစာမူပြိုင်ပွဲတွင် ပထမဆုရရှိသော ကလောင်ရှင်ခြေ လျင်စစ်သည် တစ်ဦး၊ ဒုတိယ ဆုရ ရှိသော ထက်ဝေအောင်(စစ်ကိုင်း)၊ တတိယဆုရရှိသော မောင်မောင် လွင်(ရွှေဘိုသား)၊ နှစ်သိမ့်ဆုရရှိ သော သုန္ဒရ(မနောမြေ)နှင့် ဟန် စိုး(မြစ်ကျိုး)တို့အားလည်းကောင်း တပ်မတော်နေ့ ကျင်းပရေးဦးစီး ကော်မတီ ဥက္ကဋ္ဌ၊ တပ်မတော်လေ့ ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ် ချုပ်ကြီးသိရိပျံချီ ရာပြည့်က ဂုဏ်ပြု မှတ်တမ်းလွှာများနှင့် အမှတ်တရ ပစ္စည်းများ အသီးသီးပေးအပ်သည်။

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိရိပျံချီ ရာပြည့်က စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော တေးရေး တပ်ကြပ်ကြီး ဖုန်းမြင့်အား ဆုပေးအပ်စဉ်။
(မြဝတီ)

ဂုဏ်ပြုမှတ်တမ်းလွှာများပေး အပ်ပွဲအပြီးတွင် အခမ်းအနား တက်ရောက်လာကြသူများအား လက် ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံခဲ့ ကြောင်း သတင်းရရှိသည်။

(မြဝတီ)

✴ *ကျောဖုံးမှ*

ရှာဖွေမှုများ ဆက်လက်လုပ်ဆောင် နေကြကြောင်း၊ ရာသီဥတုဆိုးရွားမှု ဒဏ်ကလည်း နောက်ထပ် ၂၄ နာရီ အထိ ကြာမြင့်ဖွယ်ရှိကြောင်း သတင်း ထောက်များကို ပြောကြားသည်။

နိုင်ငံတကာ ရှာဖွေရေးအဖွဲ့ သည် စစ်ဘက်နှင့်အရပ်ဘက် လေယာဉ် ၁၁ စင်း၊ သင်္ဘောငါးစင်း နှင့်အတူ ပြင်သစ်ဂြိုဟ်တုမှ ဖမ်းယူ ရရှိသော အရာဝတ္ထု ၁၂၂ ခုကို သွားရောက်ရှာဖွေရန် မတ် ၂၆ ရက် က ပင်လယ်ပြင်သို့ ထွက်ခွာသွားကြ သော်လည်းရာသီဥတုဆိုးရွားမှုကြောင့် ရှာဖွေမှုကောင်းစွာမလုပ်နိုင်ဘဲ မတ် ၂၇ ရက်တွင် နောက်ပြန်လှည့်ခဲ့ ကြရသည်။ ထိုင်းဂြိုဟ်တုမှတွေ့ရှိ သော နောက်ဆုံးသဲလွန်စရှိသည်ဟု ယူဆရသည့်နေရာမှာ လှိုင်းကြမ်း၊ လေကြမ်းသည့်အပြင် မြင်ကွင်း မှာလည်း မသဲမကွဲဖြစ်နေကြောင်း အမေရိကန် P-8 Poseidon ရေ ကြောင်းထောက်လှမ်းရေးလေယာဉ် တာဝန်ခံဖြစ်သူ ဒုတိယတပ်မှူး အဒမ်ဆချန့်က ထုတ်ဖော်ပြောကြား သည်။ ဩစတြေးလျ အာဏာပိုင်များ က ရှာဖွေနယ်ပယ်များအတွင်း လှိုင်းထန်၊ လေထန်မှုများကြောင့် လေယာဉ်များမခံနိုင်ဘဲ ပတ်သ်မြို့ သို့ ပြန်လည်ထွက်ခွာကြသော်လည်း တချို့သော သင်္ဘောများသည် လှိုင်းဒဏ်၊ လေဒဏ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်ကာ ရှာဖွေမှုများဆက်လက် လုပ်ဆောင်နေကြကြောင်း အတည် ပြုပြောကြားသည်။

"ဒါကတော့ ရှာဖွေကယ်ဆယ် ရေးရဲ့ သဘောသဘာဝပါ၊ အခြေ အနေပေါ်မူတည်ပြီး ဇာတ်ဆရာ အလိုကျ လိုက်ပြီးကနေရတယ်"ဟု ဩစတြေးလျ AP-3C orion လေယာဉ်မှ လေယာဉ်မှူးဖြစ်သူ ပီတာမွန်ရီက ရိုက်တာသတင်း ထောက်များကို ပြောကြားသည်။

ပျောက်ဆုံး လေယာဉ်ရှာဖွေ ရေးတွင် လေယာဉ်နှင့် သင်္ဘောပေါ် မှ တိုက်ရိုက်တွေ့ရှိချက်များနှင့် ဂြိုဟ်တုမှတစ်ဆင့် ဖမ်းယူရရှိသော သဲလွန်စ အများအပြားရှိခဲ့သည့် တိုင် လက်တွေ့ရှာဖွေရေးအပိုင်း တွင် ပို့ဆောင်ဆက်သွယ်ရေး အခက်အခဲနှင့် သဘာဝဘေး အန္တရာယ်ကြောင့် လေယာဉ်အပိုင်း အစများဟု ယူဆရသောအရာ ဝတ္ထုများကို ယနေ့တိုင်အတည်ပြု ပြောကြားနိုင် ခြင်းမရှိသေးပေ။

ဩစတြေးလျ၊ အမေရိကန် ပြည်ထောင်စု၊ နယူးဇီလန်၊ တရုတ်၊ ဂျပန်နှင့် တောင်ကိုးရီးယားနိုင်ငံ များက ရှာဖွေကယ်ဆယ်သူများသွား ရောက်သည့် ပင်လယ်ပြင်သည် ကမ္ဘာ့ ရေအနက်ဆုံးနှင့် လှိုင်းအကြမ်းဆုံး ပင်လယ်ဖြစ်ကြောင်း၊ မတ် ၂၇ ရက်တွင် ယင်းပင်လယ်အတွင်း ရာသီဥတု ဆိုးရွားနေသော်လည်း မတ် ၂၈ ရက်တွင် ရာသီဥတုကောင်း လာဖွယ်ရှိကြောင်း ဩစတြေးလျ မိုးလေဝသဗျူရိုကဆိုသည်။

(ရိုက်တာ/ဆင်ဟွာ)

နိုင်ငံကြီးသား ပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

နိုင်ငံတကာသတင်း

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ ဆံပင်ပုံစံ တက္ကသိုလ်ကျောင်းသားများ ထားရှိရန် စိတ်ဝင်စား

ပြုံယမ်း မတ် ၂၇

မြောက်ကိုရီးယားရှိ တက္ကသိုလ်ကျောင်းသားများသည် ယင်းတို့၏ ခေါင်းဆောင် ကင်ဂျုံအန်းကဲ့သို့ ပုံစံတူ ဆံပင်ထားရှိရန် လိုလားကြကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြသည်။

လွန်ခဲ့သောနှစ်ပတ်က မြို့တော်ပြုံယမ်း၌ စစ်တမ်းကောက်ယူမေးမြန်းရာတွင် မြောက်ကိုရီးယားတက္ကသိုလ်ကျောင်းသားများသည် ကင်ဂျုံအန်း၏ ဆံပင်ပုံစံကို နှစ်သက်စွာထားလိုကြကြောင်း၊ ယခုအခါ နိုင်ငံတစ်ဝန်းလုံးသို့လည်း ယင်းကိစ္စကို စစ်တမ်းကောက်ယူကြောင်း အာအက်ဖ်အေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

“မိမိတို့၏ ခေါင်းဆောင်ဆံပင်ပုံစံသည် အလွန်ပင် အနုစိတ်ကြောင်း၊ ခေါင်းနှင့်မျက်နှာ လိုက်ဖက်မှသာ ယင်းဆံပင်ပုံစံထား၍ကောင်းကြောင်း သတင်းရပ်ကွက်တစ်ခုက အဆိုပါသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ ဆံပင်ပုံစံမှာ ၂၀၀၀ ပြည့်လွန် အလယ်ပိုင်းခေတ်အထိ ရေပန်းမစားကြောင်း တရုတ်နိုင်ငံ၌ နေထိုင်သူ မြောက်ကိုရီးယားနိုင်ငံသားတစ်ဦးက ပြောသည်။ သို့သော်လည်း ယင်းဆံပင်ပုံစံကို လူတိုင်းထားခွင့်မရှိဟုဆိုသည်။တစ်ချိန်က ယင်းဆံပင်ပုံစံကို ထားရှိလိုသူများသည် နိုင်ငံတော် အဆင့်အထိ သဘောတူညီမှုရယူရသည်ဟု ဆိုသည်။ ယခုအခါ ယင်းဆံပင်ပုံစံကို အမျိုးသမီးများအတွက် အသက် ၁၈ နှစ်မှ စပြီးထားနိုင်သော်လည်း အမျိုးသားများမှာမူ အသက် ၁၀ နှစ်မှစ၍ ထားနိုင်သည်ဟု မြောက်ကိုရီးယား ရုပ်မြင်သံကြားမှ သတင်းထုတ်လွှင့်သည်။

အဆိုပါ ဆံပင်ပုံစံမှာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် အသက် ၁၇ နှစ်အရွယ်မှစ၍ နိုင်ငံကိုအုပ်ချုပ်လာပြီးနောက် ရေပန်းစားလာသည်။ ယခင်က မြောက်ကိုရီးယားနိုင်ငံကို လာရောက်လည်ပတ်လျှင် ဆံပင်ပုံစံမပြောင်းရဟု သတိပေးချက်များရှိသော်လည်း ယခုအခါ သတိပေးတားမြစ်ချက်များ မရှိတော့ဟု ဆိုသည်။

(ဘီဘီစီ)

ဂျက်လေယာဉ်အစင်း ၇၀ အဲဘတ်စ်က တရုတ်သို့ရောင်းချ

အီးယူ မတ် ၂၇

ဥရောပ၏ အကြီးဆုံးလေယာဉ်ထုတ်လုပ်ရေး လုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သော အဲဘတ်စ်က တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိ ဂျက်လေယာဉ်အစင်း ၇၀ ရောင်းချပေးရန် သဘောတူလက်မှတ်ရေးထိုးလိုက်ကြောင်း တရုတ်နိုင်ငံပိုင် ရောင်းဝယ်ရေးအေဂျင်စီက ပြောကြားသည်။

အဆိုပါစာချုပ်သည် လေယာဉ်ပျံသန်းမှုဆိုင်ရာ ဘောဇွန်းအခွန်အပေါ် အီးယူနှင့် ပြင်ပနိုင်ငံများအကြား သဘောထားကွဲလွဲခဲ့ရာမှ ပြန်လည်စာချုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ယင်းအခက်အခဲကို တရုတ်သမ္မတ ရှီကျင့်ဖျင် ပြင်သစ်သို့ တရားဝင်အလည်အပတ်ခရီး သွားရောက်လည်ပတ်ခဲ့စဉ်အတွင်း ချမှတ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းမှာယူထားသော လေယာဉ်များတွင် အကြီးစားလေယာဉ် အေ-၃၃၀ နှင့် အငယ်စား အေ-၃၂၀ လေယာဉ်များ ဖြစ်သည်။ တရုတ်နိုင်ငံက ၂၀၂၅ ခုနှစ်တိုင်အောင် တီယန်ကျင်းမြို့မြောက်ပိုင်း၌ လေယာဉ်တည်ဆောက်မှု အဆောက်အအုံများခွင့်ပြုရန် ၁၀ နှစ်ကြာသဘောတူစာချုပ်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးလိုက်သည်။

စောစောပိုင်းတွင် အဲဘတ်စ်က လာမည့်အနှစ် ၂၀ အတွင်း တရုတ်နိုင်ငံသို့ လေယာဉ်တည်ဆောက်ရေး ပညာရှင်နှင့် ကျွမ်းကျင်ပညာရှင်ဦးရေ ၁၀၀၀ ထောက်ပံ့ပေးရန် သဘောတူညီချက်ကို ကြေညာခဲ့သည်။

(ဘီဘီစီ)

၄၆ နှစ်ကြာ ထောင်ဒဏ်ချခံရပြီးနောက် ဂျပန်အမျိုးသားတစ်ဦး အမှုပြန်လည်စစ်ဆေး

အိုဆာကာ မတ် ၂၇

ကြိုးမိန့်ကျပြီး ဆယ်စုနှစ်လေးခုကျော်ကြာ ထောင်ချခံခဲ့ရသူ အမျိုးသားတစ်ဦးကို ဂျပန်တရားရုံးက ပြန်လည်စစ်ဆေးမှုပြုလုပ်မည်ဖြစ်သည်။ ဟာကာမာဒါသည် ၁၉၆၈ ခုနှစ်က ၎င်း၏သူဌေးနှင့် မိသားစုကိုသတ်သည့် အမှုဖြင့် သေဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

အသက် ၇၈ နှစ်အရွယ် ဟာကာမာဒါသည် ရက် ၂၀ ကြာ စစ်ဆေးခံနေရချိန်တွင် အရိုက်ခံခဲ့ရပြီး ဖြောင့်ချက်ပေးခဲ့ခြင်းဖြစ်သည်။ ၎င်းနောက် တရားရုံးတွင်လည်း ဖြောင့်ချက်ပေးခဲ့သည်။ ဂျပန်ရဲအရာရှိများသည် ၎င်းဖြောင့်ချက်ဖြင့် တရားစွဲဆိုမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သော်လည်း ဝေဖန်ရေးသမားများက ၎င်းတို့၏ ဖိအားပေးမှုများကြောင့် ယခုကဲ့သို့ ဖြောင့်ချက်ရရှိခဲ့ခြင်းဖြစ်သည်ဟု ပြောခဲ့သည်။

ဖော်ပြချက်တစ်ခုတွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ဟာကာမာဒါသည် ကြိုးမိန့်ချခံရသူတွင် ထောင်ကျသက်တမ်းအရှည်ဆုံးဖြစ်သည်ဟု ဖော်ပြခဲ့သည်။

၎င်းသည် ဖိအားပေး ဖြောင့်ချက်များအပေါ် အခြေခံ၍ ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်ပြီး ဒီအင်န်အေ အထောက်အထားများနှင့် ပတ်သက်သည့် မေးခွန်းများကို ဖြေကြားခဲ့ခြင်း မရှိကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ဒါရိုက်တာက ပြောခဲ့သည်။

ဟာကာမာဒါ၏ အစ်မဖြစ်သူ အသက် ၈၁ နှစ်အရွယ် ဟီဒီကိုသည် ပြန်လည်စစ်ဆေးမှုအတွက် နှစ်များစွာကြာ အတိုက်အခံပြုလုပ်ခဲ့သည်။

(ဘီဘီစီ)

အိုဘားမား၏ ရောမခရီးစဉ်အတွင်း ပုပ်ရဟန်းမင်းကြီးနှင့်တွေ့ဆုံမည်

ရောမ မတ် ၂၇

အမေရိကန်သမ္မတဘားရက်အိုဘားမားသည် ယူကရိန်းနိုင်ငံတွင်း ပြဿနာများကြောင့် သွားရောက်သည့် ဥရောပခရီးစဉ်၏ တတိယနေရာတစ်ထောက်အဖြစ် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် ပထမဆုံးအကြိမ် တွေ့ဆုံမည်ဟု သိရသည်။

သမ္မတအိုဘားမားသည် နယ်သာလန်နှင့် ဘရပ်ဆဲလ်တို့တွင် ဥရောပ ခေါင်းဆောင်များနှင့် သုံးရက်ကြာတွေ့ဆုံဆွေးနွေးမှုအပြီး ယခုကဲ့သို့ ခရီးဆက်ခဲ့ခြင်းဖြစ်သည်။

လတ်တလောတွင် ယူကရိန်းလက်ထဲမှ ခရိုင်းမီးယားဒေသကို ရုရှားတို့ သိမ်းယူလိုက်သောဖြစ်ရပ်သည် အခြေအနေတင်းမာနေဆဲဖြစ်သည်။

ပြီးခဲ့သည့် မတ် ၂၆ ရက်က ပြုလုပ်ခဲ့သည့် အမေရိကန်နှင့် ဥရောပနိုင်ငံများတွေ့ဆုံဆွေးနွေးပွဲတွင် မော်စကိုအား ထိရောက်ပြင်းထန်သော အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန် စိတ်တူကိုယ်တူရှိထားသည်ဟု အိုဘားမားက ဆိုသည်။ ရုရှားလိုလားသူတပ်ဖွဲ့များက ယခုလအစောပိုင်းတွင် ခရိုင်းမီးယားကျွန်းဆွယ်ကို သိမ်းယူထားခဲ့ပြီးဖြစ်သည်။

အမေရိကန်နိုင်ငံ၏ ဒုတိယအမျိုးသားလုံခြုံရေးအကြံပေးဖြစ်သူက ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က သမ္မတအိုဘားမားအား စည်းရုံးလှုံ့ဆော်မှုများရှိခဲ့ကြောင်းနှင့် ယခုခရီးစဉ်က ကမ္ဘာတစ်ဝန်းလူများစွာတို့အား တွန်းအားပေးခြင်းဖြစ်ကြောင်း ဆိုသည်။

မစ္စတာအိုဘားမားအနေဖြင့် ပုပ်ရဟန်းခေါင်းဆောင်အပေါ် ၎င်းတို့၏ လေးစားတန်ဖိုးထားမှုကို ဖော်ပြရန် ရည်ရွယ်ပါကြောင်း ၎င်းက ထပ်လောင်းပြောဆိုသည်။

(ဘီဘီစီ)

အီဂျစ်သမ္မတ ရွေးကောက်ပွဲဝင်ရောက်ရန် စစ်ဘက်အကြီးအကဲရာထူးမှ ဗိုလ်ချုပ်ကြီးစီစီနုတ်ထွက်

ကိုင်ရို မတ် ၂၇

ဖီးလ်မာရှယ်အဘူဒေါလ်ဖာတစ်အက်လ်စီစီသည် အီဂျစ်နိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ၎င်း၏ စစ်ဘက်အကြီးအကဲနေရာမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း မတ် ၂၆ ရက်က ကြေညာလိုက်သည်။

အဆိုပါကြေညာချက် ထုတ်ပြန်စဉ် ပြည်တွင်းရုပ်သံတွင် ဗိုလ်ချုပ်ကြီးစီစီက “ကျွန်တော် ဒီယူနီဖောင်းဝတ်ထားတာ ဒါနောက်ဆုံးပါ” ဟု ပြောကြားသွားခဲ့သည်။

ဗိုလ်ချုပ်ကြီးစီစီသည် ပြီးခဲ့သည့် ဇူလိုင်လက လူထုအုံကြွ ဆန္ဒကျင်ဆန္ဒပြမှုများအပြီး အစ္စလာမ့်စ် သမ္မတ မိုဟာမက်မော်စီအား သမ္မတရာထူးမှ ဖြုတ်ချဖယ်ရှားခဲ့သူ ဖြစ်သည်။

ဗိုလ်ချုပ်ကြီးစီစီအနေဖြင့် သမ္မတရွေးကောက်ပွဲ အနိုင်ရဖွယ်ရှိကြောင်း၊ သူသည် လူကြိုက်များ ရေပန်းစားနေလျက်ရှိကြောင်းနှင့် ၎င်းတွင် ကြီးကြီးမားမား ယှဉ်ပြိုင်ဘက်မရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း သတင်းထောက်များက ဆိုသည်။

၎င်းအား ထောက်ခံသူများက အသက် ၅၉ နှစ် အရွယ်ရှိ စစ်ဘက်အကြီးအကဲ ဗိုလ်ချုပ်ကြီးစီစီသည် မူဘာရက်၏ နှစ် ၃၀ ကြာ တစ်သွေးတစ်သံတစ်မိန့်အာဏာအား အဆုံးသတ်စေရေး ထကြွပုန်ကန်မှုဖြစ်ချိန် ၂၀၁၁ ခုနှစ်ကတည်းက စခဲ့သည့် အီဂျစ်နိုင်ငံ၏ ဝရုန်းသုန်းကား နိုင်ငံရေးအခြေအနေကို အဆုံးသတ်ပေးနိုင်သူ ကယ်တင်ရှင်အဖြစ် တင်စားကြသည်။

သို့သော် သူ၏ပြိုင်ဘက်များကမူ အာဏာ ပြန်လည်ရပ်တည်နိုင်ရေးအတွက် မျက်ရည်ပေါက်ကြီးငယ်ကျစေသူ၊ အာဏာအလွဲသုံးစားပြုသူဟု လူ့အခွင့်အရေးအုပ်စု၏ စွပ်စွဲချက်များအတွက် ဗိုလ်ချုပ်ကြီးစီစီတွင် တာဝန်အပြည့်ရှိသည်ဟု ဆိုသည်။

အီဂျစ်အာဏာပိုင်များက မော်စီထောက်ခံသူ အစ္စလာမ့်စ်အုပ်စု ၅၂၈ ဦးတို့အား သေဒဏ်ချမှတ်ခဲ့ပြီး ၉၁၉ ဦးတို့အား တရားစွဲရန် အမိန့်ထုတ်ခဲ့ပြီး ရက်ပိုင်းမျှအကြာ ယခုကဲ့သို့ ဗိုလ်ချုပ်ကြီးစီစီ၏ ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းလည်း ဖြစ်သည်။

(ဘီဘီစီ)

သြစတြေးလျ၌ မိကျောင်းဖမ်းဆီးရေးပိတ်ပင်

ဆစ်ဒနီ မတ် ၂၇

သြစတြေးလျအစိုးရက နိုင်ငံမြောက်ပိုင်း မိကျောင်းရှာဖွေရေး အငြင်းပွားဖွယ်အစီအစဉ်ကို ခွင့်ပြုရန် ငြင်းဆိုလိုက်သည်။

မိကျောင်းရှာဖွေရေးသည် အမဲလိုက်ခြင်းဖြစ်၍ ခွင့်မပြုနိုင်ကြောင်း အစိုးရက ပြောသည်။ ဒေသဆိုင်ရာ အစိုးရက မိကျောင်းများဖမ်းဆီးရေး ခွင့်ပြုထားခြင်းမှာ နှစ်စဉ် အဆိုပါဒေသ၌ လက်ရှိမိကျောင်းအကောင် ၅၀၀ အမဲလိုက် သတ်ဖြတ်ခံနေရကြောင်း သြစတြေးလျ ပတ်ဝန်းကျင်ရေးရာဝန်ကြီး ဂရက်ဟန့်က ပြောသည်။

ရေငန် မိကျောင်းများသည် အရှည် ၂၃ ပေအထိ ကြီးထွားနိုင်ပြီး အလေးချိန် တစ်တန်ကျော် ရှိနိုင်သည်။ သြစတြေးလျနိုင်ငံ၌ ၁၉၇၁ ခုနှစ်မှစပြီး မိကျောင်းကို မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် မျိုးစိတ်အဖြစ် ကြေညာခဲ့သဖြင့် မိကျောင်းအရေအတွက် တိုးလာသည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

(၆၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသောစစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မတ် ၂၇

၂၀၁၄ ခုနှစ် (၆၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ စုရပ်သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး သရေစည်သူ လှဌေးဝင်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသရေစည်သူလှဌေးဝင်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မျိုးဇော်သိမ်းနှင့်စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ထို့နောက်(၆၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံ့ချီ ရာပြည့်က စစ်ရေးပြဂုဏ်ပြုဆုရရှိကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုတပ်ဖွဲ့၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံးကိုယ်စားပြုတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြုတပ်ဖွဲ့၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုတပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုယ်စားပြုစစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့အားလည်းကောင်း၊ အလံကိုင်အဖွဲ့အကောင်းဆုံးဆုရရှိသော ကျန်စစ်သားစစ်ကြောင်း ကိုယ်စားပြုအလံကိုင်အဖွဲ့အား လည်းကောင်း၊ စစ်တီးဝိုင်းအဖွဲ့အကောင်းဆုံးဆုရရှိသော အောင်ဇေယျစစ်ကြောင်း ကိုယ်စားပြုစစ်တီးဝိုင်းအဖွဲ့တို့အားလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံ့ချီခင်ဇော်ဦးက စစ်ချီသီချင်းအကောင်းဆုံးဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုတပ်ခွဲအား ဆုပေးအပ်စဉ်။ (မြဝတီ)

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး သရေစည်သူ လှဌေးဝင်းက စံပြတပ်ခွဲ ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲအား ဆုပေးအပ်စဉ်။ (မြဝတီ)

ဆက်လက်၍ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံ့ချီခင်ဇော်ဦးက အကောင်းဆုံးစခန်းတတိယဆုရရှိသော အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ချီသီချင်းအကောင်းဆုံး တတိယဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်စည်းကမ်းအကောင်းဆုံးတတိယဆုရရှိသော အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ရေးပြအကောင်းဆုံး တတိယဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ အကောင်းဆုံးစခန်းဒုတိယဆုရရှိသော စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ချီသီချင်းအကောင်းဆုံးဒုတိယဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်စည်းကမ်းအကောင်းဆုံးဒုတိယဆုရရှိသော ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသော ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး သရေစည်သူလှဌေးဝင်းက အကောင်းဆုံးစခန်းပထမဆုရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ချီသီချင်းအကောင်းဆုံး ပထမဆုရရှိသောကာကွယ်ရေးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၁)အားလည်းကောင်း၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသော စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စစ်ရေးပြအကောင်းဆုံးပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)အားလည်းကောင်း၊ စံပြတပ်ခွဲ တတိယဆုရရှိသော ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြုစစ်ရေးပြတပ်ခွဲအားလည်းကောင်း၊ စံပြတပ်ခွဲဒုတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြုစစ်ရေးပြဂုဏ်ပြုတပ်ခွဲအားလည်းကောင်း၊ စံပြတပ်ခွဲပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်ရေးပြဂုဏ်ပြုတပ်ခွဲအားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသရေစည်သူ လှဌေးဝင်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မျိုးဇော်သိမ်းနှင့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံ့ချီ ရာပြည့်က စစ်ရေးပြဂုဏ်ပြုဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုတပ်ခွဲအား ဆုပေးအပ်စဉ်။ (မြဝတီ)

ဌာနဆိုင်ရာဝန်ထမ်းများအားလုံးအနေဖြင့် အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်သွားရန်လို

နေပြည်တော် မတ် ၂၇

ဥပဒေနှင့်အညီ လွတ်လပ်စွာ ကုန်သွယ်ခွင့်ပြုနေသည့်အချိန်တွင် ကုန်စည်စီးဆင်းမှုကို အဟန့်အတားဖြစ်စေမည့် အပြုအမူများကို မပြုလုပ်ကြရန်နှင့် တာဝန်နှင့် လူမှုရေးရောယှက်လာပါက လာဘ်ပေး၊ လာဘ်ယူမှုများ ဖြစ်ပေါ်လာနိုင်ကြောင်းဖြင့် မတ် ၂၃ ရက် နံနက်ပိုင်းက မူဆယ်မြို့ ကုန်သည်များအသင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တွေ့ဆုံရာတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ပြောကြားခဲ့သည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးကျော်အုန်းနှင့် မူဆယ်ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက မူဆယ်မြို့နယ် ကူးသန်းရောင်းဝယ်မှုသည် မြဝတီနှင့်အပြိုင် ဆောင်ရွက်နေပြီး နိုင်ငံ့ဝန်ထမ်းများပီပီ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးကိစ္စများ ဝန်ဆောင်မှုပေးရာတွင် အဆင့်များပြား၍ ကြန့်ကြာမှုမရှိစေဘဲ **“တိတိကျကျ၊ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်လုပ်”** ဟူသော ဆောင်ပုဒ်အတိုင်း One Stop Service ဖြင့် အမြန်ဆုံး အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ အားလုံးအနေဖြင့် အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်မှ ဖွဲ့စည်းထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် လွတ်လပ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ဝန်ထမ်းများ၏ အဂတိလိုက်စားမှုများကို အချိန်ပြည့်စောင့်ကြည့်၍ အဂတိလိုက်စားမှု ပပျောက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖြည့်စွက်ပြောကြား

ထို့ပြင် ဒေသအတွင်း စီးပွားရေးလုပ်ငန်းများနှင့် တစ်ပိုင်တစ်နိုင် ဆောင်ရွက်လုပ်ကိုင်နေကြသည့် လုပ်ငန်းများကိုလည်း စနစ်တကျဖြစ်စေရေးနှင့် စည်းကမ်းနှင့်ဥပဒေကို တိကျစွာလိုက်နာလာစေရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားကြရန်၊ လူမှုရေးနှင့် တာဝန်ကို ခွဲခြားဆောင်ရွက်ရန်၊ **အားနာ၍လုပ်ငန်းများတွင် အားနည်းသည့်ဖြစ်စဉ်များ မဖြစ်ပွားစေရန်** ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြို့နယ်စာကြည့်တိုက်အတွက် စာအုပ်စာပေနှင့် တောင်ပေါ်ကျေးရွာ(၅)ရွာအတွက် Sky Net DTH ရုပ်သံဖမ်းစက်များကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နမ့်ခမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ နမ့်ခမ်းဒေသရှိ သစ်တောဖုံးလွှမ်းဧရိယာပြုန်းတီးလျော့ပါးမှု မရှိစေရေးအတွက် သစ်တောကြိုးဝိုင်းအတွင်းမှ သစ်များတရားမဝင်ခုတ်လှဲနေမှုများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ပြည်သူများက ဝိုင်းဝန်းတားဆီးသွားကြရန်၊ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝရေမခန်းခြောက်စေရန် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများကို မြေစာရင်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့်ပေါင်းစပ်၍ တိုးချဲ့သတ်မှတ်ရန်နှင့် သစ်တောများကို စနစ်တကျထိန်းသိမ်းရန်၊ သစ်တောသစ်ပင်များ အစားထိုးစိုက်ပျိုးသွားရန်၊ သစ်တောသစ်ပင်ထိန်းသိမ်းရေးအတွက် လူထုအသိပညာပေး ဆိုင်းဘုတ်များ စိုက်ထူသွားရန်၊ စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် တောင်သူများအား မပြီးပြတ်သေးသည့် လယ်ယာမြေပိုင်ဆိုင်မှု မှတ်ပုံတင်စာအုပ်များကို စီမံချက်ဖြင့် အမြန်စိစစ်ထုတ်ပေးသွားရန်၊ **မိမိနှင့်မိမိတို့ဌာန၏ သမိုင်းတွင်သော ကောင်းမွန်သည့် လုပ်ဆောင်ချက်များ ချန်ထားခဲ့ရန်** ပြောကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံ့တာဝန်
ကျေပွန်အောင်
ကျသင့်အခွန်
မှန်မှန်ဆောင်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာလာစေမည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်

ဒေါက်တာသာစိန်

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် နက်ရှိုင်းသည့် သမိုင်းဝင်ဆက်ဆံမှုရှိခဲ့သော နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံကြား သမိုင်းနှင့် ယဉ်ကျေးမှုကူးလူးဆက်ဆံမှုများ နှစ်ပေါင်းကြာရှည်စွာ လေးလေးနက်နက်ပြုလုပ်လာခဲ့ကြသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ ရှေးအစဉ်အဆက်ရှိခဲ့သည့် နှစ်နိုင်ငံကြား သံယောဇဉ်ပိုမိုခိုင်မာရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များ၊ အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်လည်ပတ်မှု ပိုမိုလုပ်ဆောင်လာကြသည်။ ယင်းအချက်များကပင် နှစ်နိုင်ငံကြားယုံကြည်မှုကို ပိုမိုခိုင်မာလာစေပြီး နောက်ပိုင်း၌ ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်သည့် အခြေခံများပင်ဖြစ်သည်။

ယခုနှစ်သည် ဂျပန်-မြန်မာ သံတမန်ဆက်ဆံရေးနှစ် (၆၀)ပြည့်မြောက်နှစ်ဖြစ်ပြီး ယင်းနှစ်နောက်ပိုင်းတွင် နှစ်နိုင်ငံကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုအထူးတလည်ကျယ်ပြန့်လာသည်ကို တွေ့ရသည်။ နှစ်နိုင်ငံကြား နှစ်ပေါင်းကြာရှည်စွာ ကူးလူးဆက်ဆံလာခဲ့သည့် သမိုင်းဝင်ဆက်ဆံရေးသည် ၂၀၁၁ ခုနှစ် အစိုးရသစ်တက်လာပြီးနောက်ပိုင်း ၂၀၁၃ ခုနှစ် မေလ၌ ဂျပန်ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး၏ မြန်မာနိုင်ငံသို့ အလည်အပတ်ခရီးစဉ် ဒီဇင်ဘာလ၌ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏ ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်များမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးအရှိန်အဟုန်မြင့် တိုးတက်လာခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးအနေဖြင့် ၃၆ နှစ်တာကာလအတွင်း မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် လာရောက်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ခရီးစဉ်အတွင်း မြန်မာနိုင်ငံအား ချေးငွေအဖြစ် ယန်းငွေ ၅၁ ဘီလီယံနှင့် ထောက်ပံ့ကြေး (ဂရင့်တ်)အဖြစ် ယန်းငွေ ၄၀ ဘီလီယံ စုစုပေါင်း ယန်း ၉၁ ဘီလီယံအထိ တိုးမြှင့်ပေးအပ်ကူညီရေးဖွင့်ဟပြောကြားသည်။ ထို့အတူ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံရာ၌လည်း အကောင်အထည်ဖော်မည့်စီမံကိန်းအသစ်လေးခုအတွက် ODA ချေးငွေအဖြစ် စုစုပေါင်း ယန်းငွေ ၆၃.၂ ဘီလီယံပေးအပ်ရေးဆုံးဖြတ်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံက တင်ရှိခဲ့သော ကြွေးမြီ ယန်းငွေ ၅၀၂.၅ ဘီလီယံအပေါ် ဖြေလျှော့ကိုင်တွယ်ရေး နည်းလမ်းကို ၂၀၁၂ ခုနှစ် ဧပြီလက ထုတ်ပြန်ကြေညာပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီနှင့် မေလများက ကြွေးမြီဖြေလျှော့ရေးကို လုပ်ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိသော နယ်ပယ်စုံပြုပြင်ပြောင်းလဲမှုများအတွက် ဂျပန်အစိုးရက မြန်မာအစိုးရနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်ဖြစ်သည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတွင် အဓိကကဏ္ဍများဖြစ်သော လယ်ယာနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးအပါအဝင် ပြည်သူလူထု၏ လူနေမှုဘဝမြှင့်တင်ရေး၊ ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းမြှင့်တင်ရေးအပါအဝင် လူ့စွမ်းဆောင်ရည်မြှင့်တင်ရေး၊ စီးပွားရေးနှင့် လူမှုအသိုက်အဝန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်စတီကျူးရှင်းများ ဖော်ဆောင်ရေးနှင့် စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးများ ဖြစ်သည်။

ပြည်သူများ လူနေမှုဘဝမြှင့်မားလာရေးနှင့် စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုအပေါ် တည်မှီလျက်ရှိရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အစိုးရက ယန်းငွေ ၁.၉၄၅ ဘီလီယံကုန်ကျမည့် ကယားပြည်နယ် လွိုင်ကော်ဆေးရုံကြီး အဆင့်မြှင့်တင်ရေး၊ ယန်းငွေ ၄ ဘီလီယံကုန်ကျမည့် ရန်ကုန်ဘူတာကြီးမှ ပြွန်တန်ဆာမြို့ဘူတာအထိ ရထားထောက်လှမ်းစောင့်ကြည့်ရေး စနစ်တပ်ဆင်ရေး၊ ရန်ကုန်ဘူတာကြီးမှ ပုဇွန်တောင်ဘူတာအထိ အီလက်ထရွန်နစ် အင်တာလော့ကင်းစနစ်နှင့် တိုးကြောင်ကလေးဘူတာနှင့် ရွာသာကြီးဘူတာအကြား ရထားဖြတ်သန်းရေးဆိုင်ရာ အော်တိုမစ်တစ်သတိပေးပစ္စည်းများ တပ်ဆင်ရေးနှင့် ယန်းငွေ သန်း ၂၃၀ ကုန်ကျမည့် နွမ်းပါးသောလယ်သမားများအတွက် စားနပ်ရိက္ခာဖူလုံရေးတို့အတွက် အကူအညီပေးအပ်သွားမည်ဟု သိရသည်။

ယင်းစီမံကိန်းအရ နွမ်းပါးသော လယ်သမားများအတွက် နေပြည်တော်၊ ပဲခူး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများရှိ ထွန်စက်စခန်းများသို့ ထွန်စက်အပါအဝင် လယ်ယာသုံးပစ္စည်းများ ဖြစ်ထွန်းရေးကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်သည်။ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် ထိုဒေသများရှိ လယ်ယာထွက်ကုန်များ ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ပြီး လယ်သမားများ၏ ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း တည်ဆောက်ရေးတွင် ဂျပန်-မြန်မာ ကနဦးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများ တွေ့ဆုံဆွေးနွေးမှု မူဘောင်ကို တည်ထောင်ခဲ့ပြီး ယင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်

ထို့အတူ တိုင်းရင်းသားများဒေသတွင် အကူအညီပေးမည့်အစီအစဉ် (၃) ရပ် ချမှတ်ထားသည်။ ယင်းတို့မှာ ရခိုင်၊ ကချင်နှင့် မြောက်ပိုင်းရှမ်းပြည်နယ်တို့တွင် ယန်းငွေ ၁ ဘီလီယံကုန်ကျမည့် အရေးပေါ်စားနပ်ရိက္ခာအကူအညီပံ့ပိုးရေးဖြစ်သည်။ ဂျပန်အစိုးရက WFD နှင့် ပူးပေါင်းဆောင်ရွက်ပြီး တိုင်းရင်းသားများနေထိုင်သော ဖော်ပြပါဒေသများရှိ ပဋိပက္ခကြောင့် ပြောင်းရွှေ့ခံရသူအတွက် အစားအသောက်ဆိုင်ရာ အကူအညီပေးအပ်မည်ဖြစ်သည်။ ယင်းအစီအစဉ်ဖြင့် ပြောင်းရွှေ့ခံရသူများ၏ အာဟာရလိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ရခိုင်နှင့် ကချင်ပြည်နယ်တို့ရှိ ပဋိပက္ခကြောင့် ပြောင်းရွှေ့ခံရသူများနှင့် ၎င်းတို့၏ကလေးများအတွက် ယန်းငွေ သန်း ၃၀၀ ကုန်ကျမည့် ဆေးဝါးနှင့်အာဟာရဖြည့်တင်းရေးနှင့် ရေနှင့်သန့်ရှင်းရေးဆိုင်ရာလိုအပ်ချက်များ တည်ဆောက်ပေးခြင်းများလည်း ပါဝင်သည်။ ယင်းအစီအစဉ်ကို UNICEF နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ပြောင်းရွှေ့ခံရသူများ၏ ကလေးများအတွက် ရေနှင့် သန့်ရှင်းသော ပတ်ဝန်းကျင်တစ်ရပ်ဖန်တီးနိုင်မည့်အပြင် အာဟာရအတွက်လည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကချင်၊ ရခိုင်၊ မြောက်ပိုင်းရှမ်းပြည်နယ်များနှင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ပြောင်းရွှေ့ခံရသူများအတွက် ယန်းငွေသန်း ၃၀၀ ကုန်ကျမည့်အကူအညီပေးအပ်ရေးအစီအစဉ်လည်း အကောင်အထည်ဖော်မည်ဖြစ်သည်။ ယင်းအစီအစဉ်ကို UNHCR နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ပြောင်းရွှေ့ခံရသူများအတွက် အခြေခံအဆောက်အအုံနှင့် နေရာထိုင်ခင်းဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ တိုင်းရင်းသားလူမျိုးများနေထိုင်သော ဖော်ပြပါဒေသများရှိ ဒုက္ခသည်စခန်းများ လည်ပတ်ညှိနှိုင်းရေးဆိုင်ရာ လမ်းညွှန်ချက်ပေးခြင်းဖြစ်သည်။ ယင်းအစီအစဉ်ကို အကောင်အထည်ဖော်ခြင်းဖြင့် ပြောင်းရွှေ့ခံရသူများ၏ နေထိုင်မှုအခြေအနေတိုးတက်လာမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ယမန်နှစ်ကတည်းက သီလဝါအထူးစီးပွားရေးဇုန်တည်ဆောက်ရေးလုပ်ငန်း၌ အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများကို အစွမ်းကုန်အားပေးကူညီလျက်ရှိသည်။ ထို့ပြင် ယမန်နှစ်က မြန်မာနိုင်ငံတွင် နှစ်နိုင်ငံအကြား လွတ်လပ်သောရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပထမဦးဆုံးလက်မှတ်ရေးထိုးခဲ့သည့်အပြင် လေကြောင်းဆိုင်ရာ သဘောတူစာချုပ်ကိုပါ ပြင်ဆင်နိုင်ခဲ့သည်။ ထို့ကြောင့် နှစ်နိုင်ငံလေကြောင်းလိုင်း တိုးချဲ့ရေးလုပ်ဆောင်ခဲ့ကြသည့်အပြင် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်း တည်ဆောက်ရေးတွင် ဂျပန်-မြန်မာ ကနဦးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများ တွေ့ဆုံဆွေးနွေးမှု မူဘောင်ကို တည်ထောင်ခဲ့ပြီး ယင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံရှိ ဂျပန်ကုမ္ပဏီများ၏ အရေအတွက်မှာ ၂၀၁၂ ခုနှစ်တွင် ၇၀ သာ ရှိရာမှ ၂၀၁၄ ခုနှစ်တွင် ၁၄၁ အထိ တိုးတက်မြင့်မားလာခဲ့ခြင်းဖြစ်သည်။

ယခုတစ်ဖန် နိုင်ငံရေးနှင့် လုံခြုံရေးပြဿနာများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အကူအညီပေးအပ်ရေး၊ စီးပွားရေး၊ ဆက်ဆံရေးမြှင့်တင်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး ရည်မှန်းချက်များဖြင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမီရို ကီရှိဒါသည် မြန်မာနိုင်ငံသို့ မတ် ၂၃ ရက်က လာရောက်လည်ပတ်ခဲ့သည်။ ၎င်း၏ လေးရက်ကြာခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ နှစ်နိုင်ငံသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခြင်းများ ပြုလုပ်ခဲ့သည်။

၂၀၁၄ ခုနှစ်သည် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့်နှစ်ဖြစ်သလို ဂျပန်-မြန်မာသံတမန် ဆက်ဆံရေး နှစ် (၆၀)ပြည့်နှစ်လည်း ဖြစ်သည်။ ယင်းကဲ့သို့ သမိုင်းမှတ်တိုင်အတွက် အရေးပါသည့်နှစ်တွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မှုအပါအဝင် ဂျပန်-မြန်မာနှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်စေနိုင်သည့် ဖော်ပြပါ ဂျပန်နိုင်ငံ၏ ပံ့ပိုးမှုများကြောင့် ဂျပန်-မြန်မာဆက်ဆံရေးသည် ကဏ္ဍအမြောက်အမြား၌ တည်တံ့ခိုင်မြဲသွားမည်ဟု အခိုင်အမာယုံကြည်မိပါသည်။ ။

သင်္ကြန်မတိုင်မီ ဆန်ဈေးအေး အတာပြီးပါက ဆန်ဈေးတက်လာနိုင်

ရန်ကုန် မတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ပွဲရုံသို့ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမှ ဆန်များအဝင်များလျက်ရှိပြီး သင်္ကြန်ကာလတွင် အရောင်းအဝယ်ခေတ္တပိတ်သော အချိန်ဖြစ်သည်။ ဈေးနှုန်းအတက်၊ အကျသည် သင်္ကြန်မတိုင်မီတွင် ဖြစ်ပေါ်လေ့ရှိသောကြောင့် ယနေ့ထိ ဆန်ဈေးတည်ငြိမ်လျက်ရှိရာ ဝယ်လိုအားများသော သင်္ကြန်ကာလအပြီးတွင် ဈေးတက်လာနိုင်ကြောင်း သိရသည်။

နှေဆန်အကြမ်းသည် တစ်အိတ်လျှင် ၁၅၅၀၀၊ ဆန်အချော ၁၈၀၀၀ မှ ၂၅၅၀၀ ဈေးရှိခဲ့ပြီး ရွှေဘိုပေါ်ဆန်းမွှေးသည် ၃၄၀၀၀ ဈေးရှိကာ ယမန်နှစ်က ၃၆၀၀၀ ဈေးရှိကြောင်း၊ မည်သည့်ဒေသမဆို နှံစပါးကို ထွက်နှုန်းကောင်းသောကြောင့် စိုက်ပျိုးမှုများ၍ မိုးရာသီတွင်လည်း ပွဲရုံသို့ဆန်အဝင်အထွက် မျှတလျက်ရှိနေကြောင်း၊ ပုသိမ်ပေါ်ဆန်းမွှေးနှင့်ရွှေဘိုပေါ်ဆန်းမွှေးသည် ပုံမှန်ဈေးအတိုင်းသာရှိနေပြီး ကမ္ဘာ့နိုင်ငံအချို့မှ မြန်မာ့ပေါ်ဆန်းမွှေးကို စိတ်ဝင်စားလျက်ရှိ၍ ထုတ်လုပ်မှုနည်းပညာတိုးတက်ပါက ကမ္ဘာ့ဆန်ဈေးကွက်တွင် မျက်နှာပန်းလှမည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ကမ္ဘာ့ဆန်တင်ပို့မှုတွင် အရည်အသွေးကောင်းမွန်မှုသည် ပဓာနကျသောကြောင့် နည်းပညာပိုင်းနှင့်အတူ တောင်သူ၊ အစိုးရနှင့်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကောင်းမှသာ ဆန်စပါးထွက်ရှိမှုသည် တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ဆန်စပါးကုန်သည်များအသင်း မရမ်းကုန်းမြို့နယ်မှ အသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က ပြောကြားသည်။

ဘုရင့်နောင်ပွဲရုံမှ အညာဒေသသို့ ပေါ်ဆန်းမွှေး၊ ပေါ်ကျွဲနှင့်ဇီယာတို့ တင်ပို့မှုများပြီး ၂၅ ပြည်ဝင် ၁၀၈ ပေါင်ရှိသော ပေါ်ကျွဲတစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၊ ဧရာဝတီပေါ်ဆန်းမွှေးတစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀ ဈေးဖြင့် ပုံမှန်ဈေးအတိုင်းသာရောင်းဝယ်လျက်ရှိကာ ပြည်၊ ပဲခူးမှ ဆန်များလည်း အညာသို့တင်ပို့သည့်နည်းတူ ပွဲရုံသို့ဝင်ရောက်မှုရှိ၍ ယခုနှစ်သင်္ကြန်မတိုင်မီ ဆန်ဈေးအေးလျက် အတာပြီးလျှင် ဆန်ဈေးတက်လာနိုင်ကြောင်း ဘုရင့်နောင်ဆန်ပွဲရုံပိုင်ရှင်တစ်ဦးကလည်း ပြောကြားသည်။

သန်းထိုက်(လှိုင်သာယာ)

သင်္ကြန်ကာလ ရန်ကုန်မြို့၌ တစ်လမ်းမောင်းသတ်မှတ်မည်

ရန်ကုန် မတ် ၂၇

မဟာသင်္ကြန်ကာလဖြစ်သည့် ဧပြီ ၁၃ ရက်(အကြို)မှ ၁၆ရက်(အတက်) အထိ နံနက် ၆နာရီမှ ညနေ ၆ နာရီအတွင်း ရန်ကုန်မြို့ရှိ လမ်းအချို့နေရာများတွင် တစ်လမ်းမောင်းစနစ်ကျင့်သုံးသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါတစ်လမ်းမောင်းစနစ်ကျင့်သုံးသွားမည့်နေရာများ သတ်မှတ်ထားချက်အရ ဆရာစံလမ်းတွင် ကမ္ဘာအေးစေတီလမ်းဆုံ(ဟာမစ်တစ်)မှ စက်မှု(၁)လမ်းဆုံ(ရန်ကင်းစင်တာ)အထိ အနောက်မှအရှေ့သို့ တစ်လမ်းမောင်းစနစ်သတ်မှတ်မည်ဖြစ်ပြီးမဟာဗန္ဓုလလမ်းတွင် ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိကို သတ်မှတ်ထားချက်များအရ လမ်းပြောင်းပြန်လုပ်ပြောင်းလဲကာ အရှေ့မှအနောက်သို့ တစ်လမ်းမောင်းစနစ် သတ်မှတ်ထားမည်ဖြစ်သည်။ ထို့အပြင် ကန်တော်ကြီးပတ်လမ်းတွင် ဦးထောင်ဘိုအဝိုင်း၊ တိရစ္ဆာန်ဥယျာဉ်ဘက်မှ ကန်ရိပ်သာလမ်းသို့ အဝင်လမ်းသတ်မှတ်မည်ဖြစ်ပြီး ကန်ရိပ်သာလမ်းအတိုင်း လက်ဝဲရစ်မောင်းနှင်၍ ယင်းမှတစ်ဆင့် နတ်မောက်လမ်းအတိုင်း ကမ္ဘာအေးစေတီလမ်းဆုံသို့ အထွက်သတ်မှတ်ထားရှိမည်လည်းဖြစ်သည်။ ကန်တော်ကြီးပတ်လမ်းသို့ ချဉ်းကပ်လမ်းများအားလုံးညာကွေ့ပြီး လက်ဝဲရစ်သွားရမည်ဖြစ်ရာ ကန်တော်ကြီးပတ်လမ်းသို့ ဝင်ရောက်မည့်အထက်ပန်းဆိုးတန်းလမ်းမှယာဉ်များသည် ဒေါ်သိန်းတင်မီးပွိုင့်မှလည်းကောင်း၊ သိမ်ဖြူလမ်းမှယာဉ်များသည်သိမ်ဖြူငါးခွဆုံမှလည်းကောင်း လမ်းလွှဲအတိုင်းသွားရမည်လည်းဖြစ်သည်။

အဆိုပါကန်တော်ကြီးပတ်လမ်းတစ်လျှောက်တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ မော်တော်ယာဉ်များရပ်နားခြင်းမပြုကြရန်နှင့် မော်တော်ယာဉ်များသတ်မှတ်ထားသည့်လမ်းများမှ မောင်းနှင်နိုင်ရေးအတွက် အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ သတိပေးနှိုးဆော်ချက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုးဝင်း(SP)

ပြည်တွင်းသတင်း

၂၀၁၄ ခုနှစ် (၆၉) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (မြဝတီ)

■ *ရှေ့ဖုံးမှ*

သရေစည်သူလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင် ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီရိပျံ့ချီ ရာပြည့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လွှတ်တော်ရေးရာကော်မတီဥက္ကဌများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မီးသတ်ဦးစီးဌာနမှအရာရှိကြီးများ၊ ကြက်ခြေနီတပ်ဖွဲ့မှ အရာရှိကြီးများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်ကျောင်းဆရာများနှင့် ကျောင်းသားများ၊ နယ်ခြားစောင့်တပ်များ၊ ဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့များ၊ ပြည်တွင်းပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှသတင်းထောက်များ၊ အနုပညာရှင်များနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

နံနက် ၅ နာရီတွင် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြမည့် ယန္တရားတပ်ဖွဲ့များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် စစ်ရေးပြအခမ်းအနားသို့ စစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် မျိုးဇော်သိမ်းဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းကြီးများ စုရပ်စစ်ရေးပြကွင်းမှ တပ်မတော်နေ့အခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးဆီသို့ စတင်ချီတက်လာချိန်မှစ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)၏ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး ဒေါ်ဝေမာမာထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ဇနီး ဒေါ်အေးအေးသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးတို့က ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်မိသားစုများ၊ ဒေသခံမိဘပြည်သူများကလည်း စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများ စွပ်ကြသည်။

စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော်စစ်ရေးပြကွင်းကြီးဆီသို့ မရောက်ရှိမီ ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းကြီးအတွင်းရှိ သတ်မှတ်နေရာ၌ နေရာယူသည်။

(၆၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ချီတက်ရောက်ရှိလာသော စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မျိုးသန့်ဦးဆောင်သောကွပ်ကဲမှုယာဉ်တစ်စီး၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုကွပ်ကဲမှုယာဉ်တစ်စီး၊ အလတ်စားတင့် ငါးစီး၊ သံချပ်ကာကင်းထောက်ယာဉ် ၁၂ စီး၊ သံချပ်ကာတိုက်ယာဉ် ၁၂ စီး၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုကွပ်ကဲမှုယာဉ်တစ်စီး၊ ယာဉ်တင်အမြောက်ကြီး ခြောက်စီး၊ အတွဲလိုက်ပစ်ဒုံးယာဉ် သုံးစီး၊ ယာဉ်တွဲအမြောက် ကိုးစီး၊ ယာဉ်တွဲအမြောက် ကိုးစီး၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံးကိုယ်စားပြု ကွပ်ကဲမှုယာဉ်တစ်စီး၊ တာလတ်ပစ်ဒုံးယာဉ် ခြောက်စီး၊ လေယာဉ်ပစ် အမြောက်ယာဉ်ခြောက်စီး၊ ရေဒါယာဉ်သုံးစီးနှင့် တာတိုပစ်ဒုံးယာဉ် ၁၂ စီးတို့က ယန္တရားတပ်ဖွဲ့များ ကိုယ်စားပြုအောင်ဆန်းစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် မျိုးဇော်သိမ်းဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်းတို့ ချီတက်ကြသည်။

ထိုကဲ့သို့ စစ်ကြောင်းကြီး ငါးကြောင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၉၀၀၃ ဦးတို့သည် စုရပ်သစ်တပ်စစ်ရေးပြကွင်းမှစတင်၍ သတ်မှတ်အစီအစဉ်အတိုင်း စစ်ရေးပြကွင်းကြီးဆီသို့ စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကြပြီး ရောက်ရှိနေရာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးသို့ရောက်ရှိလာပြီး စစ်ရေးပြကွင်းကြီးအတွင်းရှိ အလေးပြုခံစင်မြင့်၌ နေရာယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ကြောင်းကြီးများက အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်သည် မော်တော်ယာဉ်ဖြင့် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။ *စာမျက်နှာ ၈ သို့*

၂၀၁၄ ခုနှစ် (၆၉) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများအား တွေ့ရစဉ်။ (မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၂၀၁၄ ခုနှစ် (၆၉) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ချီတက်လာသည့် စစ်ရေးပြစစ်ကြောင်းကြီးများအား ဂုဏ်ပြုပန်းကုံး စွပ်ကြိုဆိုစဉ်။ (မြဝတီ)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၂၀၁၄ ခုနှစ်(၆၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ချီတက်လာသည့် စစ်ရေးပြစစ်ကြောင်းကြီးများအား ဂုဏ်ပြုပန်းကုံး စွပ်ကြိုဆိုစဉ်။ (မြဝတီ)

ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ၏ဇနီး ဒေါ်မာမာဝေ ၂၀၁၄ ခုနှစ် (၆၉) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ချီတက်လာသည့် စစ်ရေးပြစစ်ကြောင်းကြီးများအား ဂုဏ်ပြုပန်းကုံးစွပ် ကြိုဆိုစဉ်။ (မြဝတီ)

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင် မော်တော်ယာဉ်ဖြင့် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးစဉ်။ (မြဝတီ)

စာမျက်နှာ ၇ မှ

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် ၁၈၂၆ ခုနှစ်တွင် ရခိုင်နှင့် တနင်္သာရီဒေသတို့ နယ်ချဲ့လက်အောက်သို့ကျရောက်ခဲ့ချိန်ကစ၍ ၁၈၈၆ ခုနှစ်တွင် တစ်နိုင်ငံလုံး ကိုလိုနီဖြစ်ခဲ့ရသည့် မိမိတို့နိုင်ငံကို လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံပြန်ဖြစ်ရန် နှစ်ပေါင်းများစွာ ပြန်လည်ကြိုးပမ်းခဲ့ရကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် မြန်မာမျိုးချစ်ခေါင်းဆောင်များသည် နယ်ချဲ့ကို တိုက်ထုတ်ရန် အမျိုးသားတပ်မတော်တစ်ရပ် ထူထောင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ခက်ခက်ခဲခဲကြိုးစားခဲ့ကြရကြောင်း၊ တပ်မတော်ကို စတင်သန္ဓေတည်ပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ရဲဘော်သုံးကျိပ်သည် တပ်မတော်ဖွဲ့ပြီး ဂျပန်များနှင့်အတူ နယ်ချဲ့ကို တိုက်ထုတ်နိုင်ခဲ့သော်လည်း ဖက်ဆစ်လက်အောက်တွင် ညှဉ်းပန်းနှိပ်စက်ခံနေရသည့် ပြည်သူလူထုကို ကယ်တင်ရန်အတွက် တပ်မတော်က ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးကြီးကို တိုင်းရင်းသားပြည်သူလူထုနှင့်အတူ လက်တွဲဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်က မိမိတို့တပ်မတော်ထဲတွင် တိုင်းပြည်ချစ်စိတ်ရှိသော တိုင်းရင်းသားလူငယ်ပေါင်းစုံပါဝင်တိုက်ခိုက်ခဲ့ကြကြောင်း၊ ထို့ကြောင့် မိမိတို့တပ်မတော်သည် မျိုးချစ်စိတ်အပေါ်အခြေခံပြီး လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပြည်သူကြားမှ ပေါက်ဖွားလာသည့် ပြည်ထောင်စုတပ်မတော်ဖြစ်သည်ဟု အခိုင်အမာပြောကြားလိုကြောင်း။

နယ်ချဲ့တို့ မြန်မာနိုင်ငံကို ကျွန်ပြုအုပ်ချုပ်ခဲ့ချိန်တွင် ၎င်းတို့ခေါ်လာသော လူမျိုးခြားများပြဿနာနှင့်သွေးနှောပြဿနာများကို ယနေ့တိုင် ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်ကြောင်း၊ ထို့အပြင် တောင်တန်းဒေသနှင့်ပြည်မ ခွဲခြားအုပ်ချုပ်ခဲ့သည့်အတွက် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်မှုများ၊ စည်းလုံးမှုများ၊ သဘာထားအမြင်များ ကွဲပြားခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော လွတ်လပ်ရေးကြိုးပမ်းမှုတွင် အဟန့်အတားဖြစ်ခဲ့ရသကဲ့သို့ ယနေ့ထက်တိုင်လည်း တိုင်းရင်းသားများအကြား ချစ်ကြည်စည်းလုံးမှုခိုင်မာရေးကို အလေးထားဆောင်ရွက်နေရဆဲဖြစ်ကြောင်း။

နယ်ချဲ့၏ သွေးခွဲခဲ့မှု၊ အယူဝါဒသဘောတရားရေးရာ ကွဲပြားမှုများကြောင့် လွတ်လပ်ရေးရပြီးစတွင် စတင်ပေါ်ပေါက်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို တပ်မတော်က အသက်ခန္ဓာအမြောက်အမြားပေးဆပ်ပြီး ကယ်တင်ခဲ့ရသကဲ့သို့ ပြည်ပတရုတ်ဖြူတပ်များ၏ ကျူးကျော်မှုများကိုလည်း တပ်မတော်ကပင် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် စစ်ဆင်ရေးကြီးများဆင်နွှဲပြီး တိုက်ထုတ်ခဲ့ရကြောင်း၊ ထိုကျူးကျော်မှု၏ဒဏ်ကြောင့် နိုင်ငံအရှေ့ပိုင်းတွင် ယနေ့အချိန်အထိ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် နောက်ဆက်တွဲ မူးယစ်ဆေးဝါးပြဿနာသည် အမွေဆိုးအဖြစ် ကျန်ရှိနေသေးသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ တရုတ်ဖြူကျူးကျော်မှုကို တိုက်ဖျက်ပြီးနောက် ပြည်တွင်းသောင်းကျန်းမှု ချုပ်ငြိမ်းရေးအတွက် နေရာဒေသတစ်ခုပြီးတစ်ခု မြန်မာ့တပ်မတော်က ဆောင်ရွက်ခဲ့သည့် စစ်ဆင်ရေးကြီးများ၊ မော်ကွန်းတင်တိုက်ပွဲကြီးများသည် သမိုင်းကြောင်းတွင် မှတ်တိုင်များ၊ မှတ်ကျောက်များအဖြစ် အထင်အရှားရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့်လိုက်နာ ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ အရေးကြီးဆုံးအချက်မှာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးပင်ဖြစ်။

နိုင်ငံတော်၏ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သကဲ့သို့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ဆုံးရှုံးမခံရရေးအတွက် အရေးကြီးသော အလှည့်အပြောင်းတိုင်းတွင် တပ်မတော်သည် နိုင်ငံတော်အတွက် မားမားမတ်မတ်ရပ်ပြီး ပါဝင်ဆောင်ရွက်ပေးခဲ့ရကြောင်း၊ ၁၉၄၉ ခုနှစ်၊ ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၈၈ ခုနှစ်တို့တွင် ဖြစ်ပေါ်ခဲ့သော အန္တရာယ်ကြီးမားလှသည့်အရေးကိစ္စများတွင် တပ်မတော်သည် နိုင်ငံတော်ကို မဖြစ်မနေကာကွယ်စောင့်ရှောက်ပေးခဲ့ရကြောင်း၊ ယနေ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ လျှောက်လှမ်းချီတက်နိုင်ရေးအတွက်လည်း အခြေခံအဆောက်အအုံများကို သေချာတည်ဆောက်ပြီး တည်ငြိမ်သော အသွင်ကူးပြောင်းမှုဖြစ်အောင် စနစ်တကျစီမံဆောင်ရွက်ပေးခဲ့သဖြင့် မြန်မာနိုင်ငံ၏ ပြောင်းလဲမှုပုံစံသည် ထူးခြားသော Model ပုံစံတစ်ခုအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုခံရသည်အထိ ရောက်ရှိခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် စည်းကမ်းတကျရှိသော ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် ခိုင်ခိုင်မာမာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်"အဖြစ် ဖော်ဆောင်ရာမှာ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"ဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် ခိုင်ခိုင်မာမာတည်ရှိနေရန်လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း "နိုင်ငံသားတိုင်းသည် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသည်"ဟု သတ်မှတ်ပြဋ္ဌာန်းထားကြောင်း၊ တိုင်းရင်းသားများစုပေါင်းနေထိုင်သည့် နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲလျှင် ပြည်ထောင်စုကြီးပြိုကွဲသွားမည်၊ တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာဖြစ်ပြီး သူတစ်ပါးတိုင်းပြည်၏ဩဇာခံဘဝ ပြန်ရောက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ

၂၁ ရာစုနိုင်ငံတကာရေးရာ ပြောင်းလဲမှုများနှင့်အညီ နိုင်ငံများ၏ ကာကွယ်ရေးကဏ္ဍများသည်လည်း များစွာတိုးတက်ပြောင်းလဲလျက်ရှိကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွင် နိုင်ငံတကာနှင့်ထိတွေ့ဆက်ဆံမှု နည်းလမ်းကိုလည်း ကျင့်သုံးဆောင်ရွက်ကြရကြောင်း၊ ယနေ့ မိမိတို့ တပ်မတော်သည် နိုင်ငံတကာနှင့်ဆက်သွယ်ဆက်ဆံရာတွင် များစွာတိုးတက်လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ အာဆီယံတပ်မတော်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကဏ္ဍများတွင် အရည်အချင်းရှိရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ထူးခြားအောင်မြင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း တပ်မတော်က တာဝန်ယူဆောင်ရွက်ခဲ့သော အာဆီယံတပ်မတော်များဆိုင်ရာ အခမ်းအနားများကို အဆင့်အတန်းရှိရှိ ခမ်းနားစွာကျင်းပပေးခဲ့ပြီး အာဆီယံနှင့် နိုင်ငံတကာအလယ်တွင် တပ်မတော်၏ဆောင်ရွက်နိုင်မှုများကို ထင်ရှားစွာပြသခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်ရှိသည့် တပ်မတော်အဖြစ် ယခုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် ရှေ့တပ်မတော် ခေါင်းဆောင်အသီးသီးတို့၏ မှန်ကန်သောဦးဆောင်မှုများကြောင့်ဖြစ်ကြောင်း၊ မိမိတို့သည် တပ်မတော်အစဉ်အလာကောင်းများကို ဆက်ခံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သမိုင်းအစဉ်အလာကောင်းများ၊ စွမ်းရည်များနှင့် ပြည့်စုံသော မိမိတို့တပ်မတော်သည် တိုင်းရင်းသားပြည်သူများ၏ သား၊သမီးများနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော် စတင်ဖွဲ့စည်းချိန်မှ ယနေ့အချိန်ထိ တိုင်းရင်းသားလူမျိုးပေါင်းစုံ မိမိတို့၏ အသိစိတ်ဓာတ်နှင့် ပါဝင်အမှုထမ်းနေကြသော တပ်မတော်ဖြစ်ကြောင်း၊ တိုင်းရင်းသားများထဲမှ တပ်မတော်တွင် ဦးစီးချုပ်တာဝန်ထမ်းဆောင်ခဲ့သော သူများရှိသကဲ့သို့ တိုင်းမှူးနှင့်အထက် တာဝန်ထမ်းဆောင်နေသူများထဲတွင်လည်း တိုင်းရင်းသားများပါရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးစုံ အဆင့်တိုင်းတွင် တာဝန်ထမ်းဆောင်နေကြသကဲ့သို့ **ဘယ်တိုင်းရင်းသားဖြစ်မှ၊ ဘယ်ဒေသသားဖြစ်မှ ရာထူးပေးမည်ဆိုခြင်းမျိုး ခွဲခြားထားခြင်းမရှိဘဲ တပ်မတော်နှင့်နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စစ်ရေး၊ နိုင်ငံရေးအသိအမြင် ပြည့်ဝမှု၊ ထက်မြက်သော ခေါင်းဆောင်မှုအရည်အချင်းများနှင့် ပြည့်စုံမှုရှိလျှင် တပ်မတော်တွင် အဆင့်မြင့်ရာထူးများအထိ တာဝန်ထမ်းဆောင်ခွင့်ရကြမည်ပင်ဖြစ်**ကြောင်း၊ ကမ္ဘာပေါ်တွင် ဘယ်နိုင်ငံ၊ ဘယ်တပ်မတော်မှ မျိုးနွယ်စု လူဦးရေအချိုးအရ စစ်မှုထမ်းဆောင်စေရမည်၊ ရာထူးနေရာပေးရမည်ဆိုပြီးမရှိကြောင်း၊ ယနေ့ခေတ်ကဲ့သို့ နည်းပညာမြင့်မားသော ခေတ်ကြီးတွင် ပညာရည်မြင့်မားသော စွမ်းဆောင်ရည်မြင့်မားသည့် အရာရှိ၊စစ်သည်များ ပိုပြီးလိုအပ်ခြင်းကြောင့် နိုင်ငံတော်အပေါ်သစ္စာရှိသော ကိုယ်ပိုင်အရည်အချင်းမြင့်မားသည့်လူများသည် ခေတ်သစ်တပ်မတော်တွင် ပိုပြီးပါဝင်ခွင့်ရလာမည်ပင်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်၏ တပ်အသီးသီးစုဖွဲ့ထားမှုသည် မြန်မာ့နိုင်ငံရေး ပထဝီအနေအထားနှင့် အခြေအနေအရပ်ရပ်တို့အပေါ်မူတည်ပြီး အကောင်းဆုံးစုဖွဲ့ထားခြင်းဖြစ်ကြောင်း၊ တပ်ရင်း၊ တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်နေကြသည့် စစ်သည်များသည် နိုင်ငံ၏ဒေသအသီးသီးမှ တိုင်းရင်းသားညီအစ်ကိုများဖြစ်သကဲ့သို့ ဇနီးရဲမေများသည်လည်း တိုင်းရင်းသူများပင်ဖြစ်ကြောင်း၊ စစ်သည်များက ညီရင်းအစ်ကိုစိတ်ဓာတ်နှင့် ဇနီးရဲမေများက ညီအစ်မစိတ်ဓာတ်၊ အားလုံးမိသားစုစိတ်ဓာတ်များဖြင့် စည်းစည်းလုံးလုံးနေထိုင်ကြခြင်းဖြစ်ကြောင်း၊ တပ်၏လုပ်ငန်းများတွင် မိသားစုများကလည်း ပါဝင်ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်များအားလုံးနှင့် ဇနီးရဲမေများက နိုင်ငံတော်ကာကွယ်ရေးအရန်အင်အားစုများအဖြစ်ဖြင့် စစ်ပညာများကိုပါ သင်ကြားလေ့ကျင့်ထားကြကြောင်း၊ ထိုသို့ စည်းလုံးခိုင်မာစွာ စုဖွဲ့ထားသော တပ်မတော်၏ စုဖွဲ့ပုံ၊ လုပ်ဆောင်ပုံများသည် နိုင်ငံတော်ကာကွယ်ရေးအတွက် ခိုင်မာသော အင်အားများကို ဖြစ်ပေါ်စေကြောင်း၊ တပ်မှူးတာဝန်အရ ခေါင်းဆောင်မှုအပြင် တပ်၏ အမိအဖအနေဖြင့်ပါ ဦးစီးဦးဆောင်မှုသည် တပ်မတော်၏ ထူးခြားသော ပုံစံဖြစ်၍ ထိုကွပ်ကဲမှုပုံစံကို အကောင်းဆုံးဆက်လက်ကျင့်သုံး ဖော်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်"ဟု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အမျိုးသားညီလာခံက အခြေခံမူ ၁၀၄ ချက်ချမှတ်ပြီး ၎င်းအပေါ် အခြေခံရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် လူဦးရေ ၅၇ ဒသမ ၃ သန်းတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၂၇ ဒသမ ၂၈ သန်းအနက် မဲပေးသူ ၂၆ ဒသမ ၇ သန်းထဲမှ ၂၄ ဒသမ ၇၆ သန်းက ထောက်ခံဆန္ဒမဲပေးခဲ့သည့်အတွက် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံအတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်၊ ပါတီတစ်ခုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက်၊ တိုင်းရင်းသားလူမျိုးစုတစ်ခုအတွက်၊ တပ်မတော်အတွက် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်း မဟုတ်ကြောင်း၊ ထို့ကြောင့် ထောက်ခံဆန္ဒမဲပေးသူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း၏ ဆန္ဒကို လေးစားရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်ပြီး အခြေခံဥပဒေအခန်း(၁) နိုင်ငံတော်အခြေခံမူများနှင့် အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် လက်ရှိ ဒီမိုကရေစီလိုအပ်ချက်များနှင့် သဟဇာတဖြစ်အောင်ပြဋ္ဌာန်းထားပြီးဖြစ်သည့်အပြင် အခြေခံဥပဒေပုဒ်မ ၁၁(က)တွင်လည်း နိုင်ငံတော်၏ အချုပ်အခြာအာဏာခက်မသုံးဖြာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြဋ္ဌာန်းထားသည်ကို တွေ့ရကြောင်း၊ အချုပ်အခြာအာဏာခက်မသုံးဖြာကို နည်းလမ်းတကျပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းကို အဟန့်အတားဖြစ်မည့်ကိစ္စများ၊ အခြေအနေအချိန်အခါအရ အခြေခံလိုအပ်ချက်များနှင့် သဟဇာတမဖြစ်ခြင်းများရှိလာခဲ့၍ ပြင်ဆင်ရန်လိုအပ်လာလျှင်လည်း အခန်း(၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းတွင် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဓိကလိုအပ်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉ (က)နှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် ခွဲဝေပေးထားသည့် ဥပဒေပြုစာရင်းနှင့်အခွင့်အရေးများကို ညီညွတ်မျှတအောင် ဆောင်ရွက်ပေးနိုင်ရေးပင်ဖြစ်ကြောင်း။

(၇၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်လာစဉ်။ (မြဝတီ)

မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ခဲ့ရသည့် အဓိကအချက်သည် နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်မှုနည်းပါးပြီးလက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ လူမျိုးရေး၊ ဘာသာရေး၊ အယူဝါဒရေးများအရ စတင်ပေါ်ပေါက်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်ကြာ လက်နက်ကိုင် ပဋိပက္ခများကြောင့် အဘက်ဘက်မှ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြောင့်ပင် နိုင်ငံနှင့်အနှံ့အပြားအခြေခံအဆောက်အအုံပျက်စီးဆုံးရှုံးမှုများကြီးမားခဲ့ရသကဲ့သို့ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် အချိန်ကြန့်ကြာမှုများနှင့်ရင်ဆိုင်ခဲ့ရကြောင်း၊ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် စီးပွားရေးပတ်ဝန်းကျင် အခြေခံကောင်းများဖန်တီးပေးရန် လိုအပ်သကဲ့သို့ စီးပွားရေးပတ်ဝန်းကျင် အခြေခံကောင်းများကိုလည်း တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ မည်သည့်ဒီမိုကရေစီစနစ် ကျင့်သုံးသည့်နိုင်ငံမဆို အကြမ်းဖက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများကို လုံးဝလက်မခံသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးသည် လက်ရှိဒီမိုကရေစီစနစ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော မိမိတို့နိုင်ငံအတွက် အလွန်အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်ကြောင်း၊ **လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့်လိုက်နာ ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ အရေးကြီးဆုံးအချက်မှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပင်ဖြစ်**ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာမဆောင်ရွက်ဘဲ နိုင်ငံရေးဆွေးနွေးပွဲများဆောင်ရွက်နေလျှင် သဘောထားမတိုက်ဆိုင်မှုများကြောင့် မလိုအပ်ဘဲ အချိန်ကြန့်ကြာနိုင်သကဲ့သို့ နဂိုရရှိပြီးသား ညှိနှိုင်းသဘောတူညီမှုများပါ ပျက်ပြယ်သွားနိုင်ပြီး လက်နက်ကိုင်ပဋိပက္ခတွေဆီကိုပင် ပြန်လည်ဦးတည်နိုင်သည်ကို သတိထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ ဥပဒေနှင့်အညီ ဖြစ်စေရေးသည် အရေးကြီးသည့်အတွက် မဖြစ်မနေအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်ထောင်စုသားအားလုံးနှင့် တက်ညီလက်ညီလက်တွဲပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးသည် နိုင်ငံအတွက်အလွန်အရေးကြီးသော ကိစ္စရပ်များဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုထိခိုက်စေသည့် အထင်အမြင်လွဲမှားအောင်ရေးသားမှု၊ ပြောဆိုမှုများသည် ထာဝရငြိမ်းချမ်းရေးကို အဟန့်အတားဖြစ်စေသည်ကို သတိထားရန်လိုအပ်သကဲ့သို့ မိမိကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတော်၏ရှေ့ရေးကို လျစ်လျူရှုသည့် လုပ်ရပ်များကို အမြင်ကျယ်ကျယ် ရှုမြင်သုံးသပ်ရှောင်ရှားကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့၏ နိုင်ငံ့အကြီးအကဲ၊ တပ်မတော်အကြီးအကဲများသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးထားကြသကဲ့သို့ ပြည်သူလူထုအပေါ်တွင်လည်း အမိအဖသဖွယ် အလေးထားခဲ့ကြသည်ကို သူတို့၏ မိန့်ခွန်းများတွင် တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့ နှစ်သစ်ကူးမိန့်ခွန်းတွင် **"တိုင်းပြည်လူထုဟာ တိုင်းရင်းသားအချင်းချင်းနဲ့ အမြဲညီညွတ်အောင် ကြိုးစားဖို့လိုတယ်၊ တိုင်းရင်းသားလူထုဟာ ဒီလိုလူထုညီညွတ်မှုနဲ့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ဖို့လိုတယ်"**လို့ မိန့်ကြားခဲ့သကဲ့သို့ ဗိုလ်ချုပ်ကြီးနေဝင်းကလည်း ၁၉၆၄ ခုနှစ် (၁၇)နှစ်မြောက် ပြည်ထောင်စုနေ့ မိန့်ခွန်းတွင် **"တိုင်းရင်းသားလူမျိုးအသီးသီးတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံအား စီးပွားရေး၊ လူမှုရေးတို့သာယာဝပြော၍ တည်တံ့စည်းလုံးခိုင်မြဲသော နိုင်ငံတစ်ခုတည်ထောင်ရာတွင် တိုင်းရင်းသားလူမျိုးအားလုံးတို့၏ ချစ်ကြည်ရေး၊ သွေးစည်းညီညွတ်ရေးသည် အခြေခံလိုအပ်ချက်ကြီးဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးတိုင်းက လက်ခံယုံကြည်ထားရန် လိုအပ်ပါသည်"** ဟု မိန့်ကြားခဲ့ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၁၉၉၆ ခုနှစ် မတ်

တည်သရွေ့ မြန်မာနိုင်ငံရှင်သန်ရပ်တည်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို တိုင်းရင်းသားပြည်သူများအားလုံးက အလေးထားရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ကို ကာကွယ်နေသည့် တို့တပ်မတော်ကလည်း နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ပိုင်နက်နယ်မြေ တစ်လက်မပင် မဆုံးရှုံးရအောင် ခိုင်ခိုင်မာမာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးတည်တံ့ခိုင်မြဲရေးအတွက် အသက်ခန္ဓာ၊ သွေး၊ ချွေးများကို ခိုင်ကြည်မြင့်မြတ်သည့် စိတ်ဖြင့် ရဲရဲဝံ့ဝံ့၊ စွန့်စွန့်စားစား ပေးလှူထမ်းဆောင်ခဲ့ကြသော တပ်မတော်သားအပေါင်းကိုလည်း ချီးကျူးဂုဏ်ပြုကြောင်း ဤနေရာမှပြောကြားလိုကြောင်း။

နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားအကျိုးစီးပွားများကို အလေးထားဖော်ဆောင်နေကြရမည်ဖြစ်သကဲ့သို့ ကာကွယ်စောင့်ရှောက်ကြရမှာလည်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အရေးကိစ္စများနှင့် အမျိုးသားအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးသည် အမျိုးသားလုံခြုံရေးကိစ္စပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အမျိုးသားလုံခြုံရေးသည် များစွာကျယ်ပြန့်ပြီး နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ရေးရာ၊ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာစသည့် ကဏ္ဍစုံလုံခြုံမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားလုံခြုံရေးနှင့်ဆိုင်သည့် ကဏ္ဍများသည် လူသားတို့နေ့စဉ်ဘဝ ရှင်သန်မှုဆိုင်ရာ လူသားလုံခြုံရေး (Human Security) တွင်ပါရှိသည့် လူတစ်ဦးချင်းစီလုံခြုံမှု၊ လူမှုအဖွဲ့အစည်းလုံခြုံမှု၊ နိုင်ငံရေးလုံခြုံမှု၊ စီးပွားရေးလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်လုံခြုံမှု၊ စားနပ်ရိက္ခာလုံခြုံမှု၊ ကျန်းမာရေးဆိုင်ရာ လုံခြုံမှု စသည်တို့နှင့်လည်း ဆက်နွှယ်နေခြင်းဖြစ်၍ လူသားလုံခြုံရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတွင် တပ်မတော်ကို မဏ္ဍိုင်ပြုပြီး ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ရွက်မှုများကို မိမိတို့တပ်မတော်ကလိုအပ်သည့်နေရာတွင် ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တရားဥပဒေနှင့်အညီ နေထိုင်နိုင်ရေး၊ လူမှုစီးပွားဘဝများလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် မိမိတို့တပ်မတော်နှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့များက နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်ခြင်းဖြင့် အမျိုးသားလုံခြုံရေးနှင့် လူသားလုံခြုံရေးကဏ္ဍများကို ပိုပြီးထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဘယ်တိုင်းရင်းသားဖြစ်မှ၊ ဘယ်ဒေသသားဖြစ်မှ ရာထူးပေးမည်ဆိုခြင်းမျိုး ခွဲခြားထားခြင်းမရှိဘဲ တပ်မတော်နှင့်နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စစ်ရေး၊ နိုင်ငံရေးအသိအမြင် ပြည့်ဝမှု၊ ထက်မြက်သော ခေါင်းဆောင်မှုအရည်အချင်းများနှင့် ပြည့်စုံမှုရှိလျှင် တပ်မတော်တွင် အဆင့်မြင့်ရာထူးများအထိ တာဝန်ထမ်းဆောင်ခွင့်ရကြမည်ပင်ဖြစ်။

၂၇ ရက် ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တောင်ညိုရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် **"တိုင်းပြည်ကို ထူထောင်ရာတွင် နိုင်ငံတော်အစိုးရကလည်း ပြည်သူလူထု၏အကျိုးစီးပွားအတွက် နေ့ညမဟူ အားကြိုးမာန်တက် အလုပ်လုပ်ပြီး တပ်မတော်ကလည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်သာမက ပြည်သူလူထု၏ အကျိုးစီးပွားကို ဝိုင်းဝန်းကူညီဆောင်ရွက်ကာ ပြည်သူလူထုကလည်း တတ်နိုင်သလောက် ပူးပေါင်းဆောင်ရွက်ကြပါက တိုင်းပြည်တိုးတက်လာမည်ဖြစ်ကြောင်း"** မိန့်ကြားခဲ့သည်ကိုကြည့်လျှင် မိမိတို့၏ခေါင်းဆောင်များသည် ပြည်သူလူထုကို အလေးထားသကဲ့သို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း အထူးအလေးထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူကြားမှပေါက်ဖွားလာသည့် တပ်မတော်သားများအနေဖြင့်လည်း ပြည်သူလူထုကို အမိအဖသဖွယ်သဘောထားပြီး နိုင်ငံတော်ထာဝရငြိမ်းချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် ပြည်သူလူထုနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ တပ်မတော်၏ သမိုင်းအစဉ်အလာများ ပိုမိုထွန်းတောက်စေရန် (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေး အခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သော ပြည်ထောင်စုကို အခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည်ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ တက်ကြွစွာပူးပေါင်းဆောင်ရွက်ရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ ဆက်လက်ထမ်းဆောင်သွားကြပါဟု တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မျိုးဇော်သိမ်း ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဗိုလ်မှူးကြီးမျိုးသန့် ဦးဆောင်သော ယန္တရားတပ်ဖွဲ့များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ထိုသို့ချီတက်အလေးပြုချိန်တွင် စွန်ရဲအုပ်ဖွဲ့တိုက်ခိုက်ရေးရဟတ်ယာဉ် တစ်စင်းမှ နိုင်ငံတော်အလံချိတ်ဆွဲပျံသန်းပြီး တိုက်ခိုက်ရေးရဟတ်ယာဉ်နှစ်စင်းက ဘေးမှလိုက်ပါခြံရံပျံသန်း၍လည်းကောင်း၊ ကြိုးကြာအုပ်ဖွဲ့သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်သုံးစင်းက တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများ အသီးသီးချိတ်ဆွဲပြီး ပျံသန်း၍လည်းကောင်း၊ အာကာအုပ်ဖွဲ့လေယာဉ်သုံးစင်းက အုပ်ဖွဲ့ပျံသန်း၍လည်းကောင်း၊ ရဲမာန်အုပ်ဖွဲ့တိုက်ခိုက်ရေး လေယာဉ် ငါးစင်းက မြားဦးသဏ္ဌာန်မောင်းနှင်ကာ Smoke Trail များ ပစ်လွှတ်ပြီး ပျံသန်း၍လည်းကောင်း၊ သူရိန်အုပ်ဖွဲ့ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ်ငါးစင်းက မြားဦးသဏ္ဌာန်ဖြင့် အုပ်ဖွဲ့ပျံသန်း၍လည်းကောင်း၊ သီဟအုပ်ဖွဲ့ ဗုံးကြဲလေယာဉ်သုံးစင်းက အုပ်ဖွဲ့ပျံသန်း၍လည်းကောင်း၊ ရာဇာအုပ်ဖွဲ့ဘက်စုံသုံး တိုက်ခိုက်ရေးလေယာဉ်ငါးစင်းက မြားဦးသဏ္ဌာန်ဖြင့် အုပ်ဖွဲ့ပျံသန်း၍ လည်းကောင်း၊ ရဲမာန်အုပ်ဖွဲ့တိုက်ခိုက်ရေးလေယာဉ်ငါးစင်းက Smoke Trail များပစ်လွှတ်၍ Fun Break ခေါ် ယပ်တောင်ပုံစံခွဲထွက်ပျံသန်း၍လည်းကောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုပျံသန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်သည် စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာသွားသည်။ (၇၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုရပ်သစ်တပ်စစ်ရေးပြကွင်းအနီးရှိ ရန်ကုန်-မန္တလေးကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ် များကို ဖော်ကျူးထားသော ပိုစတာကြီးများကိုလည်းကောင်း၊ စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းတစ်လျှောက်တွင် "လူထုအားကို အများကြီးလိုသည်"၊ "တပ်မတော်ကြီးကို အင်အားရှိအောင် အရာရာမှာကူညီ"၊ "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" စသည့် တပ်မတော်၏ ဆောင်ပုဒ်စာတန်းပါ ဆိုင်းဘုတ်များကို လည်းကောင်း၊ "တပ်နှင့်ပြည်သူမြဲကြည်ဖြူ သွေးခွဲလာသူ ဒို့ရန်သူ"၊ "သစ္စာလေးလီ ဦးထိပ်တည်စွမ်းရည်သုံးရပ် ကျေပွန်အပ်" စသည့် သရုပ်ဖော်ပိုစတာစာတန်းများကိုလည်း ချိတ်ဆွဲထားကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

(၇၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ယန္တရားတပ်ဖွဲ့များကိုယ်စားပြု အောင်ဆန်းစစ်ကြောင်း ချီတက်လာစဉ်။ (မြဝတီ)

ပြည်တွင်းသတင်း

ရသင့်ရထိုက်သည့်အခွန်များ အပြည့်အဝရရှိရေးဆောင်ရွက်

နေပြည်တော် မတ် ၂၇

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဌာနခွဲတာဝန်ခံညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အခွန် ဦးစီးဌာနမှူးများအား တွေ့ဆုံမှာကြားရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာရေးမူဝါဒများတွင် ပါဝင်သည့် အခွန်အကောက်မူဝါဒကို ပြန်လည်သုံးသပ်လေ့လာပြီး တံဆိပ်ခေါင်းခွန်၊ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ရုံးခွန်ဥပဒေများကို ပြင်ဆင်ခြင်းများလုပ်ဆောင်နေသကဲ့သို့နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် အမိန့်ကြော်ငြာစာများကိုလည်း ခေတ်ကာလနှင့်အညီ ပြင်ဆင်ထုတ်ပြန်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် ပြည်သူများစောင့်ကြည့်နေသည့် ဌာနတစ်ခုဖြစ်သည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အခွန်ဦးစီးမှူးများအနေဖြင့် မိမိလက်အောက်ရှိဝန်ထမ်းများတာဝန်ထမ်းဆောင်မှုများကို စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်နေဖို့ လိုကြောင်း၊ အထူးသဖြင့် ပြည်သူများ မိမိတို့ဌာနအပေါ် အမြင်စောင်းတာမျိုး မဖြစ်ဖို့လိုကြောင်း၊ ပြည်သူများ၏အကျိုးကို တတ်နိုင်သမျှဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတာဝန်ယူထားသည့် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ လက်အောက်ခံရုံးများ၏ အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး အခက်အခဲများ၊ ပြုပြင်သင့်တာများကို ဆောင်ရွက်သွားဖို့ လိုမှာဖြစ်ကြောင်း၊ ပြည်သူနှင့် ဆက်ဆံရာတွင် ပြေပြေပြစ်ပြစ် ဆက်ဆံတတ်ရေးသင်ကြားပေးရန်ဖြစ်ကြောင်း။

အခွန်စည်းကြပ် ကောက်ခံရာတွင်လည်း မိမိတို့ဒေသအတွင်းမှာ ရသင့် ရထိုက်တဲ့ အခွန်များကို အပြည့်အဝရရှိရေးဆောင်ရွက်သွားကြဖို့မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိမ်းနှင့် ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးများက လုပ်ငန်းဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကိုရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

ရန်ကုန် မတ် ၂၇

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မတ် ၂၆ ရက်နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးအရအသုံးဆိုင်ရာ ဥပဒေ(မူကြမ်း) နှင့် ပဲခူးတိုင်းဒေသကြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)တို့ကို တင်သွင်းသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ(မူကြမ်း)ကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုပေးပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်း ၁၀ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းဘဲတန်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားထောက်ပံ့ငွေပေးအပ်

ရန်ကုန် မတ် ၂၇

ပန်းဘဲတန်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က (၆၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်သည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ ပန်းဘဲတန်းမြို့နယ် စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့် (အငြိမ်းစား)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက် ၇၀ နှစ်အထက် သက်ကြီးအဖွဲ့ဝင်များ၊ မသန်စွမ်းအဖွဲ့ဝင်များနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဂုဏ်ထူးတန်း၊ တက္ကသိုလ်၊ ကောလိပ် နှင့် အခြေခံပညာ ကျောင်းများတွင် ပညာသင်ကြားနေသော အဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုငွေများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ ယနေ့အခမ်းအနားတွင် စစ်မှုထမ်းဟောင်းအသက် ၇၀ နှစ်အထက် အဖွဲ့ဝင်၃၈ဦး၊ စစ်မှုထမ်းဟောင်းမြို့နယ် အဖွဲ့ဝင် ၆၀ နှင့် ကျောင်းသား ကျောင်းသူ ၁၅ ဦး တို့ကို ဂုဏ်ပြုစုစုပေါင်း ငွေကျပ် ၄၆ သိန်းကျော် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၆၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု သီပေါစံဖိတ်ကျေးလက်ကတ္တရာလမ်းဖွင့်

သီပေါ မတ် ၂၇

(၆၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် စံဖိတ်ကျေးရွာ ရပ်ကွက်(၁)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိဦးစိုင်းဝင်းမြင့်ကလမ်း၏သမိုင်းကြောင်းကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးစိုင်းဇော်မြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မင်္ဂလာအချိန်တွင် အင်ဂျင်နီယာမှူးဦးမောင်မောင်သွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးမိုးထွေးဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် စံဖိတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသောင်းအေးတို့က လမ်းသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ လမ်းသစ်ကို ငွေကျပ် ၁၈၇ သိန်းကျော်ကုန်ကျခဲ့ပြီး အရှည်ပေ ၁၆၀၀နှင့် အကျယ် ၁၂ ပေရှိသည်။ အလားတူစံဖိတ်၊ ရွှေပြည်သာလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပြီးနေပြီဖြစ်သည်။

ယခုအခါမြို့ပြနှင့်ကျေးလက်ဒေသဆက်သွယ်မှုလွယ်ကူချောမွေ့သွားပြီဖြစ်၍ ကျေးရွာသူကျေးရွာသားများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

(စိုင်း-သီပေါ)

✳ *ကျောဖုံးမှ*

လာရောက်ပြီး သာသနာ့အလံအား ဖြုတ်သိမ်းသွားသည်ကို လမ်းသွားလမ်းလာများက တွေ့မြင်သွား၍ ည ၈ နာရီခွဲခန့်တွင် ယင်းဂိုဒေါင်သို့ ဒေသခံပြည်သူများရောက်ရှိလာခဲ့ပြီး Mrs.Yvonneအား ထုတ်ပေးရန် ဝိုင်းဝန်းပြောဆိုကြသဖြင့် ၄င်းသည် ဂိုဒေါင်မှ ၄င်းနေထိုင်သည့် ဂေါက်ရှိလမ်း အိမ်အမှတ် (ဂရ/၁၄၅) ဦးအေးထွန်းစိန်၏နေအိမ်သို့ တိမ်းရှောင်သွားခဲ့ရာ လူ ၅၀ ခန့်နောက်မှ လိုက်ပါသွားခဲ့ကြောင်း အဆိုပါဒေသခံများက ၄င်း၏အိမ်သို့ ရောက်ရှိလာကာ ၄င်းနှင့် ၄င်း၏ ခင်ပွန်းတို့အား ထုတ်ပေးရန် ပြောဆိုရာ နေအိမ်ခြံစည်းရိုးသော့ခတ်ထားသဖြင့် ခဲများဖြင့် ဝိုင်းဝန်းပစ်ပေါက်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ရဲတပ်ဖွဲ့ဝင်များနှင့် စည်းကမ်းထိန်းသိမ်းရေး သံဃာတော်များရောက်ရှိလာပြီး လူအုပ်စုများအား လူစုခွဲကာ အမေရိကန်နိုင်ငံသူနှင့် ခင်ပွန်းတို့အား မော်တော်ယာဉ်ဖြင့် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲဝင်း ရဲရိပ်သာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဒေသခံများသည် ည ၁၀ နာရီခန့်တွင် လူ ၃၀၀ ခန့်အထိ စုစည်းမိပြီး အခြားနိုင်ငံခြားသားများ တည်းခိုနေထိုင်လျက်ရှိသည့် ကျောင်းတက်လမ်းရပ်ကွက် ဦးဥတ္တမလမ်းရှိ ဦးပန်းသာနေအိမ်၊ ဂေါက်ရှိလမ်းရှိ ဦးကျော်သန်းနေအိမ် Malteser ရုံး၊ ဦးဥတ္တမလမ်းရှိ ဦးသန်းအောင်နေအိမ် MSF အဖွဲ့နေရာ၊ ဂေါက်ရှိလမ်းရှိ ဦးတင်လှိုင်နေအိမ် MSF ရုံး၊ ဦးဥတ္တမလမ်းရှိ ဒေါ်သန်းသန်းမြင့်နေအိမ် Malteser အဖွဲ့တို့အား လိုက်လံဖျက်ဆီးခဲ့ကြောင်း ည ၁၁ နာရီခွဲခန့်တွင် ဒေသခံ ၁၀၀ ခန့်သည် စစ်ကဲလမ်းရှိ နိုင်ငံခြားသားများနေထိုင်သည့် မောင်သိန်းထွန်းနေအိမ် Solidarities အဖွဲ့နေအိမ်နှင့် OXFAM အဖွဲ့နေအိမ်တို့အား ခဲများဖြင့်ပစ်ပေါက်ဖျက်ဆီးနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ငယ်များဖြင့် အချက် ၁၀၀ ခန့် သတိပေးပစ်ခတ်ခဲ့ရာ ည ၁၂ နာရီခန့်တွင် လူစုကွဲသွားခဲ့သည်။

အလားတူ မတ် ၂၇ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ဒေသခံပြည်သူ ၂၀၀ ခန့်သည် တုတ်များ၊ ခဲများကိုင်ဆောင်၍ ကျောင်းတက်လမ်းရပ်ကွက် ဦးဥတ္တမလမ်းရှိ ICRC အဖွဲ့ ငှားရမ်းနေထိုင်သော နေအိမ်ကို ဝိုင်းဝန်းပစ်ခတ်ဖျက်ဆီးမှုကြောင့် နေအိမ်တံခါးများပျက်စီး၍ တိုယိုတာယာဉ်တစ်စီး မှန်ကွဲခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ငါးချက်ခန့်သတိပေးပစ်ခတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် လူစုကွဲသွားခဲ့ကြောင်း၊ မွန်းတည့် ၁၂ နာရီခန့်တွင် ဒေသခံ ၂၀ ခန့်က ပြည်တော်သာရပ်ကွက်၌ ဖွင့်လှစ်ထားသော UNHCR ရုံးကို တုတ်များ၊ ခဲများဖြင့် ပစ်ပေါက်ခဲ့သဖြင့် ကွန်ပျူတာပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဒေသခံ ၂၀ ခန့်က ပြည်တော်သာရပ်ကွက်၌ ဖွင့်လှစ်ထားသော OCHA ရုံးကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဒေသခံ ၁၀၀ ခန့်က ပြည်တော်သာရပ်ကွက် ခိုင်သဇင်ပန်းခြံအတွင်းရှိ WFP ဂိုဒေါင်ကို လည်းကောင်း တုတ်များ၊ ခဲများ ကိုင်ဆောင်ပစ်ပေါက်ဖျက် ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ၁၅ ချက်ခန့် သတိပေးပစ်ခတ်လူစုခွဲခဲ့ရသည်။

ထိုသို့ ဖြစ်ပွားခဲ့မှုများကြောင့် စစ်တွေမြို့ရှိ ရဲရိပ်သာတွင် နိုင်ငံခြားသား ၃၂ ဦး၊ မြန်မာနိုင်ငံသားဝန်ထမ်း ၃၉ ဦး စုစုပေါင်း ၇၁ ဦးတို့ကို ရွှေ့ပြောင်းနေရာချထားပြီး လုံခြုံရေးဆောင်ရွက်ပေးထားကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်များတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံခြားသားများ၏ လုံခြုံရေးအား ရဲတပ်ဖွဲ့ဝင်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်နယ်၊ ခရိုင်ရဲတပ်ဖွဲ့မှတာဝန်ရှိသူများ၊ စစ်တွေခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ စစ်တွေမြို့ စည်းကမ်းထိန်းသိမ်းရေးနာယကဆရာတော်နှင့် သံဃာတော်များက လူအုပ်စုများအား အကြမ်းမဖက်ရန် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးဖော်ထုတ်၍လိုအပ်သော အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

CLAIMS DAY NOTICE
M.V CITY OF MUMBAI VOY:NO.(V.5)

Consignees of cargo carried by M.V CITY OF MUMBAI Voy:No.(V.5) are here by notified that the vessel will arrive on about 30-03-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADINGများ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇
ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

O.O.W Class III နှင့် Chief Mate သင်တန်း
Capt. San Moe Aung
16th June
ECDIS (Mar-24) နှင့် RADAR/ARPA (Apr-28)
General Ship Knowledge + Marlins English သင်တန်း
5:30 to 7:30 (Mon to Fri) 19th May 60000/-
SUCCESS MARITIME ACADEMY
Facebook: Success Maritime Academy

ပြည်တွင်းသတင်း

လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေး

နေပြည်တော် မတ် ၂၇

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ မတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြနန္ဒာကျေးလက်ဒေသဖွံ့ဖြိုးရေးအသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းသို့ ရောက်ရှိပြီး အသင်းသားများနှင့် တွေ့ဆုံဆွေးနွေးသည်။

မြနန္ဒာကျေးလက်ဒေသဖွံ့ဖြိုးရေး အသေးစားချေးငွေလုပ်ငန်းသမဝါယမအသင်းသည် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အသင်းသား ၁၀၉၃ ဦးဖြင့် ပုသိမ်ကြီးမြို့နယ် နေရဥ္စယျာကျေးရွာအုပ်စုတွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ကျေးရွာ ၂၉ ရွာမှ အသင်းသား ၃၇၈၁ ဦးအထိ တိုးပွားလာပြီး အသင်းသားများ၏ အစုနှင့်စုဆောင်းငွေမှာ ကျပ်သိန်းပေါင်း ၇၁၃ ဒသမ ၈၁ သိန်းထိ တိုးမြှင့်ပိုင်ဆိုင်လာပြီဖြစ်သည်။ အသင်းသားများမှ အသိတရားရှိရှိဖြင့် ပုံမှန်ပြန်ဆပ်ကြသဖြင့် ယခုအချိန်တွင် အသင်းသားများသို့ ထုတ်ချေးငွေမှာ ကျပ်သိန်းပေါင်း ၂၆၆၆ သိန်းကျော်ထုတ်ပေးနိုင်ပြီး အသင်းသားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းမှုလုပ်ငန်းများ၏ တိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည်။ အဆိုပါအသင်းတွင် စိုက်ဧက ၁၀၀၀၀ ကျော်ရှိရာ ယခုအခါတွင် စိုက်ဧက ၅၀၀၀ ကျော်ကို လက်မှုလယ်ယာမှ စက်မှုလယ်ယာကွက်များအဖြစ် တည်ဆောက်ပြီးဖြစ်၍ ကျန်လယ်ယာများကို စက်မှုလယ်ယာအဖြစ် ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါ အသင်းသည် အသင်းသား တောင်သူလယ်သမားများနှင့် လယ်ယာလုပ်သားအသင်းဝင်များအတွက် အသေးစားအရင်းအနှီးချေးငွေထုတ်ချေးရုံသာမက အသင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့ အချိန်ထိ အသင်းသားများ၏ သာရေး၊ နာရေးအတွက် ပံ့ပိုးချေးငွေ ကျပ် ၄၆၂ သိန်း၊ ပညာရေးအတွက် ပံ့ပိုးချေးငွေကျပ် ၁၀၂ သိန်းနှင့် ကျန်းမာရေးထောက်ပံ့မှုအတွက် ကျပ် ၃၀၅ သိန်း စုစုပေါင်း ၈၆၉ သိန်းအထိ ကူညီထောက်ပံ့ပေးနိုင်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အသင်းသားတောင်သူများက ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ လိုအပ်ချက်များတင်ပြသဖြင့် အများ၏ဆန္ဒနှင့်အညီ အသင်းကစုပေါင်းဝယ်ယူပြီး လက်ငင်းငွေချေစနစ်(သို့မဟုတ်) သီးနှံပေါ်ပေးစနစ်တို့ဖြင့် ရောင်းချပေးရန် အရင်းအနှီးငွေကြေးလိုအပ်ပါက သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေးအစီအစဉ်နှင့်အညီ တိုင်းဒေသကြီးအသင်းစုချုပ်က ထုတ်ချေးဆောင်ရွက်ပေးရန်၊ ထို့ပြင်အသင်းသားများလိုအပ်သော လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာများအတွက်လည်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရေးအသင်းစုချုပ်နှင့် ဗဟိုသမဝါယမအသင်းတို့ဖြင့် ဆက်စပ်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြနန္ဒာအသင်းအနေဖြင့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းသာမက သမဝါယမတစ်ခု၊ ထုတ်ကုန်တစ်ခုထုတ်လုပ်ရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများကိုပါ တိုးမြှင့်ဆောင်ရွက်နိုင်သည့် သမဝါယမအသင်းများဖြစ်အောင် ဆောင်ရွက်သွားရန်၊ ထို့အတူ လက်မှုလယ်ယာအဆင့်မှ စက်မှုလယ်ယာအဆင့် တိုးမြှင့်ဆောင်ရွက်ရေးအတွက် အထွက်ကောင်းမျိုးများ ပြောင်းလဲအသုံးပြုခြင်း၊ နည်းပညာ ပြောင်းလဲအသုံးပြုခြင်း၊ ကုန်ချောထုတ်သည့်စနစ် တဖြည်းဖြည်းတည်ဆောက်ခြင်းနှင့် ဈေးကွက်တည်ဆောက်ခြင်းဆိုသည့် အချက်လေးချက်ကို အလေးထားဆောင်ရွက်သွားရန်၊ အသင်းသားများ၏ လိုအပ်သော အရင်းအနှီး ငွေကြေးပိုမိုရရှိဆောင်ရွက်နိုင်ရေးအတွက် အခြေခံသမဝါယမအသင်း တိုင်းဒေသကြီး/ပြည်နယ်အသင်းစုချုပ်နှင့် သမဝါယမဘဏ်၊ MMB ဘဏ်တို့ကိုပေါင်းစပ်ပြီး ငွေကြေးအရင်းအမြစ်ကွန်ရက် (Finicial Network)ကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုအဖွဲ့များ၊ တိုင်းဒေသကြီး/မြို့နယ်သမဝါယမဝန်ထမ်းများ၊ အသင်း ၂၉ သင်းမှ အမှုဆောင်များ၊ အသင်းသူ အသင်းသားများ စုစုပေါင်း၆၄၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်မြေသြဇာဖိုးငွေများအတွက် တာဝန်ရှိမှု တစ်သက်တစ်ကျွန်းကျခံစေရန် အမိန့်ချမှတ်

ပွင့်ဖြူ မတ် ၂၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက်က တရားလို ဦးသက်ဆွေဦးက မြို့နယ်အုပ်ချုပ်ရေးမှူးတာဝန်ကို ယခင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဌေးထံမှ လုပ်ငန်းတာဝန် လွှဲပြောင်းလက်ခံစဉ် ဦးလှဌေး ယခင်အုပ်ချုပ်ရေးမှူးလုပ်ခဲ့စဉ်က တာဝန်ယူဆောင်ရွက်ခဲ့သော ပွင့်ဖြူမြို့နယ် ဓာတ်မြေသြဇာဖိုး တန်ဖိုးငွေကျပ် ၁၄၂၅၂၅၀၀၀၀ ကို စာရင်းခိုင်လုံစွာ မရှိ၍ သက်ဆိုင်ရာဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးချက်များအရ တရားလိုဦးသက်ဆွေဦးထံသို့ ဓာတ်မြေသြဇာဖိုးငွေကျပ် ၁၁၆၃၈၂၇၁၂၀ကို ဆက်လက်ကောက်ခံရန် စာရင်းလွှဲပြောင်းပေးနိုင်ခဲ့ပြီး ကျန်ငွေကျပ် ၂၆၁၄၂၂၈၈၀ ကို နိုင်ငံတော်သို့ပေးသွင်းရန် ဦးလှဌေးတွင် တာဝန်ရှိကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ဦးလှဌေးအား ဥပဒေအရ အရေးယူပေးရန်တိုင်တန်းခဲ့သဖြင့် ပွင့်ဖြူမြို့နယ်မြို့မရဲစခန်းက အမှုဖွင့်ထားပြီး အဆိုပါအမှုကိုခိုင်မာစွာတည်ဆောက်၍ မင်းဘူးခရိုင်တရားရုံးသို့တရားစွဲဆိုတင်ပို့ခဲ့ရာ လက်ခံစစ်ဆေးခဲ့ပြီး ထိုအမှုကိုမင်းဘူးခရိုင်တရားရုံးက ယခုနှစ် မတ် ၁၁ ရက်တွင် ဦးလှဌေးအား ပြစ်မှုကြီးအမှတ် ၇/၂၀၁၃၊ အပကအရ တစ်သက်တစ်ကျွန်းသီးခြားစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

မြိတ်မြို့တွင် ဖိနပ်အရောင်းဆိုင်တစ်ဆိုင်မှ စတင်မီးလောင်မှုဖြစ်

မြိတ် မတ် ၂၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက် ကန်ဖျားလမ်းမကြီးတွင် မတ် ၂၇ ရက် နံနက် ၄ နာရီခန့်က မြို့မအားကစားကွင်းရှေ့ ဈေးဆိုင်ခန်းတွင် ဈေးဆိုင်ခန်းအမှတ်(၂၄)ဦးထိန်လင်းအောင်ပိုင်ဆိုင်သော SCHOLL ဖိနပ်အရောင်းဆိုင်မှမီးလောင်မှု ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

အဆိုပါမီးလောင်မှုကို ဆိုင်ကယ်တက္ကဆီမောင်းနှင်နေသူ တစ်ဦးက တွေ့မြင်ရ၍ မီးသတ်ဦးစီးဌာနကို လာရောက် အကြောင်းကြားရာ မီးလောင်မှု ဖြစ်ပွားရာနေရာသို့ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရွှေညာမောင်၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းဦးစီးလျက် မီးငြိမ်းသတ် ရေယာဉ် ၁၁ စီး၊ ရေသယ်ယာဉ်လေးစီး စုစုပေါင်း ၁၅ စီးဖြင့် သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် ပြည်သူများမှ အဆောက်အအုံ အမိုးထိတက်၍ စွန့်စားစွာဖြင့် ငြိမ်းသတ်ခဲ့ကြရာ နံနက် ၄ နာရီ မိနစ် ၄၀တွင် မီးညွန့်ကျိုးပြီး ၅ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် သွပ်မိုးကွန်ကရစ်ကာ၊ ကွန်ကရစ်ခင်း တစ်ထပ်ဈေး အရောင်းဆိုင်ခန်းနှစ်ခန်း၊ ဆိုင်ခန်းအတွင်းရှိ အရောင်းပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၃၄၀၀၀၀ မီးလောင်ဆုံးရှုံးခဲ့သည်။ ဖိနပ်အရောင်းဆိုင်မှ မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားချိန်တွင် ဈေးဆိုင်အတွင်း၌ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းမရှိကြောင်း တာဝန်ရှိသူများက စစ်ဆေးတွေ့ရှိရပြီး မီးလောင်မှုအကြောင်းအရင်းကို စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး**

ပိုလ်တထောင်မြို့မရဲစခန်းမှ စုံစမ်းရှာဖွေလျက်ရှိသည့် ပျောက်ဆုံးသူဆေးကျောင်းသားကို သေဆုံးလျက်တွေ့ရှိ

ရန်ကုန် မတ် ၂၇

ပိုလ်တထောင် မြို့မရဲစခန်းမှ စုံစမ်းရှာဖွေလျက်ရှိသည့် ပျောက်ဆုံးသူ ဆေးကျောင်းသားကို သေဆုံးလျက်တွေ့ရှိရကြောင်း မတ် ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်လိုက်သည်။

ဖြစ်စဉ်မှာ မတ် ၂၆ ရက် မွန်းတည့် ၁၂ နာရီက ဒဂုံမြောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ငမိုးရိပ်ချောင်းကမ်းစပ်တွင် အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးကြရာ အသက် ၂၀ ကျော်ခန့် အမျိုးသားဖြစ်ပြီး ပြင်ပဒဏ်ရာများ မတွေ့ရှိရဘဲ ရေနစ်သည့်လက္ခဏာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

စုံစမ်းစစ်ဆေးလျက်ရှိ

ထိုသို့တွေ့ရှိရသော သေဆုံးသူ အမျိုးသားနှင့်ပတ်သက်၍ စုံစမ်းဆောင်ရွက်ခဲ့ပြီး ဆေးကျောင်းသားတစ်ဦးပျောက်ဆုံးနေမှုကို ပိုလ်တထောင်မြို့မရဲစခန်း၌ လူပျောက်ဖွင့်လှစ်ကာ စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းအရ ဆက်သွယ်အကြောင်းကြားခဲ့ကာ စိစစ်အတည်ပြုခြင်းများဆောင်ရွက်ခဲ့ပြီး စိစစ်အတည်ပြုချက်များအရ ၎င်းသေဆုံးသူမှာ ပိုလ်တထောင်မြို့မရဲစခန်း၌ လူပျောက်အမှတ်စဉ်(၃/၂၀၁၄)ဖြင့် စုံစမ်းရှာဖွေလျက်ရှိသော မတ် ၂၀ ရက်ကတည်းကပျောက်ဆုံးလျက်ရှိနေသည့် မောင်ဇော်မြတ်ထွဋ်(၂၁နှစ်) ဆေးတက္ကသိုလ်(၁) ကျောင်းသားဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ ဒဂုံမြောက်မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

မန္တလေး-ဗန်းမော်ကားလမ်းမပေါ် ယာဉ်အရှိန်လွန်တိမ်းမှောက်မှုဖြစ်ပွား

သပိတ်ကျင်း မတ် ၂၇

မတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီခန့်က မန္တလေး-ဗန်းမော်လမ်းမကြီး ဘေးတွင် စားတော်ပဲပိုင်းများနှင့် မုန်ညင်းစေ့ပိုင်းများ တင်ဆောင်လာသောယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တကောင်းမြို့မှ မန္တလေးမြို့သို့ ယာဉ်မောင်း ထွန်းဇော်မောင်းနှင်လာသော ယာဉ်အမှတ် ၈ည/--- Truck အမျိုးအစား ခြောက်ဘီး ဖြူပြာကျားသည် သပိတ်ကျင်းမြို့နယ် ကျောက်ကွဲကျေးရွာအနီး မန္တလေး-ဗန်းမော်ကားလမ်း မိုင်တိုင် အမှတ် (၉/၄)နှင့် (၉/၅) အကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးအကျ လမ်းမပေါ်သို့ ပြန်လည်ဆွဲတင်ရာ တိမ်းမှောက်သွားခဲ့သည်။ **(အောက်ပုံ)**

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်ပါလာသည့် ခရီးသည်ရှစ်ဦးမှာ ဒဏ်ရာ (မစိုးရိမ်ရ)များ ရရှိခဲ့သဖြင့် သပိတ်ကျင်းပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသခဲ့သည်။ ယာဉ်မောင်းထွန်းဇော် မိုးကုတ်ကျပ်ပြင် (အနောက်ပိုင်း)ပန်းမရပ်ကွက်နေသူသည် ထွက်ပြေးတိမ်းရှောင်သွားသဖြင့် မော်တော်ယာဉ်အား မဆင်မခြင်မောင်းနှင် တိမ်းမှောက်အောင်ပြုလုပ်သူ ထွန်းဇော်ကို စုံစမ်းအရေးယူပေးပါရန် ဒုရဲအုပ်ရဲမြင့်က တရားလိုပြုလုပ် တိုင်တန်းမှုအပေါ် သပိတ်ကျင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

ခရီးသည်တင်ယာဉ်အရှိန်လွန်တိမ်းမှောက်၍ ၂၄ ဦးဒဏ်ရာရ

ရန်ကုန် မတ် ၂၇

ဒဂုံဆိပ်ကမ်းမြို့နယ်တွင် မတ် ၂၆ ရက်နံနက်အစောပိုင်းကခရီးသည်တင်ယာဉ် အရှိန်လွန်တိမ်းမှောက်ခဲ့၍ခရီးသည် အမျိုးသား အမျိုးသမီး စုစုပေါင်း ၂၄ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၆ ရက်နံနက် ၉ နာရီက ဒဂုံဆိပ်ကမ်းမြို့နယ် ၆၈ ရပ်ကွက် ကွမ်အပ်သားမင်းသားလမ်းအတိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဘက်မှ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ဘက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ)မောင်းနှင်လာသော 2A..... NISSAN Atals အမျိုးအစား ၁၀၆ ယာဉ်လိုင်းခရီးသည်တင်ယာဉ်သည် မြနန္ဒာလမ်းထိပ်အရောက် မျက်နှာချင်းဆိုင်မှလာသောယာဉ်ကို တိမ်းရှောင်ရာမှ လမ်း၏ယာဘက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့ပြီး **(အပေါ်ပုံ)** ယာဉ်မောင်းမှာ အခင်းဖြစ်နေရာ၌ ယာဉ်ကိုထားကာ ထွက်ပြေး တိမ်းရှောင်သွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည် အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ၁၁ ဦးတို့မှာ ဒဏ်ရာများရရှိခဲ့သဖြင့် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ အတွင်း/ပြင်ပလူနာများအဖြစ် တက်ရောက်ကုသခဲ့ရသဖြင့် ယင်းကဲ့သို့ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း (စုံစမ်းဆဲ)ကို ဒဂုံဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်ကာ ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရုရှားတက္ကသိုလ်များမှ မြန်မာကျောင်းသားများအတွက် ပညာသင်ဆုပေးအပ်မည်

ရန်ကုန် မတ် ၂၇

ရုရှားနိုင်ငံအတွင်းရှိ တက္ကသိုလ်များတွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည့် စာသင်နှစ်အတွက် ပညာသင်ဆုများကို မြန်မာကျောင်းသားများ လျှောက်ထားနိုင်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖယ်ဒရေးရှင်းမှ သိရသည်။

မြန်မာကျောင်းသားများအတွက် ဘွဲ့ကြိုတန်း (Bachelor Degree) စာသင်နှစ် လေးနှစ်တာအတွက် စီးပွားရေးဘာသာရပ် တစ်ဦး၊ စာနယ်ဇင်းနှင့်သတင်းအတတ်ပညာ တစ်ဦး၊ စိတ်ကြိုက်အထူးပြုဘာသာရပ် နှစ်ဦး၊ ဘွဲ့လွန် (မာစတာဒီဂရီ) တန်း စာသင်နှစ် နှစ်နှစ်အတွက် စီးပွားရေးဘာသာရပ်တစ်ဦး၊ စာနယ်ဇင်းနှင့် သတင်းအတတ်ပညာတစ်ဦး၊ စိတ်ကြိုက်အထူးပြုဘာသာရပ်တစ်ဦး၊ အထူးပြုဘာသာရပ် စာသင်နှစ် ငါးနှစ်တာအတွက် Medical Specialist တစ်ဦး၊ Stomatology တစ်ဦး၊ Pharmacology တစ်ဦးတို့ကို ရွေးချယ်စေလွှတ်ပေးမည် ဖြစ်ကြောင်း သိရသည်။

ရုရှားဘာသာစကား စာသင်ချိန် လပေါင်း ၂၀ သတ်မှတ်ထားပြီး လေးဦးစီဖြင့် ပညာသင်ဆုပေါင်း ၁၄ ဆု ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ဘာသာရပ်အားလုံးကို ရုရှားဘာသာစကားဖြင့်သာ သင်ကြားပေးမည်ဖြစ်ပြီး၊ ရုရှားဘာသာစကား မတတ်ကျွမ်းသူများအတွက် သင်တန်းစီစဉ်ပေးမည်ဖြစ်ပါသည်။

အဆိုပါ ပညာသင်ဆုအစီအစဉ်တွင် ကျောင်းလခ၊ အဆောင်ခနှင့် လစဉ်အသုံးပြုရန် ထောက်ပံ့ငွေများ ပါဝင်မည်ဖြစ်ပြီး လျှောက်ထားလိုသည့် ကျောင်းသား ကျောင်းသူများသည် ရုရှားတက္ကသိုလ်ခြောက်ခုအနက်မှ နှစ်သက်ရာကို ရွေးချယ်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆု လျှောက်လွှာများအား ရုရှားသံရုံးတွင် ထုတ်ယူနိုင်ပြီး ဧပြီ ၂ ရက် နောက်ဆုံးထားကာ ရုရှားသံရုံးသို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

စုံစမ်းလိုပါက Mr Vladimir Egorov ၏ အီးမေးလ်လိပ်စာ rusinmyan@yandex.ru သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ခင်ရတနာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၃-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၅၀၀၀
ရန်ကုန်ရွှေဈေး	၁၅ပဲရည်	တစ်ကျပ်သား	၆၂၅၉၀၀
မန္တလေးရွှေဈေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၅၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၅၅-၉၆၃	ကျပ်
ယူရို	တစ်ယူရို	၁၃၃၀-၁၃၃၇	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၇၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၁-၃၁.၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၁-၁၅.၄	ကျပ်
တရုတ်	တစ်ယွမ်	၁၆၀-၁၇၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၂-၃၀၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max /Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဓာတ်ဆီ	တစ်လီတာ	၉၅၀	ကျပ်
အောက်တိန်း၉၂	တစ်လီတာ	၉၅၀	ကျပ်
အောက်တိန်း၉၅	တစ်လီတာ	၁၀၅၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀-၂၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၈၀၀၀-၁၅၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၆၀၀၀-၈၀၀၀	ကျပ်
၁၀။အမဲ	တစ်ပိဿာ	၆၀၀၀-၈၀၀၀	ကျပ်
၁၁။ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်

သတင်းတို

ကျေးရွာချင်းဆက်ကျောက်ချောလမ်းဆောင်ရွက်နေ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ယခုဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၃၁၃ သန်းဖြင့် မိုးမောက်မြို့နယ် မိုးမောက်-လုံဂျာ ကျောက်ချောလမ်း ၁ ဒသမ ၅ ဖာလုံအား ဖောက်လုပ်ဆောင်ရွက်လျက်ရှိနေပြီး မကြာမီပြီးစီးအကောင်အထည်ဖော်နိုင်တော့မည်ဖြစ်၍ ဒေသခံများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာတော့မည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

ကုန်အမှတ်တံဆိပ်ဆိုင်ရာ ဟောပြောဆွေးနွေးမည်

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းချုပ်မှ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧပြီ ၅ ရက်၌ ဥပဒေပညာရှင် ဦးသန်းမောင်(စစ်တွေ)မှ ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်းအကြောင်းကို Publication of Trademark Notice ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်သည်။ **သိမ့်သိမ့်မိုး**

ကသာမြို့နယ် ရေပုတ်ကျေးရွာစာကြည့်တိုက်ဖွင့်

ကသာမြို့နယ် ရေပုတ်ကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက်ကို မတ် ၂၇ ရက်က အဆိုပါကျေးရွာတွင်ဖွင့်လှစ်သည်။ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး စုစုပေါင်းငွေကျပ် ၆၅ သိန်းကုန်ကျပြီး အလှူရှင်များက စာကြည့်တိုက်အတွက် အလှူငွေများနှင့် စာအုပ်စာစောင်များ လှူဒါန်းပေးသဖြင့် ကျေးရွာပြည်သူများ အေးချမ်းစွာ စာပေဖတ်ရှုနိုင်ပြီဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

မြန်အောင်မြို့နယ်ရှားတောကျေးရွာ၌မီးလောင်မှုဖြစ်ပွား

မြန်အောင် မတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရှားတောကျေးရွာ အမှတ်(၂)တွင် မတ် ၂၆ ရက် ညနေ ၅ နာရီက ဦးမြင့်အုန်း ပိုင်ဆိုင်သည့် နေအိမ်အတွင်း ဝပ် ၁၀၀ မီးလုံးအား အနီးအနက်ဝိုင်ယာကြိုးဖြင့် နံရံတွင်ကပ်ပြီး မီးထွန်းထားရာမှ အပူလွန်ကဲကာ မီးလောင်ကျွမ်းခဲ့ကြောင်း မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

မြန်အောင်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများ စုပေါင်းမီးငြှိမ်းသတ်ခဲ့သဖြင့် မီးလောင်မှုမှာ ညနေ ၅ နာရီ ၂၀ မိနစ် တွင် ငြှိမ်းသတ်နိုင်ခဲ့ပြီး မီးပေါ်ဆစ္စာသုံးစွဲသူအား မြန်အောင်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း မြန်အောင်မြို့ မြို့မရဲစခန်းမှ သိရသည်။

နေဝင်းဇော်(မြန်အောင်)

သင်္ကြန်ပိတ်ရက်မတိုင်မီ၌ပင် အဝေးပြေးကားခများ ဈေးနှုန်းမြင့်တက်လာ

ရန်ကုန် မတ် ၂၇

သင်္ကြန်ကာလ ရုံးပိတ်ရက်များအတွင်း ဇာတိပြန်ကြမည့် ခရီးသည်များပြားသည့်အတွက် အဝေးပြေးကားခများ ယခုအချိန်မှ ဈေးနှုန်းမြင့်တက်လာနေကြောင်း လမ်းမတော်မြို့နယ်အတွင်း လာရောက်အလုပ်လုပ်ကိုင်သူ အောင်လံသားတစ်ဦးက ပြောကြားသည်။

အောင်လံမှ ရန်ကုန်ကားခမှာ လူတစ်ဦးလျှင်ငွေကျပ် ၄၅၀၀ ဖြစ်သော်လည်း မတ် ၁၅ ရက်က အဝေးပြေးကားဂိတ်တွင် သင်္ကြန်အတွက် ကြိုတင်ဝယ်ယူရာ ငွေကျပ် ၈၀၀၀ ပေးခဲ့ရကြောင်း၊ လက်မှတ်ပေါ်တွင် တန်ဖိုးရေးသားမထား၍ တိုင်ကြားရန်ခက်ခဲကြောင်း သိရသည်။

ရခိုင်ခရီးစဉ်တွင်လည်း ကားခ ငွေကျပ် ၇၀၀၀ သာ ရှိပြီး ငွေကျပ် ၁၅၀၀၀ အထိ ဈေးနှုန်းမြင့်တက်လျက်ရှိသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက သင်္ကြန်တွင်း အဝေးပြေးကားလက်မှတ်များနှင့် ရန်ကုန်မြို့တွင်း လိုင်းကားခများ ဈေးနှုန်းမြင့်တက်မှုမရှိစေရေး နှစ်စဉ်ညွှန်ကြားချက်များရှိသော်လည်း ခရီးသွားများအတွက် ကားခများပိုမိုပေးနေရမြဲပင် ဖြစ်ကြောင်း နှစ်စဉ်သင်္ကြန်ကာလအတွင်း ခရီးသွားလာသူတစ်ဦးက ပြောသည်။

အောင်မင်္ဂလာ အဝေးပြေးကားဝင်းအတွင်း ကားလက်မှတ်များကို ဧပြီ ၁ ရက်မှစတင်ကာ ကြိုတင်ရောင်းချခြင်း ပြုလုပ်မည်မဟုတ်ဘဲ ဦးရာလူစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ကြေညာထားသော်လည်း ကားလက်မှတ်မရရှိမည်ကို စိုးရိမ်သည့် ခရီးသွားပြည်သူများမှာ ကားဂိတ်များသို့ အပိုငွေများပေးကာ ကားလက်မှတ် ကြိုတင်မှာယူထားမှုများလည်း ယမန်နှစ်ကဖြစ်ပွားခဲ့ဖူးသဖြင့် ဈေးနှုန်းများ မြင့်တက်မှုမရှိစေရေး ကားဂိတ်များနှင့် ခရီးသည်များနှစ်ဖက်စလုံး စည်းကမ်းရှိရန်လိုအပ်နေပြီဖြစ်သည်။ **ခင်ဆိုင်**

မြန်မာစန်းသီအောင်စက်မှုထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ အောက်ဖော်ပြပါအုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များသို့ သတိပေးအကြောင်းကြားခြင်း

ဦးစိုင်းအိုက်ခမ်း	အုပ်ချုပ်မှုဒါရိုက်တာ	၁၃/လရန(နိုင်)၀၃၁၈၆၆	အမှတ် ၄၀/၂၀၀၊ ရွှေသောင်းပင်လမ်း၊ (၇)ရပ်ကွက်၊ နယ်မြေ(၆)၊ လားရှိုးမြို့။
ဒေါ်ဥမ္မာခင်	ဒါရိုက်တာ	၁၂/မရက(နိုင်)၀၂၃၆၄၃	အမှတ် ၉၂၊ ဒုတိယထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဦးအေးမင်း	ဒါရိုက်တာ	BTHG-၀၀၀၉၂၅	အမှတ် ၉၂၊ ဒုတိယထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဦးဝင်းမင်း	ဒါရိုက်တာ	၁၂/မရက(နိုင်)၁၀၂၅၁၄	အမှတ် ၉၂၊ ဒုတိယထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် မြန်မာစန်းသီအောင်စက်မှုထုတ်လုပ်မှုကုမ္ပဏီတို့သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်အရှေ့ခြမ်း၊ သပြေပင်ဒေသရှိ ရွှေသတ္တုအကြီးစားလုပ်ကွက် (C)အား ၈-၅-၂၀၁၂ ရက်မှ ၇-၅-၂၀၁၇ ရက်အထိ ခွင့်ပြုသက်တမ်းငါးနှစ်အတွင်း မိမိတို့ဆန္ဒအရ ပုတ်ပြတ်စနစ်ဖြင့် နိုင်ငံတော်သို့ ရွှေစင်(၃)မက်ထရစ်တန် ပေးသွင်းလုပ်ကိုင်လိုကြောင်း တင်ပြလျှောက်ထားမှုအရ နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ပါသည်။

သို့ရာတွင် ကုမ္ပဏီအနေဖြင့် နိုင်ငံတော်သို့ ပေးသွင်းရမည့်ကာလအလိုက် ရွှေစင်များထုတ်လုပ်ပေးသွင်းနိုင်မှုမရှိခြင်း၊ အကြီးစားထုတ်လုပ်မှုလုပ်ငန်းများနှင့်လျော်ညီစွာ ဆောင်ရွက်ထားမှုမရှိခြင်းစသည့် စည်းကမ်းသတ်မှတ်ချက်တို့ကို လိုက်နာမှုမရှိဘဲ ပျက်ကွက်ဖောက်ဖျက်ခဲ့ခြင်းတို့ကြောင့် စာချုပ်ပါစည်းကမ်းများအရ ၃၁-၈-၂၀၁၃ ရက်တွင် လုပ်ကွက်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ရက်ပေါင်း(၉၀)ကြိုတင်သတိပေးခဲ့ပြီး နောက်သတ်မှတ်ရက်ပြည့်သည့်နေ့တွင် စာချုပ်ပါစည်းကမ်းအရ နှစ်ဖက်သဘောတူစာချုပ်အားရပ်စဲ၍ လုပ်ကွက်ပိတ်သိမ်းခဲ့ပြီးဖြစ်ပါသည်။

သို့ပါ၍ ကုမ္ပဏီသို့ ထုတ်ပေးထားသော ထုတ်လုပ်မှုနှင့်အကျုံးဝင်မှုမရှိတော့သည့် ခွင့်ပြုမိန့် Permit မူရင်းနှင့် စာချုပ်မူရင်းများအား ကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသို့အမြန်ဆုံးမပျက်မကွက် ပြန်လည်အပ်နှံသွားရန်နှင့် ဆက်လက်ကိုင်ဆောင်ထားခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်းနှင့် အလွဲသုံးစားပြုလုပ်ခြင်းတို့ကို တွေ့ရှိပါက တရားဥပဒေအရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးအကြောင်းကြားအပ်ပါသည်။

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

ပျောက်ဆုံးခြင်း

ဦးဇော်တိက ၁၄/ရကန(သ)၀၀၁၁၃၄ ၏ ပတ်စ်ပို့သည် ၂၀-၂-၂၀၁၄ ရက်တွင် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဦးဇော်တိက
ဖုန်း-၀၉-၄၂၂၅၄၁၅၁၂

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုင်းရန်နောင် ၉/ခမစ(နိုင်)၀၆၄၈၇၀၏ ပတ်စ်ပို့နံပါတ် ၅၁၇၅၁၅မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။ **ဖုန်း-၀၉-၂၅၅၇၂၆၃၉၅**

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဝင်းကျော်၏သား မောင်အောင်အောင် ၁၂/ကမရ(နိုင်)၀၁၄၄၉၆ နှင့် မောင်အောင်အောင်ဟိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်အောင်အောင်(ခ)
မောင်အောင်အောင်ဟိန်း



ပြည်သူ့အကျိုးဖော်ဆောင်ဖို့
အခွန်မှန်စွာ ပေးဆောင်စို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်း၊ (၇၉)ရပ်ကွက်၊ မြေကွက်အမှတ် ၁၂၀၁ မြေဂရန် အမည်ပေါက် ဦးမြင့်ထွေး ၁၂/သဃက(နိုင်)၁၅၃၇၆၉ ထံမှ ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်ကျော်ဦး ၁၂/ကတတ(နိုင်)၀၀၂၃၉၇ ထံမှ ကျွန်မ ဇင်ဇင်မြင့်က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ခုနစ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မဇင်ဇင်မြင့်
၁၀/သတန(နိုင်)၀၄၂၈၁၄
ဖုန်း-၀၉-၈၆၁၃၇၀၆၊ ၀၉-၅၅၀၅၄၄၁

အမည်ပြောင်းခြင်း

အုတ်ဖိုမြို့နယ်၊ အမက(၁)အေးမြသာယာမှ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော ဦးဇော်မင်းထိုက် ၁၄/နတလ(နိုင်)၁၀၂၁၄၇ ၏သား မောင်စွမ်းထက်အား မောင်ဖွဲ့ပြည့်သူဟု ပြောင်းလဲခေါ်ပါရန်။

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၁၆၄၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် နေပြည်တော်၌ဖွင့်လှစ်

နေပြည်တော် မတ် ၂၇

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိခရိုင် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းမကြီးဘေး ဗဟိုစာတိုက်ကြီးအနီး၌ မတ် ၂၆ ရက် နံနက် ၉ နာရီက ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(နေပြည်တော်ဘဏ်ခွဲ)အား ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ ဦးမင်းထိန်၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသာဋ္ဌေး၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လင်း ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်ပေးခဲ့သည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဖွဲ့စည်းထား၍ ခွင့်ပြု မတည်ငွေကျပ်သန်း ၁၀၀၀၀၀ (ကျပ် ၁၀၀ ဘီလီယံ)ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိထားပြီး ရန်ကုန် ဗိုလ်တထောင်ဘဏ်ခွဲ၊ ဒဂုံမြို့နယ် ဒဂုံဘဏ်ခွဲ၊ နေပြည်တော်ဘဏ်ခွဲများဖွင့်လှစ်ထားရှိပြီးဖြစ်သည်။

ဆက်လက်၍ မန္တလေးမြို့ကြီးအပါအဝင် ကျန်တိုင်းဒေသကြီးများတွင်လည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကိုမျိုး(ရွှေပေါက္ကံ)

မီးခိုးငွေ့များမွန်၍ အမျိုးသားတစ်ဦးသေဆုံး

ရန်ကုန် မတ် ၂၇

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်တွင် မတ် ၂၆ ရက် နံနက်ပိုင်းက အဲယားကွန်းအပူလွှန်ကဲရာမှ ပလတ်စတစ်များ အရည်ပျော်ကာ မီးခိုးငွေ့များ မွှန်၍ အမျိုးသားတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြောက်ဥက္ကလာပမြို့နယ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မြောက်ဥက္ကလာပဆေးရုံကြီးသို့ အမျိုးသားတစ်ဦး သေဆုံးရောက်ရှိလာကြောင်းသတင်းအရ မတ် ၂၆ ရက် နံနက် ၅ နာရီခွဲက သွားရောက်စစ်ဆေးကြရာ သေဆုံးသူမှာ ရဲမြင့်အောင်(၂၉ နှစ်) မြောက်ဥက္ကလာပမြို့နယ်နေသူဖြစ်ကြောင်း သိရပြီး လက်နှင့် ခြေထောက်တို့တွင် အပူလောင်ထားသည့် အရည်ကြည်ဖုဒဏ်ရာများ ရရှိထားသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

ထို့နောက် ဖြစ်စဉ်ကို စုံစမ်းရာ ၎င်းသည် မိဘများနှင့်အတူ နေထိုင်ပြီး နေအိမ်အောက်ထပ်၌ တစ်ဦးတည်း နေထိုင်သူဖြစ်ကြောင်း၊ အဆိုပါ မတ် ၂၆ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က အိပ်ခန်းအတွင်း အိပ်ပျော်နေစဉ် အခန်းအတွင်း၌ တပ်ဆင်ထားသော ဝင်းဒိုးတိုက်အဲယားကွန်းမှ အပူရှိန်လွန်ကဲပြီး ပလတ်စတစ်များ အရည်ပျော်ကာ ၎င်းပေါ်သို့ စီးကျသဖြင့် အပူလောင်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် အိပ်ခန်းအတွင်း မီးခိုးငွေ့များရှူရှိုက်မိကာ မွန်းကျပ်သဖြင့် မြောက်ဥက္ကလာပဆေးရုံကြီးသို့ ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားခြင်းဖြစ်ကြောင်းသိရှိရသည်။**စိုးဝင်း(SP)**

ပျဉ်းမနားမြို့ အာဟာရသုခဈေးမှတစ်ဆင့် မီးလောင်မှုမဖြစ်ပွားစေရန် ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုကို မတ် ၂၆ ရက်က ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအောင်သူနှင့်အဖွဲ့သည် ဈေးအတွင်းရှိ ဆိုင်ခန်းများ ပစ္စည်းထားသိုမှု၊ လျှပ်စစ်မီးသုံးစွဲရေး အခြေအနေ၊ မီးသတ်ဆေးဘူးထားရှိမှု၊ ဖယောင်းတိုင်နှင့် အမွှေးတိုင်များ အသုံးမပြုရေး၊ မီးသတ်ရေကန်များ ရေရရှိမှု အခြေအနေတို့ကို စစ်ဆေးစဉ်။

မင်းမင်းလတ်(ရုပ်ဗေဒ)

ပစ္စည်းလုယူထွက်ပြေးသူများ ဖမ်းဆီးရမိရေးစုံစမ်းလျက်ရှိ

နေပြည်တော် မတ် ၂၇

မတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ဩစတြေးလျနိုင်ငံသား Mr. Kaan Peker (၃၂)နှစ် သည် တစ်နိုင်ငံတည်းသား အမျိုးသမီးအဖော်တစ်ဦးနှင့်အတူ တက္ကစီယာဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ချက်ထရီယမ်ဟိုတယ်သို့ ထွက်ခွာလာရာ တာမွေမြို့နယ် ဖိုးစိန်လမ်း Crystal Inn ရှေ့အရောက် ကားပေါ်မှဆင်း၍ ချက်ထရီယမ်ဟိုတယ် နေရာကိုမေးပြီး ဗဟန်းမြို့နယ် ဖိုးစိန်လမ်း ဘက်ခြမ်းသို့ကူးကာ လျှောက်လာစဉ် လူနှစ်ဦးမှ ဆိုင်ကယ်ဖြင့် အနားသို့ ရောက်လာပြီး Mr. Kaan Peker ၏ ဝဲလက်တွင်ဆွဲလာသော အပြာရောင် ခရီးဆောင်အိတ်ကို လုယူမောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ထိုသို့ လုယူထွက်ပြေးသဖြင့် ခရီးဆောင်လက်ဆွဲအိတ်တစ်လုံး၊ မီးခိုးရောင်ရှူးဖိနပ်တစ်ရန်၊ အမျိုးသမီးသုံး ခရီးဆောင်လက်ကိုင် ပိုက်ဆံအိတ်တစ်လုံး၊ အမျိုးသမီးသုံးလက်ဆွဲအိတ်တစ်လုံး၊ ရှပ်အင်္ကျီသုံးထည်၊ ဘောင်းဘီရှည် နှစ်ထည်နှင့် INC တံဆိပ် လက်ပတ်နာရီတစ်လုံး စုစုပေါင်းတန်ဖိုး ဩစတြေးလျဒေါ်လာ ၁၂၂၅၀ (ငွေကျပ် ၁၁၀၂၅၀၀၀) ပါသွားခဲ့သဖြင့် အရေးယူပေးရန် တိုင်တန်းခဲ့သောကြောင့် ဗဟန်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးနှင့် ပျောက်ဆုံးပစ္စည်းများကို ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ရဲပြန်ကြား)

တရားမဝင်ကျွန်းတံခါးချပ်များနှင့် ခွဲသားများဖမ်းဆီးရမိ

ကျောက်တံခါး မတ် ၂၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်မြို့ ချောင်းကျေးရွာအုပ်စုတွင် မတ် ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးအရာရှိ ဦးသက်ဝေနှင့်အဖွဲ့သည် ဒညင်းကုန်းကွက်သစ်နေ ဦးစိုးနိုင်(၃၅ နှစ်) နေအိမ်နှင့် ခြံချင်းကပ်လျက်ရှိသော ဒေါ်မြင့်မြင့်နေအိမ်နှင့် မျက်စောင်းထိုးရှိ ဦးမြင့်ရွှေ (၅၉ နှစ်) လယ်လုပ်ကိုင်သူတို့၏ခြံဝင်းနှင့် နေအိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေရာ ကိုစိုးနိုင်နေအိမ်မှ ကျွန်းခွဲသားဆိုက်စုံ ၁၉၂ ချောင်း ၀ ဒသမ ၅၅၇၆ တန်၊ တံခါးချပ်ဆိုက်စုံ ခြောက်ချပ် ၀ ဒသမ ၀၃၆ တန် စုစုပေါင်း ၀ ဒသမ ၆၉၆၄ တန် ကာလတန်ဖိုးငွေကျပ် ၄၁၇၄၈၀၊ ဒေါ်မြင့်မြင့်နေအိမ်မှ တံခါးချပ်ဆိုက်စုံ ၁၆ ချပ် ၀ ဒသမ ၉၁၈၆ တန် ကာလတန်ဖိုးငွေကျပ် ၆၄၃၀၀၀၊ ဦးမြင့်ဆွေနေအိမ်မှ ကျွန်းခွဲသားဆိုက်စုံ ၂၂ ချောင်း ၀ ဒသမ ၁၀၆၄ တန်၊ တံခါးတစ်ချပ် စုစုပေါင်း ၀ ဒသမ ၁၂၀၄ တန်တို့ကို ညနေ ၇ နာရီခွဲတွင် ဖမ်းဆီးရမိခဲ့သည်။ **နေလင်း(ညောင်လေးပင်)**

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော SME ဘဏ်

Small & Medium Industrial Development Bank Limited

Safety Stability Satisfaction

လုံခြုံ ၊ စိတ်ချ ၊ မှန်ကန် ၊ မြန်ဆန် SMIDB Bank

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏

(၁၂)ခုမြောက် (ဗိုလ်ချုပ်ဈေးဘဏ်ခွဲငယ်) ကို (၂၅.၂.၂၀၁၄) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး

ယခု(၁၃)ခုမြောက် (ပုသိမ်ဘဏ်ခွဲ) အား (၂၈.၃.၂၀၁၄) ရက်နေ့တွင်

ပုသိမ်မြို့ ၌ အောင်မြင်စွာ ဖွင့်လှစ်လိုက်ပြီဖြစ်ပါသည်။

ဘဏ်နှင့်ဆက်သွယ်လိုသော မိတ်ဆွေများ၊ လုပ်ငန်းရှင်များ၊ အစုရှယ်ယာရှင်များ

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား အောက်ပါလိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (ဗိုလ်ချုပ်ဈေးဘဏ်ခွဲငယ်)
အခန်း(၃၀) ဗိုလ်ချုပ်အောင်ဆန်းဈေးအရှေ့ဘက်တန်း
ဗိုလ်ချုပ်အောင်ဆန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့
ဖုန်း - ၀၁ ၂၄၃၅၂၈
ဖက်(စ်) - ၀၁ ၂၅၆၀၇၅

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (ပုသိမ်ဘဏ်ခွဲ)
အမှတ် (၄၈)၊ (၄)ရပ်ကွက်
ကုန်သည်လမ်း ပုသိမ်မြို့
ဖုန်း - ၀၄၂ ၂၃၉၃၉
ဖက်(စ်) - ၀၄၂ ၂၃၉၁၈၊ ၀၄၂ ၂၃၉၂၀

နိုင်ငံတကာအားကစား

အိုးထရက်ဖို့ဒ်မှာမန်ယူတို့ အမှတ်ပြည့်ယူနိုင်ပါ့မလား

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ် (၃၂) ကို မတ် ၂၉ ရက် ညပိုင်းမှာဆက်လက်ကစားမှာမို့ အာဆင်နယ်နဲ့မန်စီးတီး၊ မန်ယူနဲ့ဗီလာတို့ပွဲတွေက ပရိသတ်တွေအတွက် ရင်ခုန်စရာဖြစ်စေဦးမှာပါ။ ဒါ့အပြင် လီဗာပူးနဲ့စပါးတို့ပွဲကလည်း အကြိတ်အနယ်ဖြစ်စေမယ့် စွမ်းဆောင်မှုတွေနဲ့အတူ ဘယ်လိုရလဒ်တွေ ထွက်လာမယ်ဆိုတာကလည်း ပဟေဠိတစ်ပုဒ်လိုဖြစ်နေပြန်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ပရီမီယာလိဂ်ပွဲစဉ်တွေကလည်း စိတ်ရောင်စုံခံစားမှုတွေ ပေးစွမ်းနေဦးမှာ အမှန်ပါပဲ။

မန်ယူနှင့် ဗီလာ

ဒီနှစ်ဘောလုံးရာသီမှာ ဖိအားတွေနဲ့ ရင်ဆိုင်နေရပြီး ကမောက်ကမရလဒ်တွေနဲ့ ဖြတ်သန်းနေရတဲ့ မန်ယူဟာ အခုပွဲအိုးထရက်ဖို့ဒ်ကွင်းမှာတော့ အမှတ်ပြည့်ရအောင်ယူပါလိမ့်မယ်။ မန်ယူဟာ ဥရောပလိဂ်ပြိုင်ပွဲကို အပြိုင်ဖြစ်နေတဲ့ ဗီလာနဲ့ ရင်ဆိုင်ရတာဖြစ်လို့အင်အားပြည့်ပွဲထွက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့် ဗီလာဟာ မန်ယူကိုအကျပ်အတည်းတွေ့အောင်ကစားနိုင်တဲ့ အသင်းဖြစ်ပြီး အမှတ်ခွဲနိုင်ရေးကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ရာသီကုန်မှာ မျှော်မှန်းချက်ပြည့်ဝအောင် ရုန်းကန်နေတဲ့မန်ယူဟာ ပရိသတ်တွေ စိတ်ပျက်အောင်တော့လုပ်ဆောင်မှာ မဟုတ်ဘူးလို့ ယုံကြည်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်နှင့် ချယ်လ်ဆီး

ပရီမီယာလိဂ်ဖလား ရယူဖို့အတွက် တန်းစီဇယားထိပ်ဆုံးက ဦးဆောင်ပြေးနေတဲ့ ချယ်လ်ဆီးဟာ ပွဲတိုင်းရလဒ်ကောင်းအောင်ကြိုးစားနေတာမို့ အခုပွဲမှာလည်း ပဲလေ့စ်တို့ကျော်လွှားဖို့ ခက်ခဲပါလိမ့်မယ်။ ခရစ္စတယ်ပဲလေ့စ်ရဲ့အားထုတ်မှုက အားရစရာတော့မကောင်းပေမယ့် ချယ်လ်ဆီးတို့ လျှော့တွက်လို့တော့ မရနိုင်ပါဘူး။ ဒီပွဲအတွက် ယုံကြည်မှုပေးရမယ့်အသင်းဆိုရင်တော့ ချယ်လ်ဆီးပဲဖြစ်ပါတယ်။

ဆောက်သမ်တန်နှင့် နယူးကာဆယ်

ဆောက်သမ်တန်ဟာ နယူးကာဆယ်ကိုဖိအားပေးကစားနိုင်တဲ့ စွမ်းရည်ရှိနေပါတယ်။ နယူးကာဆယ်ဟာ လောလောဆယ်မှာ အမှတ်တွေလိုအပ်နေတာမို့ ဒီပွဲမှာ ဆောက်သမ်တန်ကိုတွန်းအားပေးဖို့ အပြင်းအထန်ကြိုးစားမှုရပါလိမ့်မယ်။

ဆောက်သမ်တန်ဟာ ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲကစားထားလို့ အခုပွဲမှာ အိမ်ကွင်းစွမ်းဆောင်မှု မြင့်တက်လာဖို့ရှိနေတာတော့ အမှန်ပါပဲ။ ။

နိုင်ငံတကာပြည်တွင်းလိဂ် နှင့် ဂိုးရလဒ်များ (သီဟ)

ပြင်သစ်လီဂူး ပွဲစဉ်(၃၁) **မတ် ၂၉**

နိုက်စ်	-	ပီအက်စ်ဂျီ	နံနက် ၂း၀၀

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၈) **မတ် ၂၉**

ရှော်လ်ကေး	-	ဟာသာဘာလင်	နံနက် ၂း၀၀

နိုင်ငံတကာ ပြည်တွင်းလိဂ် ဂိုးအများဆုံး

၁။	ဆွာရက်ဇ်	(လီဗာပူး)	၂၈ဂိုး
၂။	စီရော်နယ်ဒို	(ရီးရဲမက်ဒရစ်)	၂၇ဂိုး
၃။	အီဗရာဟီမိုဗစ်	(ပီအက်စ်ဂျီ)	၂၅ဂိုး
၄။	တီဗက်ဇ်	(ဂျူဗင်တပ်စ်)	၁၈ဂိုး
၅။	မန်ဇူကစ်	(ဘိုင်ယန်မြူးနစ်)	၁၇ဂိုး

မတ် ၂၇ ဂိုးရလဒ်များ

ဝက်စ်ဟမ်း	၂-၁	ဟားလ်စီးတီး
နရင်ဘတ်	၂-၀	စတုဂတ်
ဟော်ဖန်ဟိမ်း	၃-၁	ဟန်နိုဗာ
အော့စ်ဘတ်	၁-၃	လေဗာကူဆင်
ဟမ်းဘတ်	၁-၁	ဖရိုင်းဘတ်
ဖရန့်ဖတ်	၁-၀	ဂလက်ဘတ်
ချီယေဗို	၃-၀	ဘိုလော့ဂ်နာ
ကက်ဂလီယာရီ	၁-၀	ဗီရိုနာ
ဂျီနိုအာ	၂-၀	လာဇီယို
အတ္တလန္တာ	၂-၀	လီဗော်နို
ဖီအိုရင်တီးနား	၀-၂	အေစီမီလန်
ကာတာနီးယား	၂-၄	နာပိုလီ
ဆက်ဆူအိုလို	၁-၂	ဆမ်ဒိုးရီးယား
ဘာစီလိုနာ	၃-၀	ဆယ်လ်တာဗီဂို
ဗယ်လက်ကာနို	၁-၀	အိုဆာဆူနာ
အက်သလက်တီကို	၁-၀	ဂရန်နာဒါ

လီဗာပူးဖလားဆွတ်ခူးရန်နီးလာ

ပရီမီယာလိဂ်ပွဲစဉ် (၃၁) အဖြစ် လီဗာပူးနှင့် ဆန်းဒါးလန်းတို့ မတ် ၂၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ လီဗာပူးက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ကာ ဇယားဒုတိယနေရာတက်လာသည်။ လီဗာပူးတို့ အနိုင်ဂိုးနှစ်ဂိုးကို ပထမပိုင်းတွင်သွင်းယူပြီး ဆန်းဒါးလန်းကို ခြေစွမ်းအသာစီးဖြင့် ကစားခဲ့သည်။ လီဗာပူးအတွက် အဖွင့်ဂိုးကို ဂျရတ်က ပွဲချိန် ၃၉ မိနစ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့သည်။ ဒုတိယအနိုင်ဂိုးကို စတာရစ်က ၄၈ မိနစ်တွင် သွင်းယူခဲ့သည်။ ယင်းဂိုးမှာ စတာရစ်၏ ယခုနှစ်အတွင်း သွင်းယူခဲ့သည့်ဂိုး ၂၀ မြောက် လိဂ်ဂိုးဖြစ်သည်။ လီဗာပူးအသင်းသည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးရန် နီးစပ်နေသည်။ ခုနစ်ပွဲဆက်တိုက်အနိုင်ရပြီး ထိပ်ဆုံးရောက် ချယ်လ်ဆီးနှင့် တစ်မှတ်သာကွာသည်။ ပွဲစဉ် ၃၁ အပြီး ချယ်လ်ဆီးက ရမှတ်အများဆုံးနှင့် ဦးဆောင်နေသည်။

စီးရီးအေတွင် ဂျူဗင်တပ်စ်အသင်း ၁၄ မှတ် အသာဖြင့် ဦးဆောင်

ဂျူဗင်တပ်စ်အတွက် ကားလို့စ်တီဗက်ဇ်က အနိုင်ဂိုးနှစ်ဂိုးသွင်းပြီး တစ်ယောက်ထုတ်ခံခဲ့ရသော ပါးမားကို အနိုင်ယူကာ စီးရီးအေထိပ်ဆုံးနေရာတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ မန်ယူနှင့်မန်စီးတီးတိုက်စစ်မှူးဟောင်း ကားလို့စ်တီဗက်ဇ်က ၂၅ မိနစ်တွင် နောက်တန်းကစားသမားနှစ်ဦးကို ကျော်ဖြတ်ကာ အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။

ချေပဂိုးသွင်းယူ

ယင်းဂိုးသွင်းပြီး ခုနစ်မိနစ်အကြာ ဒုတိယဂိုးသွင်းယူခဲ့သည်။ ပါးမားအသင်းမှ မို့လီနာရိက ၆၂ မိနစ်တွင် ချေပဂိုးသွင်းယူခဲ့သည်။ အမာရီကြမ်းတမ်းစွာကစားခဲ့၍ ၆၅ မိနစ်တွင် အနီကတ်ဖြင့်ထုတ်ခံရပြီး တစ်ယောက်လျော့ဖြင့် ဂျူဗင်တပ်စ်ကို ပါးမားတို့ ခံကစားရသည်။ ဂျူဗင်တပ်စ်၏ ယင်းအနိုင်ပွဲသည် ယခုနှစ်အတွင်း ၂၆ ပွဲမြောက် အနိုင်ပွဲဖြစ်ပြီး ပါးမားအသင်း၏ ၁၇ ပွဲ ရှုံးပွဲမရှိ စံချိန်ကိုလည်း အဆုံးသတ်ပေးလိုက်ခြင်းလည်းဖြစ်သည်။ ဂျူဗင်တပ်စ်သည် ယင်းပွဲအပြီး ကစားရန် ရှစ်ပွဲအလို ဒုတိယနေရာမှ ရိုးမားကို ၁၄ မှတ်ဖြတ်ထားသည်။

ကောင်းမြတ်သူ-ရေးသည်

ရီးရဲမက်ဒရစ် နှစ်ပွဲဆက်တိုက်ရှုံးပွဲကြုံ

စပိန်လာလီဂါပြိုင်ပွဲများအဖြစ် ဆီဗီလာနှင့်ရီးရဲမက်ဒရစ်တို့ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့သည်။ ယင်းရှုံးနိမ့်မှုသည် တစ်ပတ်အတွင်း ဒုတိယမြောက်ရှုံးနိမ့်မှု ဖြစ်သည်။ စီရိုနယ်ဒိုက ရီးရဲမက်ဒရစ်အတွက်အဖွင့်ဂိုးသွင်းယူပေးနိုင်သော်လည်း အပိုင်ဂိုးသွင်းခွင့်များ လွဲချော်သွား၍ ပဋ္ဌမနေရာမှ ဆီဗီလာကို ရှုံးနိမ့်ခဲ့ရသည်။ ဆီဗီလာအသင်းမှ ကားလို့စ်ဘက်ကာက ချေပဂိုးနှင့်အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ်က ရှုံးပွဲကြုံချိန် ပြိုင်ဘက်များဖြစ်သည့် အက်သလက်တီကိုနှင့် ဘာစီလိုနာတို့က နိုင်ပွဲများရရှိခဲ့သည်။ ယင်းရလဒ်များကြောင့် အန်ဆယ်လော့တီ၏ ရီးရဲမက်ဒရစ်သည် တတိယနေရာရောက်ရှိသွားသည်။

SMIDB

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်

အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(ပုသိမ်ဘဏ်ခွဲ)အား

၂၈-၃-၂၀၁၄ရက်တွင် အောင်မြင်စွာဖွင့်လှစ်လိုက်ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ရှေ့ဆက်လက်ပြီး ဘဏ်ခွဲများလည်း ဖွင့်လှစ်၍ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်

စိန်ရွှေထိပ်တန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

ဌာနဆိုင်ရာ

လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီသို့ မေးမြန်း အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

၂၅ ရက်နေ့မှ အဆက်

မြစ်ကျိုးကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီမှ ဆောင်ရွက်ပေးမှုအခြေအနေ

- စစ်တောင်းမြစ်တူးဖော်ရေးလုပ်ငန်းကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ပေးပို့ညှိနှိုင်းထားပြီး ဖြစ်ပါသည်။

ရွှေကျင်မြို့နယ်တွင် ရော်ဘာစိုက်ပျိုးရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီမှ ဆောင်ရွက်ပေးမှုအခြေအနေ

- ရွှေကျင်မြို့နယ်တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ရော်ဘာစိုက်တောင်သူများ၏ ရော်ဘာထပ်မံစိုက်ပျိုးရန် ကိစ္စနှင့်ပတ်သက်၍ ကန့်သတ်ချက်ရှိနေခြင်းအား ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့သို့ တင်ပြညှိနှိုင်းပေးပြီးဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး

လယ်ယာသုံးစက်ကိရိယာပတ်သက်၍ မေးမြန်းချက်အပေါ် စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ

- တန်ဖိုးကြီးမားသော ထွန်စက်ကြီးနှင့် ရိတ်သိမ်းခြွေလှေ့စက်များ ဝယ်ယူမည်ဆိုပါက နီးစပ်ရာ လယ်သမားနှစ်ဦး၏ ထောက်ခံချက်ဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ လယ်သမား၏ပိုင်ဆိုင်မှုကို ကွင်းဆင်းစိစစ်၍ ရောင်းချပေးခြင်း၊ ပြုပြင်ထိန်းသိမ်းနည်းစနစ်သင်တန်းများ ပို့ချပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးစရိတ်ချေးငွေနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်ပေးမှုအခြေအနေ

- စပါးသီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် ယခင်ကတစ်ဧကလျှင် တစ်သောင်းကျပ်၊ နှစ်သောင်းကျပ်နှုန်း ချေးပေးခဲ့ရာမှ ယခုနှစ်တွင် တစ်သိန်းကျပ်နှုန်းဖြင့် စုစုပေါင်း သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေပေါင်းကျပ် ဘီလီယံတစ်ထောင်ကျော် ထုတ်ချေးခဲ့ပြီးဖြစ်ပါသည်။ တောင်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် ချေးငွေများကို သီးနှံပေါ်ချိန်တွင် ပေးဆပ်နိုင်ရန်၊ မိုးချေးငွေကို မတ် ၃၁ ရက်နှင့် ဆောင်းချေးငွေကို ဇွန် ၃၀ ရက်နောက်ဆုံးထား၍ ပေးဆပ်ရန် သတ်မှတ်ပေးထားပါသည်။

ရေချို ငါး၊ ပုစွန် မွေးမြူရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ

- ကျေးလက်ဒေသဖွံ့ဖြိုးရေး ရေချိုငါး၊ ပုစွန်များကို တစ်နိုင်တစ်ပိုင်ဆောင်ရွက်ပေးရာတွင် Technical Support အနေဖြင့် ချောင်းသာတွင် Research Centre ဖွင့်ထားပါသည်။ တွံတေးတွင်ဓာတ်ခွဲခန်းတစ်ခုဖွင့်ရန်ရှိပါသည်။ ရေချိုငါး၊ ပုစွန်များ မွေးမြူရေးအတွက် ကော့မှူးတွင် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

ရှမ်းပြည်နယ်

လယ်ယာသုံးစက်ကိရိယာပတ်သက်၍ မေးမြန်းချက်အပေါ် စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်ပေးမှု အခြေအနေ

- ရိတ်သိမ်းခြွေလှေ့စက်များနှင့် ပတ်သက်၍ စက်မှုဝန်ကြီးဌာနတွင် ရိတ်သိမ်းခြွေလှေ့စက်အစီး ၄၀၀ကျော် ထုတ်ထားပြီးဖြစ်ပါသည်။ ဝယ်ယူရရှိရေးအတွက် ပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးစရိတ်အရင်းအနှီးရရှိရေးနှင့် ပတ်သက်၍မေးမြန်းချက်အပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်ရွက်ပေးမှု အခြေအနေ

- တောင်သူများ စိုက်ပျိုးစရိတ် အရင်းအနှီးရရှိစေရန် လယ်ယာမြေဥပဒေပုဒ်မ(၉) ပုဒ်မခွဲ(ခ)၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများအရ လယ်ယာမြေမှတ်ပုံတင်ပြီးချိန်တွင် အစိုးရဘဏ်များတွင် ပေါင်နှံနိုင်ကြောင်း ဖော်ပြထားပါသည်။

သိမ်းဆည်းလယ်ယာမြေကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ

- သိမ်းဆည်းမြေကိစ္စကို မြေအသုံးချစီမံခန့်ခွဲရေးကော်မတီဖြင့် စိစစ်ညှိနှိုင်းပေးလျက်ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် တပ်မတော်မှ သိမ်းဆည်းထားသောမြေကိစ္စနှင့်ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီစိစစ်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြေဩဇာဝယ်ယူရရှိရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမှုအခြေအနေ

- မြေဩဇာကို ယခင်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဖြန့်ဖြူးရောင်းချပေးခဲ့ပြီး ၂၀၀၄ခုနှစ်မှစ၍ ပုဂ္ဂလိက ကဏ္ဍကိုလွှဲပြောင်းပေးခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟုပါရှိ၍ နည်းပညာနှင့် ဥပဒေပိုင်းကိုသာ ဝန်ကြီးဌာနမှဆောင်ရွက်ရမည်ဖြစ်သောကြောင့် မြေဩဇာကိစ္စနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနမှထုတ်သော ယူရီးယားကို သုံးစွဲလိုပါက သက်ဆိုင်ရာကျေးရွာ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှတစ်ဆင့် ပြည်နယ်စိုက်ပျိုးရေးဝန်ကြီး၏ ထောက်ခံချက်ဖြင့် လျှောက်လွှာများကို စွမ်းအင်ဝန်ကြီးဌာနသို့ တိုက်ရိုက်လျှောက်ထား၍ လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး

ဒီရေတောစိုက်ခင်းများတွင်ပုစွန်တွဲဖက်မွေးမြူရေးနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ် မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်ပေးမှု အခြေအနေ

- ဒီရေတောစိုက်ခင်းများ စိုက်ပျိုးပြီး ပုစွန်မွေးမြူခြင်းလုပ်ငန်းတွဲဖက် ဆောင်ရွက်လိုပါက Aqua Forestry စနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများကို သစ်တောပြုန်းတီးနေသော နေရာများတွင် အနီးအနားကျေးရွာပြည်သူလူထုနှင့် ပြေလည်စွာညှိနှိုင်း၍ တည်ထောင်ခွင့်ပြုသွားမည်။

အင်းဂရန်ဘုံအင်းကိစ္စနှင့် ပတ်သက်၍ မေးမြန်းချက်အပေါ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမှု အခြေအနေ

- လွန်ခဲ့သော(၁၅)နှစ်ခန့်က ဝန်မြစ်ရေတိုက်စားမှုကိုကာကွယ်ရန် ဆည်မြောင်းဦးစီးဌာနမှ ရေကာတာထုတ်တန်းများရိုက်ရာမှ အဆိုပါအိုင်ကွက်တစ်ကွက်ပေါ်ထွန်းပြီး ရေလုပ်သားများလွတ်လပ်စွာရှာဖွေစားသောက်လုပ်ကိုင်ခဲ့ပါသည်။ ၎င်းသည် အင်းမြေပုံတွင် မပါရှိသဖြင့် ကိုင်းသမား၊ ရေလုပ်သားနှင့်အင်းသားကြီးများ နှစ်စဉ်ပြဿနာပေါ်ပေါက်လျက်ရှိပြီး ဒေသခံ ရေလုပ်သားနှင့် ပြဿနာမဖြစ်ပွားစေရေးအတွက် ၎င်းအင်း၏ နောက်ချုပ်အပိုင်းကို ဘုံစားအဖြစ် သတ်မှတ်ခွင့်ပြုချက်ဖြင့် လေလံတင်ရောင်းချခဲ့ပါသည်။ ရေချိုငါးလုပ်ငန်းစီမံခန့်ခွဲမှုများနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါသဖြင့် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြလမ်းညွှန်မှုခံယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ပျဉ်းမနားမြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်း

နေပြည်တော် မတ် ၂၇

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းစစ်/စာရင်းကောက် သင်တန်းဆင်းပွဲနှင့်ခန့်အပ်လွှာပေးအပ်ခြင်း အခမ်းအနားကို မတ် ၂၂ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ မြို့မအခြေခံပညာ မူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမော်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းအတွက် စာရင်းစစ်၊ စာရင်းကောက် ဆရာဆရာမများအား ခန့်အပ်လွှာပေးအပ်ပြီးနောက် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးအတွက် (အဖွဲ့အစည်း) စာရင်းစစ်၊ စာရင်းကောက်များအား ခန့်အပ်လွှာများပေးအပ်ခဲ့သည်။ **(၁၃၉)**

သန်းခေါင်စာရင်းကောက်ယူရေးမြို့နယ်အဆင့် စာရင်းစစ် စာရင်းကောက်သင်တန်းပိတ်ပွဲကျင်းပ

ကျောက်တလုံးကြီး မတ် ၂၇

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ်ခွဲတွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းပိတ်ပွဲကို မတ် ၂၂ ရက် နံနက် ၁၀ နာရီက ကျောက်တလုံးကြီးမြို့နယ်ခွဲ အထကကျောင်းခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးထက်လင်းနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ခွဲသန်းခေါင်စာရင်း ကော်မတီဝင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းမှူး ဦးအောင်မင်းက သန်းခေါင်စာရင်းဆိုင်ရာဥပဒေနှင့် လုံခြုံရေးပိုင်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ခွဲသန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းဦးက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို စာရင်းစစ်၊ စာရင်းကောက်လုပ်မည့် ဆရာဆရာမများအနေဖြင့် သင်တန်းတွင် ပြည့်ပြည့်စုံစုံသင်ယူကြပြီးဖြစ်ကြောင်း မိမိတာဝန်ကျရာနေရာတွင် ဦးစွာရပ်ကွက်ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများထံသို့ သတင်းပို့ဆက်သွယ်ဆောင်ရွက်သွားကြပါရန် ပြောကြားပြီး သင်တန်းဆင်းပွဲကျင်းပခဲ့ကြောင်း သိရသည်။ **ရွှေရွှေမြင့်**

သင်္ကြန်မိုးကုတ်ဝိပဿနာ တရားစခန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ လိပ်ပြာကန်တိုက်အတွင်းရှိ မြတ်တံခွန်စာသင်တိုက်တွင် (၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၅ ရက်) ၁၃-၄-၂၀၁၄ ရက်မှ ၁၉-၄-၂၀၁၄ ရက်အထိ တရားစခန်းဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများသည် မြတ်တံခွန်စာသင်တိုက်သို့ စာရင်းပေးသွင်းနိုင်ကြပါသည်။ (အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ လှူဒါန်းနိုင်ပါသည်။) မြတ်တံခွန်စာသင်တိုက်တွင် ပေ(၈၀×၅၀) သိမ်ကျောင်း၊ ဓမ္မာရုံတော်ကြီး ဆောက်လုပ်နေပါသည်။ အလှူရှင်များ၊ ကမ္ပည်းတင်၍ လှူဒါန်းနိုင်ပါသည်။

မြတ်တံခွန်စာသင်တိုက်

ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌

၂၀၁၄ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၇၂

ကွယ်လွန်သူဒေါ်ခင်ကျော့စိန်နှင့် ဒေါ်အေးအေးသန်း ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဦးအောင်နေထွန်း　　　　လျှောက်သူ

တိုက် ၂၃၊ အခန်း(၂)၊ အမှတ်(၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးအောင်နေထွန်းက ကွယ်လွန်သူ ဒေါ်ခင်ကျော့စိန်နှင့် ဒေါ်အေးအေးသန်းတို့၏ ခင်ပွန်းနှင့်မောင်ဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဒေါ်ခင်ကျော့စိန်နှင့် ဒေါ်အေးအေးသန်းမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ခင်ကျော့စိန်နှင့် ဒေါ်အေးအေးသန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ် ဧပြီ ၂၉ ရက် (၁၃၇၆ ခုနှစ် ကဆုန်လဆန်း ၁ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဦးအောင်နေထွန်း၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် မတ် ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိမ်းဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄-အေ၊မြေကွက်အမှတ် ၂၄၉၊ မြေကွက်တည်နေရာအမှတ် မ-၄၀၊ ဇောတိကလမ်း၊ ဒွေးကြွယ်(က)ရပ်ကွက်၊ တာမွေ (ကိုမောင်လွင်နှင့် ဇနီးမခင်စန်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ကိုမောင်လွင်(ဖခင်)နှင့် မခင်စန်း(မိခင်) တို့ကွယ်လွန်သဖြင့် ဒေါ်နီနီ ၁၂/တမန(နိုင်)၀၀၇၈၇၀၊ ဒေါ်အေးအေးလွင် ၁၂/တမန(နိုင်)၀၀၇၈၆၉၊ ဒေါ်သင်းသင်းလွင် ၁၂/တမန(နိုင်)၀၀၇၈၆၈တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၁၂၈၄၊ မြေကွက်တည်နေရာအမှတ် ၁၂၈၄၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (ဦးခင်မောင်) CK-၀၀၀၈၂၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်(တရားရှုံး) ကိုယ်စား ဘိလစ် ဒေါ်နှင်းဝင့်ဝင့်ဖြူ ၈/ဆဖန(နိုင်)၀၅၁၂၄၃က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးအမှုအမှတ် ၉၈/၁၃၊ ၂၆-၆-၁၃ နှင့် တရားမဇာရီအမှုအမှတ် ၁၁၄/၁၃(၆-၁-၂၀၁၄)တင်ပြ၍ အရောင်းအဝယ်စာချုပ် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၁၁၅၆၊ မြေကွက်တည်နေရာအမှတ် ၁၁၅၆၊ ရတနာပုံ ၄ လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးတင့်ဆွေ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင့်ဆွေ(ဖခင်) နှင့် ဒေါ်မြင့်မြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသား ဦးအောင်မျိုးဝင်း ၁၂/သကတ(နိုင်)၀၂၂၃၅၀ က သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/တောင်၊ မြေကွက်အမှတ် ၈၀၁/ခ၊ မြေကွက်တည်နေရာအမှတ် ၈၀၁/ခ၊ မာန်ပြေ ၂ လမ်း၊ (၂/တောင်)ရပ်ကွက်၊ သာကေတမြို့နယ် ဦးအောင်သန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်သန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်အေးမြင့် ၁၂/သကတ(နိုင်)၀၀၆၁၀၃ က သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၂၊ မြေကွက်အမှတ် ၅၅၁/ခ၊ မြေကွက်တည်နေရာအမှတ် ၅၅၁/ခ၊ နတ်မောက်လမ်း၊ (၁၀)ရပ်ကွက်၊ (ဦးမင်းဦး)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမင်းဦးထံမှ အရပ်ကတိ အရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးလှသိန်း၏ မေတ္တာဖြင့် အပိုင်ပေးအပ်ခြင်းခံရသူ ဒေါ်မြ ၁၂/အလန(နိုင်)၀၀၉၂၁၂က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ဝန်ခံကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၆၁၆/က၊ မြေကွက်တည်နေရာအမှတ် ၆၁၆/က၊ သဒ္ဒါရုံ ၄ လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမှုတူး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးမှုတူး (ဖခင်)နှင့် ဒေါ်မြအေး(မိခင်)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးစိန်မြင့် ၁၂/သကတ(ပြု)၀၀၀၄၁၉ မှ သေစာရင်း၊ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဂျပန်မှ ပံ့ပိုးမှုဖြင့် ညောင်တုန်းမြို့နယ်အတွင်း တံတားတည်ဆောက်

ညောင်တုန်း မတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပေစိကျွန်းကျေးရွာတွင် ဂျပန်နိုင်ငံ၏ လှူဒါန်းမှုဖြင့် ကျေးရွာချင်းဆက် R/C ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတား တည်ဆောက်ပြီးစီးပါက ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီးနှင့် ကျေးရွာ၁၆ ရွာခန့် လမ်းကွန်ရက်စနစ် ချိတ်ဆက်ကောင်းမွန်လာနိုင်မည် ဖြစ်ကြောင်း သိရသည်။

ကေခိုင်ဦးကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ဦးမြင့်လွင်က "ပေစိကျွန်းရွာသားတစ်ယောက်ပါ။ သူကကုမ္ပဏီကိစ္စနဲ့ သွားလာရင်း ရေပေးဝေရေးစီမံကိန်းတစ်ခုမှာ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးက တာဝန်ရှိသူတွေနဲ့ ချိတ်ဆက်မိပြီးကျွန်တော်ရဲ့ ရွာလေးမှာ လှူဒါန်းပေးနိုင်မယ်ဆိုရင် ကုန်စည်စီးဆင်းမှုအတွက်အခက်အခဲ၊ကျောင်းသွား ကျောင်းပြန်အတွက် နှောင်နှေးကြန့်ကြာမှု၊ လမ်းပန်းဆက်သွယ်ရေးအတွက် အဟန့်အတား စတာတွေ အမြဲလို အဆင်မပြေဖြစ်နေတယ်။ ကျွန်တော်တို့ရွာနားကရိုးချောင်းတစ်ခုကို တံတား ဆောက်ပေးချင်တယ်လို့ပြောတယ်။ သူတို့ သုံးကြိမ်လာကြည့်ပါတယ်။ သူတို့ဘက်က ဂျပန်နိုင်ငံရဲ့ ဘဏ္ဍာအခွန်ငွေနဲ့လှူပါတယ်။ မြန်မာကျပ်ငွေ သိန်းပေါင်း ၁၁၁၇ ဖြစ်ပါတယ်။ ပေ ၁၆၀ ရှိတဲ့ R/C ကွန်ကရစ်တံတား အမျိုးအစားပါ။ ကေခိုင်ဦး ကုမ္ပဏီက တည်ဆောက်နေတာ ဖြစ်ပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းအောင်၏ ပြောကြားချက်အရ သိရသည်။

ယခုအခါ ပြည်ထောင်စု တစ်နံတစ်လျားတွင် နိုင်ငံချင်းဆက်၊ တိုင်းဒေသကြီးချင်းဆက်၊ ခရိုင်ချင်းဆက်၊ မြို့နယ်ချင်းဆက်၊အုပ်စုဆက်/ကျေးရွာချင်းဆက်လမ်းများ အနှံ့အပြားဆိုသလို အရှိန်အဟုန်မြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဖော်ပြပါ ပေစိကျွန်းတံတား ဆောက်လုပ်ပြီးစီးပါက ပေစိ-ဘောလုံး-ကညင်ကောက်-ကျောက်တိုင်-စာဖြူစု-ကျုံရစ်-ရှမ်းစု-ကျုံတမာ-ထိပ်ဝကြီး-ဂေါ်ဒူ-ရွာသာညွှန့်-ရွာသာအေး-ကုလားကုပ်-အောက်စု-ဘုရားကုန်း-ပြာသာ စသောကျေးရွာများ၏ ကုန်စည်စီးဆင်းမှု သွားလာဆက်သွယ်ရေး ချောမွေ့မှု စသောကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်လာမည်သည်။ **သပြေထွန်း**

မင်းဘူးမြို့နယ် ကျေးလက်တောင်သူများ နွေရာသီမန်ကျည်းသီးခူးဆွတ်ရောင်းချခြင်းဖြင့် အပိုဝင်ငွေတိုး

မကွေး မတ် ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းရှိ ကျေးလက်နေတောင်သူများ လယ်ယာမြေလုပ်ငန်းခွင်ရပ်နားချိန်တွင် အလေ့ကျပေါက်ရောက်သော မန်ကျည်းပင်များမှ ရာသီပေါ်မန်ကျည်းသီးများ ခူးဆွတ်၍ မြို့ပေါ်ပွဲရုံများသို့ တင်ပို့ရောင်းချခြင်းဖြင့် အပိုဝင်ငွေ တိုးလျက်ရှိကြောင်း သိရသည်။ ယခုနှစ်မန်ကျည်းသစ်ပေါ်ချိန်တွင် မကွေးမြို့မဈေးကြီး၏ မန်ကျည်းဈေးကွက်၌ ဧရာဝတီမြစ်အနောက်ဘက်ကမ်း မင်းဘူးမြို့နယ်ရှိ ဖလန်ရုံ၊ နန်းတော်ကုန်း၊ မန်ကျည်းသုံးပင်၊ ရေငံ၊ ပက်ပယ်နှင့် အခြားကျေးရွာများမှ အများဆုံး တင်ပို့ကြောင်း သိရသည်။

"မကွေးမြို့မဈေးကြီးကို မြစ်အနောက်ဘက် တစ်ကျောကျေးရွာတွေက မန်ကျည်းအသစ်တွေ အဝင်များတယ်။ မန်ကျည်းကို ကျေးရွာတွေမှာပဲ အခွံချွတ်၊ အစေ့ထုတ်၊ အကြောစင်ပြီး မန်ကျည်းအချောတွေပဲ လာရောင်းကြတာများတယ်။ ပွဲရုံတွေကလည်း မန်ကျည်းအကြမ်းကို သန့်စင်ဖို့ အလုပ်သမားငှားရရင် ကရိကထများပြီး စရိတ်ထောင်းတာကြောင့် မကိုက်ကြဘူး။ မန်ကျည်းသစ်ပေါ်ချိန်မှာ တချို့က မန်ကျည်းကို အချောသန့်ပြီး အလေးချိန်တိုးအောင် ရေဖျန်း၊ ရေထိုးလုပ်တာမျိုးတွေလည်းရှိတယ်။ ပွဲရုံတွေကလည်း မန်ကျည်းပျော်ပြီး စိုနေရင် ဈေးကောင်းမပေးဘူး။ သူက လှောင်လို့၊ သိမ်းလို့မကောင်းဘူး။ ခြောက်သွေ့ပြီးသာမန်အနေအထားရှိမှ ဈေးကောင်းပေးတာ" ဟု မြို့မဈေး မန်ကျည်းပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကျေးလက် ဒေသခံများသည် နွေကုန်မိုးကူးကာလ မန်ကျည်းရှားချိန်များတွင် မန်ကျည်းသိုလှောင်ရန် မန်ကျည်းကုန်သည်များကရွာအရောက် ဆင်းဝယ်လေ့ရှိသော်လည်း ခရီးစရိတ်ကာမိစေရန် ဈေးနှိမ်လေ့ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ထက်ပိုမရသောကြောင့်

လတ်တလောမန်ကျည်း သီးသစ်များကိုသာ ကိုယ်တိုင်တစ်ပိုင်တစ်နိုင် သန့်စင်ပြီး တင်ပို့ရောင်းချလေ့ရှိသည်။ မန်ကျည်းသန့်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ ရပြီး ပွဲရုံများမှ ပြန်ရောင်းလျှင် ငွေကျပ် ၈၀၀ ဖြစ်ကြောင်း၊ မန်ကျည်းဟောင်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၉၀၀ ဖြင့် ဈေးကောင်းလျက်ရှိကြောင်း၊ မန်ကျည်းအချော(အသား)သန့်စင်ရာမှ ဘေးထွက်ပစ္စည်းများဖြစ်သော မန်ကျည်းအကြောများကို ထော်လာဂျီတစ်စီးလျှင် ငွေကျပ် ၇၀၀၀ ခန့်ရပြီး မန်ကျည်းအစေ့တစ်ပိဿာလျှင်လည်း ငွေကျပ် ၇၂၀၀ ဝန်းကျင်ရရှိသောကြောင့် ဒေသခံတောင်သူများ အပိုဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။ **ကျော်စွာ(မကွေး)**

မြိုင်မြို့၌ အမျိုးသမီးများအတွက် အိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်ပေး

မြိုင် မတ် ၂၇

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း အမျိုးသမီးများဘဝ မြင့်တက်စေရေးအတွက် အမျိုးသမီးအိမ်တွင်းမှု အဆင့်မြင့် စက်ချုပ်သင်တန်းနှင့် အိမ်တွင်းမှုသင်တန်းများကို မတ် ၂၆ ရက်က အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ သင်တန်းများသို့ မြိုင်မြို့နယ်အတွင်းမှ အမျိုးသမီးငယ် ၄၉ ဦးတက်ရောက်ခဲ့ပြီး သင်တန်းတွင် ထူးချွန်သူများကိုသက်ဆိုင်ရာ တာဝန်ရှိသူများမှ ဆုများပေးအပ်ခဲ့သည်။

အမျိုးသမီးအိမ်တွင်းမှုသင်တန်းများကို မြို့နယ်အသီးသီး ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး နိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများ စိတ်ဝင်တစားတက်ရောက်လျက်ရှိကြောင်း၊ အခြားသင်တန်းများလည်း ထပ်မံဖွင့်လှစ်ရန်ရှိကြောင်း အမျိုးသမီးရေးရာအဖွဲ့ မြိုင်မြို့နယ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **(၁၃၅)**

သတင်းတို

နွေရာသီအခြေခံယဉ်ကျေးလိမ္မာ တရားစခန်းဖွင့်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဘုမွော်ရပ် ကျန်းမာရေးလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၁၅)မှ ကြီးမှူး၍ (၁၂၁)ကြိမ်မြောက် နွေရာသီလူငယ်အခြေခံ ယဉ်ကျေးလိမ္မာအထူးတရားစခန်းကို အဆိုပါ မိုးကုတ်ဝိပဿနာဓမ္မာရိပ်သာတွင် မတ် ၂၄ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်လျက်ရှိသည်။ တရားစခန်းတွင် အရှင်ပဏ္ဍိတ (ဇမ္ဗူမေတ္တာဆရာတော်) B.A(Oriental) ပဓာနနာယကဆရာတော်၊ မိုးကုတ်ဝိပဿနာဇမ္ဗူမေတ္တာကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနစရိယ၊ နယ်လှည့်ကထိကနှင့် အရှင်ဉာဏဒီပ (ဓမ္မရတနာ)တို့ကယဉ်ကျေးလိမ္မာအခြေခံ ဗုဒ္ဓဘာသာ၊ ဝိပဿနာ၊ခန္ဓာဉာဏ်သစ္စာလေးပါး ပဋိစ္စသမုပ္ပဒ် တရားတော်မြတ်ကို ဟောကြားပြသသည်။ တရားစခန်းသို့ သင်တန်းသား စုစုပေါင်း ၄၅၈ ဦးတက်ရောက်သင်ကြား တရားရှုမှတ် ပွားများအားထုတ်ကြကြောင်းနှင့် သင်တန်းတွင် ထူးချွန်သောယောဂီများအား ဆုများချီးမြှင့်မည်ဖြစ်၍ ကုသိုလ်ဖြစ် ပါဝင်လှူဒါန်းလိုသူများသည် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ၊ အမှတ်(၁၅) ဖုန်း ၀၅၉-၂၂၂၇၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

ပြည်သူ့ဗဟိုပြုမီဒီယာလောက ဖွံ့ဖြိုးရေးဆောင်ရွက်

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်အစည်းအဝေးအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲကို မြိတ်ခရိုင်ရုံး အစည်းအဝေးခန်းမ၌ မတ် ၂၄ ရက်က ကျင်းပသည်။ ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီချို က နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံများကို မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင် ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းပြောကြားရာတွင် ၂၀၁၃ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုများအား သုံးသပ်ဆွေးနွေးပြီး ၂၀၁၄ခုနှစ်တွင် လုပ်ငန်းလျာထားချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ကြရန်လိုကြောင်း၊ ၂၃ နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် မီဒီယာထူးချွန်ဆုကိုရရှိခဲ့သည်မှာ ဝန်ထမ်းများ၏ စွမ်းဆောင်မှုကြောင့်ဖြစ်ကြောင်း၊ လာမည့်နှစ်တွင်လည်း ပိုမိုကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အများပြည်သူ့ဝန်ဆောင်မှု မီဒီယာလုပ်ငန်းများ သွက်လက်ထက်မြက်နိုင်ရေးအတွက် ဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

နွေစပါးကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုး

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဒေါ်ဘူးကူကျေးရွာအုပ်စု ဆည်မြောင်းဦးစီးဌာပိုင် စက်မှုလယ်ယာအဆင့်မြင့် လယ်ယာမြေ ၁၀ ဧကတွင် နွေစပါး ပုလဲသွယ်ကိုကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြပွဲကို မတ် ၂၅ ရက်က ကျင်းပခဲ့သည်။ သရုပ်ပြပွဲသို့ ပြည်နယ်/ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေး ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ တောင်သူလယ်သမားများ တက်ရောက်ကြသည်။ ကယားပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်နှစ်စီး ခွဲဝေရရှိထားပြီး အဆိုပါ ကောက်စိုက်စက်ဖြင့် နွေစပါး ၂၀ ဧက ပညာပေးစိုက်ပျိုးပြသနိုင်ရန် ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကျောက်တောင်ရပ်၊ ဘောဂလမ်း၊ အိမ်အမှတ် ၂၃၄ နေ ဒေါ်လှလှတင်နှင့် ဦးဇေယျအောင်ကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွက်ပြင်(၃)၊ အကွက်အမှတ်(RA-III)၊ ဦးပိုင်အမှတ်(၁/င)၊ မြေယာအမှတ်(4/D)၊ မြေဧရိယာ ၀ဒသမ ၆၇ဧကရှိ မြေနှင့်မြေပေါ်ရှိ နေအိမ်၊ လျှပ်စစ်မီတာတို့အတွက် ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးစန်းမောင်၏ အထူးကိုယ်စားလှယ် ဦးနေလင်းအောင်နှင့် ကျွန်ုပ်မိတ်ဆွေတို့မှ နေအိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား စာချုပ်စာတမ်းမှတ်ပုံတင်ရန် စီစဉ်နေပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားရုံးဒီကရီ၊ တားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှလှတင်နှင့်ဦးဇေယျအောင်ကျော်၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သာ LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၂၈၊ ၈လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၉၇၉၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဦးထွန်းနွယ် ၅/ခတန(နိုင်)၀၀၄၁၅၉ နှင့်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း ၅၀ နှင့် ဗိုလ်ချုပ်လမ်းထောင့်နေ ဒေါ်သန်းသန်းဦး ၅/မရန(နိုင်)၀၁၃၀၉၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးထွန်းနွယ် ပေါမိုင်းရပ်၊ ခန္တီးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းဦးနှင့် ဦးထွန်းနွယ်တို့သည် မောင်နှမဝမ်းကွဲတော်စပ်ကြသူများ ဖြစ်ပါသည်။ ဒေါ်သန်းသန်းဦးနှင့် ဦးထွန်းနွယ်တို့သည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ငုရွှေဝါလမ်း၊ ၆၁×၆၂ လမ်းကြား၊ အမှတ် ၉၊ ၈ျ/၁ ရှိ ဗိုလ်မှူးကြီးစန်းလွင်၏နေအိမ်၌ ၂၅-၁၂-၂၀၁၃ရက်က သက်သေ ဦးကိုလေးနှင့် ဦးသူရဘို(ခ)ဦးသူရဗိုလ်တို့ရှေ့၌ ဒေါ်သန်းသန်းဦးထံမှ ငွေကျပ် ၁၂၃၅၀၀၀၀/-ရယူကြောင်း စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။

စာချုပ်ချုပ်ဆိုရာတွင် ယူငွေကျပ် ၁၂၃၅၀၀၀၀/-မှ ၃၁-၁၂-၂၀၁၃ရက်တွင် ငွေကျပ်သိန်း ၅၀၀၀၀၀၀/-ကိုလည်းကောင်း၊ ၁၄-၂-၂၀၁၄ရက်တွင် ငွေကျပ် ၇၃၅၀၀၀၀/-ကိုလည်းကောင်း ဒေါ်သန်းသန်းဦးထံ ဦးထွန်းနွယ်မှ မပျက်မကွက်ပြန်ပေးမည်ဟု ကတိပြုချုပ်ဆိုခဲ့ပါသည်။

ဦးထွန်းနွယ်မှ ကတိဖောက်ဖျက်ပြီး ဖေဖော်ဝါရီလ ၂၀၁၄ခုနှစ်တွင်မှ ဒေါ်သန်းသန်းဦး၏ မတ်တော်သူ ဦးမျိုးမင်းလတ်ထံမှတစ်ဆင့် ငွေကျပ် ၁၈၀၀၀၀၀/-သာ ပေးခဲ့သဖြင့် ကျန်ငွေကျပ် ၁၀၅၅၀၀၀၀/-အား မပေးဘဲ တိမ်းရှောင်နေပါသည်။

သို့ပါ၍ ကြေညာသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ငွေကျပ် ၁၀၅၅၀၀၀၀/- ပေးအပ်ရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဦးထံဖြစ်စေ၊ ကျွန်ုပ်ထံဖြစ်စေ အပြေအကျေပေးရန်နှင့် ပျက်ကွက်ပါက လူကြီးမင်း၏တာဝန်သာဖြစ်ပြီး တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း ဦးထွန်းနွယ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကိုကိုလတ် LL.B
တရားလွှတ်တော်ရှေ့နေ
ဦးလှတင်ထွန်း LL.B၊ ဒေါ်နန်းပြုံးပြုံးညို LL.B
အထက်တန်းရှေ့နေများ
အမှတ် ၂၈၊ (ယ/၇)အကွက်၊ လမ်းသွယ်(၁၉)၊ ၆၇×၆၈ လမ်းကြား၊ (က)ရပ်ကွက်၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃E၊ မြေကွက်အမှတ် V၄၈၊ မြေကွက်တည်နေရာအမှတ် ၁၀၇၊ အောင်ဇေယျလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံမြောက်ပိုင်း သမဝါယမ (ယခင်) အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား (ယခု)အောင်ဇေယျရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ဥက္ကဋ္ဌဖြစ်သူ ဦးအုန်းသွင် ၁၂/အလန(နိုင်)၀၂၃၇၁၃ က မြေငှားစာချုပ်(ဂရန်)ခြစားပျက်စီးသဖြင့် သမဝါယမအသင်း၏ စည်းဝေးမှတ်တမ်းနှင့် ဆုံးဖြတ်ချက်၊ သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ထောက်ခံချက်၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်၊ ဂရန်ခြစားပျက်စီးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈ျ၊ မြေကွက်အမှတ် ၆/က၊ မြေကွက်တည်နေရာအမှတ် ၆/က၊ မင်းရန်အောင် ၄ လမ်း၊ ၈ျ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးမြတ်စိုး ၁၂/ဥကမ(နိုင်)၀၆၁၄၅၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (ဖခင်) ဦးမြတ်စိုး၊ (မိခင်)ဒေါ်စန်းတင့်တို့ ကွယ်လွန်သဖြင့် ဒေါ်လဲ့လဲ့စိုး ၁၂/ဥကမ(နိုင်)၀၆၃၄၂၁၊ ဒေါ်နီနီစိုး ၁၂/ဥကမ(နိုင်)၀၆၁၉၃၁၊ ဦးအောင်ဆန်းစိုး ၁၂/ဥကမ(နိုင်)၂၁၂၀၅၆ တို့က သားသမီးများတော်စပ်ကြောင်းနှင့် ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သတင်းတို

ထင်းအစားထိုးလောင်စာ သုံးစွဲရေးဆောင်ရွက်

မကွေးတိုင်းဒေသကြီး မကွေးမြို့ တောင်တွင်းလမ်းပေါ်ရှိ အပူပိုင်းဒေသဦးစီးဌာနရုံးတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ကျင်းပသော ထင်းလောင်စာ သုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးလောင်စာ သုံးစွဲရေး ပြပွဲ အခမ်းအနားကို မတ် ၂၅ ရက်က ကျင်းပခဲ့သည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား ထင်းတစ်ချောင်းထိုး အဝေမ်းမီးဖိုများကို ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။ **ကောင်းသုတ(မင်းဘူး)**

ကျေးလက်လူငယ် သင်တန်းဖွင့်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကျေးလက်လူငယ် သင်တန်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရှင်းလင်းဆောင်တွင် မတ် ၂၆ ရက်က ကျင်းပသည်။ အဆိုပါ ဌာနခရိုင်ဦးစီးမှူး ဒေါက်တာ မောင်မောင်စိုးနှင့် မြို့နယ်ဦးစီးအရာရှိ ဦးစိုင်းကျော်ဟန်ထူးတို့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကိုရှင်းပြသည်။ ဇီဝလုံခြုံမှုစနစ်၊ မွေးမြူရေးပညာ၊ ကူးစက်ရောဂါထိန်းချုပ်ခြင်း၊ စားကျက်ပင်များနှင့်အစာပြုပြင်ကျွေးမွေးခြင်း၊ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို သင်ကြားပို့ချပေးမည်ဖြစ်ကာ သင်တန်းကာလ ၁၀ ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၃၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **(၁၄၇)**

ကရင်ပြည်နယ် အမျိုးသမီးများဘဝ အိမ်တွင်းမှုပညာရပ်များဖြင့် မြှင့်တင်ပေးမည်

မြဝတီ မတ် ၂၇

ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့မှ ပူးပေါင်းဖွင့်လှစ်သော ရိုးရာအခြေခံဂျပ်ခုတ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတွင် မတ်၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အလုပ်အကိုင်အခွင့်အလမ်းများရအောင် အသေးစိတ်ကနေစပြီး စက်မှုဇုန်ကြီးတွေ၊ စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးဇုန်ကြီးတွေ တည်ဆောက်ပေးတဲ့ အဆင့်အထိ စဉ်းစားစီမံ ဆောင်ရွက်ပေးနေပါကြောင်း၊ ယနေ့ ဝတ်စားဆင်ယင်မှုနဲ့ပတ်သက်၍ ကျန်းမာရေးလိုက်စားမှုအနေအထားအရရော၊ အထူးအဆန်း၊ ဆန်းဆန်းပြားပြား အမှတ်တရအနေနဲ့ရော ပြည်တွင်းပြည်ပက ခရီးသွားတွေဟာ ရိုးရာလက်လုပ်ထည်တွေကို စိတ်ဝင်စားလာကြပါကြောင်း၊ ဒီသင်တန်းကရသွားတဲ့အတတ်ပညာတွေနဲ့ မိမိတို့ရဲ့

အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တတ်ကျွမ်းပါက မိသားစုစားဝတ်နေရေး အကူအညီရရှိစေမည်။

ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတွေကို တင့်တောင့်တင့်တယ် ထူထောင်နိုင်တဲ့အထိ ကြိုးစားသွားကြပါဟု ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ပြောကြားခဲ့သည်။

ထို့နောက် ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကမှ အမှာစကားပြောကြားခြင်း၊ ပြည်နယ်ဝန်ကြီးချုပ်မှထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကမှ ဂျပ်ခုတ်စင် ဆက်စပ်ပစ္စည်းများနှင့် ချည်များပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အိမ်တွင်းမှုအသက်မွေး ပညာရပ်များ တတ်မြောက်ပါက ဒေသတွင်း အမျိုးသမီးများ အခွင့်အလမ်းတိုးပွားစေမည် ဖြစ်သည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ညောင်ဦးမြို့နယ်မိဘမေတ္တာဆေးခန်းအတွက် အလှူငွေပေးအပ်

ညောင်ဦး မတ် ၂၇

ညောင်ဦးမြို့နယ် ပန်းကုံးပင် ကျေးရွာအတွင်း မိဘမေတ္တာ ဇီဝိတဒါန ကုသိုလ်ဖြစ်ဆေးခန်းအတွက် လိုအပ်လျက်ရှိသည့် ဆေးပဒေသာပင်များကို မတ် ၂၆ ရက်က အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါဆေးခန်းမှာ စနေနှင့် တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ဒေသခံဆရာဝန်မှ အလုပ်ပိတ်ရက်အတွင်း ကုသိုလ်ဖြစ် အခမဲ့ လာရောက်ကုသပေးခြင်းဖြစ်ကြောင်း သိရသည်။

တစ်ပတ်လျှင် ဝေဒနာရှင် ၅၀မှ ၁၀၀ ကျော်အထိ ကုသပေးလျက်ရှိပြီး ဒေသခံပြည်သူများ အားထားရာ အခမဲ့ဆေးခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ဆေးခန်းအတွက် လိုအပ်သည့် အလှူငွေများကို ဒေသခံအလှူရှင်များက ထည့်ဝင်လှူဒါန်းပေးကြခြင်းဖြစ်ပြီး ဆေးခန်းကော်မတီမှ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ခဲ့သည်။ **တင်ဦး(ရမည်းသင်း)**

လျှပ်စစ်ဓာတ်အားပေးခြင်းဆိုင်ရာများ ဒလမြို့နယ်၌ဆွေးနွေးပွဲပြုလုပ်

ဒလ မတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေး အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းနှင့်အဖွဲ့သည် မတ် ၂၀ ရက် မွန်းလွဲ ၂ နာရီက ကျန်စစ်သား၊ ဆာဖာချောင်၊ ဝန်ထမ်းအိမ်ရာရပ်ကွက် ပြည်သူများကို ဓာတ်အားခနှုန်းထား တိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းခြင်းအခမ်းအနားကိုဝန်ထမ်းအိမ်ရာရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။

ဒလမြို့နယ် အနေဖြင့် အိမ်သုံးမီတာ ၁၅၃၇၇ လုံးရှိသည့်အနက် ဓာတ်အားယူနစ် ၁၀၀ အောက်သုံးစွဲသူ ၁၁၀၀၀ ခန့်ရှိပြီး ယူနစ် ၁၀၀ ကျော်သုံးစွဲသူ ၃၅၀၀ ခန့်၊ ယူနစ် ၅၀၀ အောက်သုံးစွဲသူ ၁၀၀၀ ခန့် နှင့်ယူနစ် ၅၀၀ ကျော်သုံးစွဲသူ ၂၀ ကျော်သာရှိကြောင်း၊ ထို့ကြောင့် ယခုအခါ ဓာတ်အားခနှုန်းထား တိုးမြှင့်မှုက အခြေခံလူတန်းစားအများစုအတွက် ပြောင်းလဲမှုမရှိသဖြင့် မထိခိုက်နိုင်ကြောင်း ပြောကြားကာ တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းရာ ပြန်လည်၍ ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဓာတ်အားခနှုန်းထား တိုးမြှင့်ရခြင်းနှင့်ပတ်သက်၍ အသိပေးလက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြောင်း မြို့နယ်တာဝန်ရှိသူများထံမှ သိရသည်။

သန်းဌေး(ဒလ)

အောင်ပန်းမြို့ဈေးများ၌ မီးဘေးကာကွယ်ရေး စုပေါင်းဆောင်ရွက်

အောင်ပန်း မတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ မြို့မဈေးနှင့် ပြည်သာယာကုန်စိမ်းဈေးတို့တွင် မတ် ၂၄ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

ပွင့်လင်းရာသီကာလ မီးဘေးအန္တရာယ်စိုးရိမ်ရသဖြင့် ကလောမြို့နယ်အတွင်းတာဝန်ရှိသူများ စုပေါင်း၍ ဈေးများအတွင်းရှိ ဈေးဆိုင်ခန်းများနှင့် ဈေးရောင်းချသူများအား အသိပညာပေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဈေးအတွင်းရှိ လမ်းများသို့ မီးသတ်ကားများ ဝင်ရောက်ကာ မီးငြိမ်းသတ်နိုင်ရေး၊ ဈေးအတွင်းရှိ မီးသတ်ရေကန်များ အသုံးပြုကာ မီးသတ်ကားရေဖြည့်ခြင်း၊ သဲပုံး၊ ရေပုံးစသည် မီးငြိမ်းသတ် အကူကိရိယာများ၊ လျှပ်စစ်ဝိုင်ယာကြိုးများ၊ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိစေရေး စိစစ်ဆောင်ရွက်ပေးခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/၂၊ မြေကွက်အမှတ် ၈၁၁၊ မြေကွက်တည်နေရာအမှတ်-၈၁၁၊ ၃ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးအုန်းမောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးအုန်းမောင်မှာ ၂၂-၄-၂၀၀၇ တွင်လည်းကောင်း၊ မိခင် ဒေါ်သိန်းသိန်းမှာ ၃-၄-၁၉၉၆ တွင်လည်းကောင်း၊ အစ်မ/ညီမဖြစ်သူ ဒေါ်တင်တင်ဦး(ခ)ဒေါ်တင်တင်ဝင်းမှာ ၂၃-၆-၂၀၀၆ တွင် အပျိုကြီးဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ဦးဝင်းထွန်း ၁၂/အစန(နိုင်)၁၆၆၅၄၈၊ ဦးကြည်လွင် ၁၂/မရက(နိုင်)၀၈၆၆၆၈၊ ဒေါ်တိုးတိုးရီ ၁၂/မရက(နိုင်)၀၈၈၂၁၂၊ ဒေါ်စန်းစန်းဝင်း ၁၂/မရက(နိုင်)၀၁၁၉၅၂တို့၏ GP(၂၂၃၄၃/၂၀၁၃)(၈-၁၁-၂၀၁၃)ရရှိသူ ဦးလွင်ဦး ၁၂/မရက(နိုင်)၀၁၁၈၃၀မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်း၊ ဒေါ်သိန်းသိန်းကွယ်လွန်ခြင်းအတွက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့ ထောက်ခံချက်၊ GP တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၊ မြေကွက်အမှတ် ၁၈၀၅/ခ၊ မြေကွက်တည်နေရာအမှတ် ၁၈၀၅/ခ၊ စည်ပင်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးပန်းစိန် S/OKA-၀၇၀၄၃၇ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးပန်းစိန်ထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူထားသူ ဒေါ်ယုယုနိုင် ၁၂/သကတ(နိုင်)၀၆၂၆၆၃က ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ရန်(ဂရန်သစ်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁-ရွှေပေါက်ကံ၊မြေကွက်အမှတ် ၁၇၁၊ မြေကွက်တည်နေရာအမှတ် ၁၇၁၊ (၁၁-ရွှေပေါက်ကံ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်ခင်ပြုံးရီ ၁၂/မဂဒ(နိုင်)၀၁၀၅၀၀ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်ပြုံးရီထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်တင်တင်ဝေ ၁၂/မဂဒ(နိုင်)၀၅၀၁၃၇ မှ ပါမစ်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့်(ဂရန်သစ်)လျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂)၊မြေကွက်အမှတ် ၄၈၁၊ မြေကွက်တည်နေရာအမှတ် ၄၈၁၊ (၂)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးသန်းအောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးသန်းအောင် ISN-၀၂၉၆၉၉ တရားရုံးကိုယ်စားဘိလစ် ဒေါ်လှဲ့လှဲ့ခိုင် ၁၃/တကန(နိုင်) ၀၀၃၄၁၉ မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၁၇၇၊ မြေကွက်တည်နေရာအမှတ် ၁၇၇၊ တကောင်း ၅ လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်လေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်လေးနှင့် ခင်ပွန်း ဦးမောင်ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့် ၁၂/ဥကတ(နိုင်)၀၉၇၉၅၀မှ သမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ရန်ပြေ၊ မြေကွက်အမှတ် ၃၀၂၊ မြေကွက်တည်နေရာအမှတ်-၃၃၊ အာဇာနည်လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ် ဦးမင်းရီအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမင်းရီ(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ဝင်းသန်း ၁၂/သကတ(နိုင်)၀၈၄၄၀၁မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ၁၁၆၊ မြေကွက်တည်နေရာအမှတ် ၄၂၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမြအေးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြအေး (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ထွေး ၁၂/ဒပန(နိုင်)၀၂၈၈၆၈က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများ တင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၅၉၃/ခ၊ မြေကွက်တည်နေရာအမှတ် ၅၉၃/ခ၊ မြို့မ ၂ လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ် (၁) ဦးချစ်မြိုင်၊ (၂) ဒေါ်အိစောအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အိစော (ဇနီး)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ခင်ပွန်းဦးချစ်မြိုင် ၁၂/သကတ(နိုင်) ၀၇၆၇၈၂ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၁၆/၂၀၁၄ ရရှိသူ ဒေါ်ကေသီဦး ၁၂/မဂတ(နိုင်)၀၂၁၉၉၆မှသေစာရင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၅၁၅/ခ၊ မြေကွက်တည်နေရာအမှတ် ၅၁၅/ခ၊ မေတ္တာလမ်း၊(၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်စန်းမြင့်၊ ဦးမြင့်သိန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းမြင့် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြင့်သိန်း ၁၂/ဥကတ(နိုင်)၀၂၃၂၄၄က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၂၀၉၊ မြေကွက်တည်နေရာအမှတ် ၂၀၉၊ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာ ဦးအောင်ဖေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးအောင်ဖေ ကွယ်လွန်သဖြင့် ဒေါ်မြစိန် ၁၂/ဒဂမ(နိုင်)၀၁၄၃၉၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၊ မြေကွက်အမှတ် ၅၉၄/ခ၊ မြေကွက်တည်နေရာအမှတ် ၅၉၄(ခ)၊ ဂန္ဓမာ ၈လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးလှရွှေ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှရွှေ(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်စောစောမြင့် ၁၂/သကတ (နိုင်) ၀၅၃၁၉၅မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကျေးလက်လူငယ်သင်တန်း ၁/၂၀၁၄ ဖွင့်ပွဲအခမ်းအနားကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရှင်းလင်းဆောင်တွင် မတ် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။ ဆယ်ရက်ကြာမြင့်မည်ဖြစ်သော အဆိုပါသင်တန်းတွင် မွေးမြူရေးပညာ၊ ဇီဝလုံခြုံမှုစနစ်၊ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ စားကျက်ပင်များနှင့် အစာပြုပြင်ကျွေးမွေးခြင်းတို့ကို ပို့ချမည်ဖြစ်ပြီး ကျေးရွာပေါင်း ၁၆ရွာမှ သင်တန်းသား ၃၀ ခန့် တက်ရောက်ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ-ဇော်မင်းထွေး

ဘုရင့်နောင်ပွဲရုံဝင်းအနီးပတ်လမ်းတွင် မကြာခဏယာဉ်တိုက်မှုဖြစ်

ရန်ကုန် မတ် ၂၇

ဘုရင့်နောင်ပွဲရုံဝင်းဂိုးကြီးချောင်း ဝင်ပေါက်ဝ ဘုရင့်နောင်လမ်းမကြီး ပေါ်ရှိ မီးပွိုင့်သုံးစုံတပ်ဆင်ထား သောနေရာတွင် မကြာခဏယာဉ် တိုက်မှုဖြစ်ပွားနေကြောင်း အဆိုပါ နေရာအနီး ဈေးရောင်းသူတစ်ဦးက ဆိုသည်။

မတ် ၂၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် အင်းစိန်ဘက်မှ ရန်ကုန်သို့ မောင်းနှင်လာသော ဆယ်ဘီး ကုန်သေတ္တာတင်ယာဉ် နီဆန်းအဖြူရောင်သည် လမ်းလယ် ကြောမှ မောင်းနှင်လာစဉ် တက္ကစီ အငှားယာဉ်နှင့်လမ်းလယ်တွင် တိုက်မိရာ သက်ဆိုင်ရာမှ စစ်ဆေးအရေး ယူလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့လယ်မှ အင်းစိန်ဘက် သို့သွားသောယာဉ်များ၊ အင်းစိန် ဘက်မှ ရန်ကုန်သို့သွားသော ယာဉ် များ၊ ဘုရင့်နောင်ပွဲရုံဝင်းမှ အင်းစိန် ဘက်သွားသော ယာဉ်များ၊ မြို့လယ် သွားမည့်ယာဉ်များ၊ မြို့လယ်မှ လာ၍ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ကွေ့သည့်ယာဉ်များ စုဆုံနေရာ မီးပွိုင့်များ၏ အချက်ပြမှုပေါ် လေးစားလိုက်နာမှုမရှိခြင်း၊ ရံဖန် ရံခါ မီးပွိုင့်များပျက်နေခြင်းတို့ ကြောင့် မကြာခဏယင်းနေရာတွင် ယာဉ်တိုက်မှု ဖြစ်ပွားနေရသည်ဟု သိရသည်။

အလားတူ ကံ့ကော်လမ်း၊ မဝင် ပေါက်လမ်းဆုံ ဘုရင့်နောင်လမ်းမ ကြီးပေါ်တွင်လည်း မီးပွိုင့်တပ် ဆင်ထားခြင်းမရှိကြောင်း၊ မြို့ထဲ မှလာသော ခရီးသည်တင်ယာဉ် လိုင်း ယာဉ်ကြီး၊ ယာဉ်ငယ်၊ ကြား ကားများပါ လှိုင်သာယာသို့ တံတား အောက်မှ သွားရမည့်အစား ခုံး ကျော်အောက်လွှာ တံတားပေါ်မှ ဖြတ်ကျော်ကာ အဆိုပါနေရာတွင် ဂငယ်ကွေ့ ကွေ့နေကြကြောင်း၊ ခုံး ကျော်တံတားအဆင်း လမ်းလယ်တွင် လမ်းတားတုံးဝါများ စီတန်းချထား သော်လည်း ခုံးကျော်တံတားအဆင်း လမ်းလယ်တုံးမရောက်မီ ဆယ်ပေ ဝန်းကျင်ရှည်သော အုတ်တစ်ပြား အမြင့်ရှိသောအုတ်ရိုးပေါ်မှ ယာဉ် များ ဂငယ်ကွေ့နေကြကြောင်း၊ မတ် ၂၅ ရက် နံနက်က ၁၀ နာရီ မိနစ် ၂၀ တွင် လှိုင်သာယာသွားမည့် ဘုရင့်နောင် မြစ်ကူးတံတားပေါ် တက်ရန် ၈၆ ခရီးသည်တင်ယာဉ် ကြီးတစ်စီး ယင်းအုတ်ရိုးတန်းပေါ် ဂငယ်ကွေ့ ကျော်ဖြတ်နေသည်ကို မြင်တွေ့ရရာ ယာဉ်အန္တရာယ် စိုး ရိမ်ရကြောင်း ယင်းနေရာတွင် အလုပ်လုပ်နေသူတစ်ဦးက ပြော သည်။

ထိုသို့ ဖြစ်ပွားမှုများကြောင့် ဘုရင့်နောင်ခုံးကျော်တံတားအဆင်း ယာဉ်ကြောပေါ်ရှိ စည်းကမ်းမဲ့ ဂငယ်ကွေ့နေမှု၊ လမ်းဘေးယာဉ် ရပ်နေမှု၊ မီးပွိုင့်ရှိနေရာများတွင် ယာဉ်များ စည်းကမ်းမဲ့ဖြတ်သန်း နေမှုတို့ကို သက်ဆိုင်ရာမှ စိစစ် အရေးယူပေးစေလိုကြောင်း ခရီး သည်များက ပြောသည်။

ခင်ဆိုင်

ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားလုပ်ငန်းမှ လုပ်ငန်းရှင်များနှင့် ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာန ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၂၇

ပြည်တွင်းဘုရားဖူးနှင့် ခရီးသွား လုပ်ငန်း ဝန်ဆောင်မှုအသင်း၏ အသင်းဝင်လုပ်ငန်းရှင်များနှင့် ဘုရား ဖူးလုပ်ငန်းများအားလုံး၊ ဟိုတယ် နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် ပထမအကြိမ် တွေ့ဆုံပွဲကို ရန်ကုန်မြို့ ယုဇန ဟိုတယ်တွင် မတ် ၂၄ ရက် မွန်း လွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရ သည်။

ပြည်တွင်းဘုရားဖူးနှင့် ခရီးသွား လုပ်ငန်းများ အများအပြားရှိလာ သော ယခုကာလတွင် ဘုရားဖူး လုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင် များအနေဖြင့် သမ္မာအာဇီဝကျ သော မှန်မှန်ကန်ကန်လုပ်ဆောင် သည့် ဝန်ဆောင်မှုမျိုးဖြစ်ရန် ကြိုး စားရန်လိုကြောင်း၊ မိမိတို့၏ ဘုရားဖူး ခရီးသွားလုပ်ငန်းများ အမည်၊ဂုဏ် သိက္ခာပေါ်တွင် မူတည်နေပြီး မိမိတို့ ဘုရားဖူးလုပ်ငန်း၏ တာဝန်ကို သိရှိနားလည်ပြီး ပြတ်ပြတ်သားသား တာဝန်ယူလုပ်ဆောင်မှု ရှိရန်လိုအပ် ကြောင်း၊ ပြည်သူအများလက်လှမ်း မီနိုင်သော ပြည်တွင်းခရီးသွားလုပ် ငန်း အသေးစားဖော်ထုတ်စီစဉ်ပေး ရန်လိုကြောင်း၊ ဘုရားဖူးသွားမည့် ခရီးသည်များမှပေးသော ငွေကြေး ပမာဏနှင့်ထိုက်တန်သော ခရီးသွား ဘုရားဖူးဝန်ဆောင်မှုကို ပြန်လည် ပေးဆပ်နိုင်လျှင် ဘုရားဖူးခရီးသွား လုပ်ငန်းများ အောင်မြင်နိုင်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

၂၀၁၃ ခုနှစ်အတွင်း ပြည်တွင်း ဘုရားဖူးသွားလာသူ ဦးရေ ခန့်မှန်း ၃ ဒသမ ၆ သန်း ရှိပြီး ၂၀၁၄ ခုနှစ်တွင် လေးသန်းခန့်ရှိကြောင်း ဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှု အသင်းမှသိရသည်။

ခင်ဆိုင်

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ၂၀၁၄ ခုနှစ်တွင် ပြည်ပခရီးသွားများ ဝင်ရောက်မှု ယခင်နှစ်ကထက် ပိုမိုများပြားလာ

ရန်ကုန် မတ် ၂၇

ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သို့ ယခုနှစ် ပြည်ပခရီးသည်များ လာ ရောက်လည်ပတ် အပန်းဖြေမှုများ စိတ်ဝင်စားမှုများမှာ ယခင်နှစ် များထက် ပိုမိုများပြားလာခဲ့ကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ် ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ အတည်ပြုပြောကြားချက်အရ သိရ သည်။

"ဒီနှစ်လာရောက်တဲ့နှုန်းက မနှစ် ကထက် တော်တော်များလာပါ တယ်။ အရင်နှစ်တွေကစနေ၊ တနင်္ဂ နွေပိတ်ရက်တွေမှ လူ ၂၀ ကျော် လောက်ပဲလာကြပေမယ့် အခုနှစ် မှာတော့ ပိတ်ရက်တွေဆိုလူ ၄၀ နဲ့ ၅၀ ကြားလာကြသလို ကျန်ကြား ရက်တွေဆိုလာရောက်သူ ၁၅ဦးနဲ့၂၀ ကြား ရှိပါတယ်။ ဒီနှစ်မတ်လက တော့ အရင်သုံးလထက်ပိုများပါ တယ်"ဟု ရန်ကုန်တိရစ္ဆာန်ဥယျာဉ် မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သို့ ပြည်ပမှ နိုင်ငံခြားသားဧည့်သည် များလာရောက်အပန်းဖြေရန် ရောက် ရှိလာပါက လက်ကမ်းစာစောင်များ တောင်းယူ၍ မိမိသဘောဖြင့် လွတ်လပ်စွာလေ့လာရသည်ကို ပိုမို နှစ်သက်လေ့ရှိကြပြီး တိရစ္ဆာန် ဥယျာဉ်မှ တာဝန်ရှိသူများမှ လိုအပ် လျှင် လိုက်ပါရှင်းပြနိုင်ရန် စီစဉ်ထား သည်ဟုသိရသည်။

လက်ရှိရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် နို့တိုက်သတ္တဝါမျိုးစိတ် ၄၅ မျိုး ၆၀၁ ကောင်၊ ကျေးငှက်သတ္တဝါမျိုး စိတ် ၆၉ မျိုး ၅၈၃ ကောင်၊ တွား သွားသတ္တဝါမျိုးစိတ် ၁၈ မျိုး ၂၀၂ ကောင်၊ စုစုပေါင်း တိရစ္ဆာန်မျိုးစုံ ၁၃၈၆ကောင်ရှိပြီး နိုင်ငံခြားပြည်ပ ဧည့်သည်အများစုမှာ မြွေမျိုးစုံနှင့် ဆင်တို့အား ကြည့်ရှုမှုပိုများကြောင်း သိရသည်။

"အပတ်စဉ် စနေနဲ့ တနင်္ဂနွေနေ့ တွေမှာ ကျွန်တော်တို့ တိရစ္ဆာန် အလိမ္မာပြပွဲတွေကို ပြည်တွင်း၊ ပြည်ပက လာရောက်အပန်းဖြေကြတဲ့ ဧည့်သည်တွေကလည်း စိတ်ပါဝင် စားပြီး ကြိုက်နှစ်သက်မှုရှိပါတယ်" ဟု ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ တာ ဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ ဝင် ကြေးအား ပြည်တွင်းမှ တစ်ဦးလျှင် ကျပ် ၁၀၀၀နှင့် ပြည်ပနိုင်ငံခြား ဧည့်သည်တစ်ဦးလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ကောက်ခံကြောင်း သိရ သည်။

လတ်တလောတွင် ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သို့ ပြည်ပနိုင်ငံခြား ဧည့်သည်များ ဝင်ရောက်မှုမှာ ယခုနှစ် ဇန်နဝါရီလတွင် လူဦးရေ ၉၀၀ နီးပါး၊ ဖေဖော်ဝါရီလတွင် ၈၀၀ နီးပါးခန့်နှင့် မတ်လယခုချိန် ထိ လူဦးရေ ၁၀၀၀ ကျော်ထိရှိနေ ပြီး လာရောက်လည်ပတ်သူအများ စုမှာ မိမိသဘောဖြင့်လာရောက် လည်ပတ်သူများ (FIT)များ ဖြစ် ကြောင်း တာဝန်ရှိသူတစ်ဦးက ပြော သည်။

စိုးအောင်ဖေ

သကြ္ဍန်မတိုင်မီ ရက်(၆၀)တရားစခန်းဖွင့်မည်

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိ ကျမ်းပြုဆရာကြီး၊ ဓမ္မာစရိယဦးဌေးလှိုင်နှင့် မြေဇင်းတောရ ဆရာတော်ကြီးတို့ ဦးစီးဖွင့်လှစ်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ သမထ၊ ဝိပဿနာ ရက် ၆၀ တရားစခန်းကို (၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၁၂ရက်) ၁၁-၄-၂၀၁၄ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊အမျိုးသား၊အမျိုးသမီး၊ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

စခန်းကြေး၊ ဆွမ်းစရိတ်၊ သတ်မှတ်တောင်းခံခြင်းမပြုပါ။

သာသနာ့အကျိုးဆောင်အဖွဲ့

ဖုန်း-၀၉-၂၀၃၃၉၂၂၊ ၀၉-၃၃၀၆၂၁၃၃၊ ၀၉-၉၁၀၄၆၃၀၆၊ ၀၂-၅၇၂၅၃

လူငယ် ခုနှစ်ရက် ဝိပဿနာတရားပတ်နှိုးဆော်လွှာ

လယ်တီဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဂိုအင်ကာ၏ ၂၀၁၄ခုနှစ်အတွင်း ကျင်းပပြုလုပ်မည့် လူငယ် ခုနှစ်ရက် ဝိပဿနာတရားစခန်းသို့ ၁၆ နှစ်မှ ၁၉ နှစ်အထိ အောက်ဖော်ပြပါ တရားပတ် အစီအစဉ်များအတိုင်း ဝင်ရောက် တရားအားထုတ်နိုင်ကြစေရန် ဓမ္မအကျိုးမျှော်ကာ တိုက်တွန်းနှိုးဆော် အသိပေးအပ်ပါသည်။

၁။ ဓမ္မဇောတိဝိပဿနာရိပ်သာ၊ ရန်ကုန်မြို့ ဧပြီလ ၁ ရက်မှ ၉ ရက်အထိ မိန်းကလေးလူငယ် ၇ရက် ဝိပဿနာတရားပတ်

၂။ ဓမ္မဇောတိဝိပဿနာရိပ်သာ၊ ရန်ကုန်မြို့ ဧပြီလ ၂၄ ရက်မှ မေလ ၂ ရက်အထိ ယောကျ်ားလေး လူငယ် ၇ ရက် ဝိပဿနာတရားပတ်

၃။ ဓမ္မမဏ္ဍလဝိပဿနာရိပ်သာ၊ မန္တလေးမြို့ ဧပြီလ ၂၄ ရက်မှ မေလ ၂ ရက်အထိ မိန်းကလေးလူငယ် ၇ ရက် ဝိပဿနာတရားပတ်

၄။ ဓမ္မမဟိမာဝိပဿနာရိပ်သာ၊ ပြင်ဦးလွင်မြို့ မတ် ၃၀ ရက်မှ ဧပြီ ၇ ရက်အထိ မိန်းကလေးလူငယ် ၇ ရက် ဝိပဿနာတရားပတ်

မှတ်ချက်။ ။မိဘ/အုပ်ထိန်းသူနှင့်အတူ သက်ဆိုင်ရာရိပ်သာသို့ တရားပတ်မစမီ တစ်ရက် ကြိုတင်၍ တရားပြဆရာ/ဆရာမများနှင့် လာရောက်ဆွေးနွေးအပ်နှံရမည်။ အသေးစိတ်စုံစမ်းလိုပါက-

ဆက်သွယ်ရန်- ဓမ္မဇောတိဝိပဿနာရိပ်သာ(ရန်ကုန်) ဖုန်း-၀၁-၅၄၉၂၉၀၊ ၀၁-၅၄၆၆၆၀
ဓမ္မမဏ္ဍပ၊ ဓမ္မမဏ္ဍလဝိပဿနာရိပ်သာ (မန္တလေး) ဖုန်း-၀၂-၃၉၆၉၄
ဓမ္မမဟိမာဝိပဿနာရိပ်သာ(ပြင်ဦးလွင်) ဖုန်း-၀၈၅-၂၁၅၀၁

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊

ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်လုံးဆိုင်ရာ "ဇ"ဓမ္မာရုံမှ ကြီးမှူးကျင်းပသည့်

အငှမအကြိမ်မြောက် ဝိပဿနာအထူးတရားပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်လုံးဆိုင်ရာ "ဇ"ဓမ္မာရုံမှ ကြီးမှူးကျင်းပသည့် အငှမအကြိမ်မြောက် ဝိပဿနာ အထူးတရားပွဲ ကို "ဇ"ဓမ္မာရုံရှေ့၌ ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းအပေါင်းတို့ ကုသိုလ်ယူ တရားတော်နာရန်အတွက် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၃၀-၃-၂၀၁၄ ရက်မှ ၂-၄-၂၀၁၄ ရက်အထိ လေးရက်တိုင်တိုင် ဆရာတော် များမှ ညစဉ် ၇ နာရီတွင် ဟောကြားမည်ဖြစ်ပြီး တရားရေအေးတိုက်ကျွေးမည့် ဆရာတော်များမှာ **အရှင်သုစိတ္တ**(ဒုဥက္ကဋ္ဌ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒစရိယ အဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)၊ **အရှင်ဝေပုလ္လဇောတိ** (ခိုနားရာဆရာတော်၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ ဓမ္မကထိက)၊ **အရှင်ပညာဝရ** (ဓမ္မဒူတ၊ သိမ်ဇရပ်)၊ **အရှင်တိက္ခသာရ**(သီတဂူကထိကဆရာတော်)တို့ ဖြစ်ပါသည်။

အမှုဆောင်အဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၉၆၃၀ Shwe Zin Yaw L/T P/U ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ကို ၆/လလန(နိုင်)၀၇၃၄၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ဖောင်းကြွနံပါတ်ပြား

ပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၉၂၀၅၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

မွေးနေ့ဆုတောင်း

စိတ်သဘောထားဖြူစင်သန့်ရှင်းပြီး တည်ငြိမ်အေးချမ်းတဲ့-

မိသားစုအပေါ် မေတ္တာတရားကြီးမားတဲ့-

ချစ်ဇနီး **ဌေး** ရဲ့ မတ် ၂၈ ရက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း ပြီးပြည့်စုံပါစေလို့-

ဖေကြီး၊ သားသား၊ သမီးလေး

အမြန်ပြန်လာပါ

မောင်ဇော်မြတ်ထွန်း နောက်ဆုံးနှစ် အပိုင်း(က)၊ ဆေးတက္ကသိုလ်(၁)၊ အားလုံးစိတ်ပူနေသည်။ စိတ်ညစ်စရာပြဿနာများရှိလျှင် အားလုံးဖြေရှင်းပေးမည်။ လိုအင်ဆန္ဒများရှိလျှင်လည်း ဖြည့်ဆည်းပေးမည်။ တွေ့လျှင် အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ၊ ညီမလေး၊ ဦးဦး၊ ဒေါ်ဒေါ်များအားလုံး။ **ဖုန်း-၀၉-၅၁၁၀၄၅၁၊ ၀၉-၅၁၄၃၇၅၀၊ ၀၉-၄၂၁၀၈၅၄၄၁၊ ၀၉-၄၂၁၀၈၅၄၄၂**

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၂-၂၀၁၄ရက်ထုတ် ဤသတင်းစာပါ စာမျက်နှာ ၄ ဦးခင်မောင်ဝမ်း မြေအမည်ပြောင်း ကြော်ငြာ၌ မြေကွက်အမှတ် ၁၉၅၉/ခ အား၊ ၁၅၉၅/ခ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှု

၄-၃-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အချပ်ပို(၁)မှ ဦးကျော်ဝင်းနှင့် အများသိကြော်ငြာတွင် ၂၇-၁-၂၀၁၃ အစား ၂၇-၁-၂၀၁၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သုံးခွကျွန်းပတ်တာပြင်ဆင်ခြင်းကြောင့် လယ်သမားများစိုက်ပျိုးရေးကဏ္ဍတွင်အဆင်ပြေ

ဖျာပုံ မတ် ၂၇

၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးခဲ့သည့်အချိန်မှစ၍ ချွတ်ယွင်းပျက်စီးခဲ့သော သုံးခွကျွန်းပတ်တာကို အဆင့်ဆင့်ပြင်ဆင်ခဲ့ခြင်းကြောင့် သုံးခွကျွန်း လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါ သုံးခွကျွန်းပတ်တာမှာ မိုးရာသီမြစ်ရေကြီးချိန်တွင် တာနိမ့်ရေကျော်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်ထောင်စု လွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖျာပုံခရီးစဉ်အတွင်း ကျိုက်လတ်မြို့နယ်ရှိ မြို့မိမြို့ဖများ၏ တင်ပြမှုကြောင့် ခွင့်ပြုချက်ရရှိခဲ့သဖြင့် ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီပြီးစီးရန် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖော်ပြပါ ကျွန်းပတ်တာဆိုင်ရာ ချွတ်ယွင်းချက်နှင့် အားနည်းချက်များ လျော့ပါးသက်သာစေရေးအတွက် ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနမှ သုံးခွကျွန်းပတ်တာ အခိုင်အမာပြုပြင်ခြင်း လုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ခန့်မှန်းကုန်ကျငွေကျပ်သန်း ၄၈၈ ဒသမ ၇ သန်း အကုန်အကျခံဆောင်ရွက်ပေးခဲ့သဖြင့် လုပ်ငန်းပမာဏအလျား ၂၂ ဒသမ ၂၅မိုင်၊ မြေကြီးကျင်း ၂၁၄၆၈၀၊ တာထိပ်ဝအကျယ် ၁၂ ပေ၊ တာအမြင့်ငါးပေမှခြောက်ပေ၊ လုပ်ငန်းဆောင်ရွက်ချိန်နှစ်လခွဲခန့်အတွင်း အကျိုးပြုဧရိယာ ဧက ၂၁၃၆၀ ကိုကောင်းမွန်အောင်ပြုပြင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါလုပ်ငန်းတာဝန်ခံ မြို့ပြဦးစီးမှူးဦးသိန်းဇော်က ပြောသည်။

ယင်းသုံးခွကျွန်းပတ်တာအတွင်းရှိ ကျောက်တိုင်စုမြောင်းမကြီးနှင့် ဆက်စပ်မြောင်းများ အလျား ၃၇ မိုင်၊ အောက်ခြေအကျယ် ၅ပေမှ ၁၀ပေ၊ တာထိပ်ဝအကျယ် ၁၅ပေမှ ပေ၂၀၊ ပျမ်းမျှအနက် ၈ပေ နှင့် လုပ်ငန်းပမာဏ ၂၀၁၄၃၆ ကျင်းကို အကျိုးပြုဧရိယာ ၂၁၃၉၁ ဧကထိဖြစ်ထွန်းအောင် ၂၀၁၃ ခုနှစ်အတွင်း တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခုအခါ တာနှင့်မြောင်း ကွန်ရက်စနစ် ဟန်ချက်ညီညီ ချိတ်ဆက်လာနိုင်ကာ လိုအပ်သောမြေနှင့် ရေစီမံခန့်ခွဲမှု(Soil and Water Management) ကောင်းစွာဖွံ့ဖြိုးလာမည်ဖြစ်ပြီး အကျိုးပြုလယ်ယာမြေ ၄၂၇၅၁ ဧကခန့်ကိုလည်း မြစ်ရေဝင်ရောက်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်းများမှ လျော့နည်းသက်သာစေမည့်အပြင် သီးထပ်သီးညှပ်များ ထပ်ဆင့်စိုက်ပျိုးလာနိုင်တော့မည်ဖြစ်သည်ဟု ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစိုးဝင်းက ပြောကြားသည်။

ကျွန်းပတ်တာအခိုင်အမာပြုပြင်ခြင်းလုပ်ငန်းနှင့် ကျွန်းတွင်းမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သဖြင့်ဒေသတွင်းရှိ ကျေးလက်များ၊ ကုန်းလမ်း/ရေလမ်း သွားလာဆက်သွယ်မှု ပိုမိုချောမွေ့စေပြီး လိုအပ်သည့်စိုက်ပျိုးရေ ရရှိခြင်းဖြင့် လယ်ယာကဏ္ဍကို အထောက်အကူပြုစေနိုင်မည့်အပြင် ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးများ၊ သိသိသာသာ တိုးတက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများကဲ့သို့ပင် ဖျာပုံခရိုင်အတွင်း ထပ်မံပြင်ဆင်တူးဖော်ဆောက်လုပ် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်နေသေးသည့်တာများ၊ မြောင်းများ၊ ချောင်းများ၊ ရေထုတ်ပြွန်များ၊ ရေတံခါးများ၊ ရေထိန်းတံခါးများကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ခွင့်နှင့်အရေးပေါ်ဆောင်ရွက်ခွင့်၊ ရန်ပုံငွေရရှိမှုတို့အပေါ် ဒေသအတွက် ဦးစားပေးစနစ်အလိုက် အဓိကလိုအပ်သည့် အခြေအနေပေါ်မူတည်၍ နိုင်ငံတော်နှင့်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သုံးခွကျွန်းပတ်တာသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် တည်ရှိ၍ မိုးစပါး၊ နွေစပါးနှင့်သီးနှံစိုက်ပျိုးရေး အဓိကဖြစ်ထွန်းသည့် ကျိုက်လတ်မြို့နယ်အတွင်းရှိ ကျွန်းပတ်တာဖြစ်ပြီး ဒေးဒရဲမြို့နယ်၊ ကော့မှူးမြို့နယ်၊ မအူပင်မြို့နယ်များနှင့်လည်း ထိစပ်လျက်ရှိသည်။

သပြေထွန်း

ကျိုင်းတုံမြို့ နောင်ခမ်းကန်အတွင်းရှိ ဗေဒါပင်များနှင့် အမှိုက်များကို တပ်မတော်၊ စည်ပင်နှင့် လူမှုအဖွဲ့အစည်းများ စုပေါင်းရှင်းလင်း

ကျိုင်းတုံ မတ် ၂၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃)ရပ်ကွက် နောင်ခမ်းရပ်ရှိ မြို့နယ်သာသနာ့ဗိမာန်တော်ကြီးတည်ရှိရာ နောင်ခမ်းဇီဝိတဘေးမဲ့ငါးကန်တော်ကြီးအတွင်း ကန်လုံးပြည့်ရှိနေသည့် ဗေဒါပင်များနှင့် အမှိုက်သရိုက်များအား မတ် ၂၅ ရက် နံနက် ၈ နာရီက စုပေါင်းလုပ်အားပေးရှင်းလင်းဖယ်ရှားခြင်း ဆောင်ရွက်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

"နောင်ခမ်းဇီဝိတဘေးမဲ့ငါးကန်တော်ကြီးအတွင်းမှာ ရွှေတိဂုံဘုရားပုံစံတူ စေတီငယ်တစ်ဆူကိုတည်ထားကိုးကွယ်ထားရှိပြီး မြို့နယ်သာသနာ့ ဗိမာန်တော်ကြီးတည်ရှိကာ ပတ်ပတ်လည်မှာ ကွန်ကရစ်လမ်းနဲ့ ခုံတန်းကလေးတွေပြုလုပ်ပေးထားတာမို့ ဒေသခံပြည်သူများ အပန်းဖြေဘုရားဖူး တရားဘဝနာ ပွားများအားထုတ်ကြရာနေရာတစ်ခုဖြစ်ပါတယ်။ ဗေဒါပင်များ ကန်လုံးပြည့်ကာ အမှိုက်သရိုက်များနဲ့ မလှမပ မတင့်မတယ်ဖြစ်နေတာကြောင့် ခုလိုဖယ်ရှားရှင်းလင်းရတာပါ"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှက ပြောသည်။

အချိန်ယူဆောင်ရွက်

ရှင်းလင်းခြင်းကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မြို့နယ်လူမှုကူညီစောင့်ရှောက်ရေးအသင်း ကော်မတီဝင်များ၊ မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ခုနစ်ရက်ခန့် အချိန်ယူဆောင်ရွက်လုပ်ငန်းများ ပြီးစီးရန်အတွက် ရမည်ဖြစ်ကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

နောင်ခမ်းဇီဝိတဘေးမဲ့ ငါးကန်တော်ကြီးအတွင်း ဗေဒါပင်များနှင့် အမှိုက်များရှင်းလင်းနေစဉ်။

သတင်းတို

မြို့နယ်တည်ငြိမ်မှုဆိုင်ရာ အစည်းအဝေးကျင်းပ

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် တည်ငြိမ်မှုထိန်းသိမ်းရေး ပူးပေါင်းအဖွဲ့၏ စတုတ္ထအကြိမ် အစည်းအဝေးကို မတ် ၂၄ ရက် ညနေ ၄ နာရီက မြို့လယ်ဓမ္မာရုံ၌ကျင်းပခဲ့သည်။ အစည်းအဝေးသို့ ဆရာတော်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်က မြို့နယ်အတွင်း ကောလာဟလသတင်းများဖြစ်ပေါ်မှုအခြေအနေများကို ရှင်းလင်းပြီး ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်က ဩဝါဒမိန့်ကြားခဲ့သည်။ ထို့နောက် လုံခြုံရေးကိစ္စရပ်များကို တက်ရောက်လာသူများနှင့်ဆွေးနွေးသည်။

ကိုသက် (ဇီးကုန်း)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန
ငါးကန်ငှားရမ်းရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ် (၁/၂၀၁၄-၂၀၁၅)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ပန်တိုင်ကျေးရွာရှိ ငါးကန်များ စုစုပေါင်း အကျယ်အဝန်း ၅၀ဧကကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းလိုပါသည်။
၂။ တင်ဒါပေးသွင်းမှုကို ၂၈-၄-၂၀၁၄ ရက် ၁၀း၃၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ညွှန်ကြားရေးမှူးရုံး၊ စီမံခန့်ခွဲရေးဌာန၊ သစ်တောဦးစီးဌာန၊ ရုံးအမှတ် ၃၉၊ နေပြည်တော်တွင် တစ်စောင်လျှင် ၅၀၀၀ိ/-နှုန်းဖြင့် စုံစမ်းဝယ်ယူနိုင်ပါသည်။

- **သစ်တောဦးစီးဌာန**
- **ဖုန်း-၀၆၇-၄၀၅၀၀၁၊ ၀၆၇-၄၀၅၀၁၇**

လေလံခေါ်ယူခြင်း

၁။ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ဖမ်းဆီးရမိ၍ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော အောက်ဖော်ပြပါ စက်သုံးဆီ (ဓာတ်ဆီ)များအား လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်-
(က) ဓာတ်ဆီ(ပီပါ) - ၅၅ ပီပါ
(ခ) ၄ ဂါလန်ဝင် ဓာတ်ဆီပုံး - ၂၅ ပုံး
၂။ ပြည်သူ့ဘဏ္ဍာသိမ်းဓာတ်ဆီများအား ၃၁-၃-၂၀၁၄ ရက် နံနက် ၉း၀၀ နာရီတွင် ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၃။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လေလံတင်လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ၂၈-၃-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၄။ အသေးစိတ်သိလိုသော အချက်အလက်များအား လေလံတင်ရောင်းချရေးကော်မတီ ဖုန်း-၀၅၈-၂၁၈၀၈ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

လေလံတင်ရောင်းချရေးကော်မတီ

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၁၄ခုနှစ် ဧပြီ ၁ရက် (အင်္ဂါနေ့)သည် ဘဏ်ပိတ်ရက်ဖြစ်ပါသဖြင့် ၄င်းရက်တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၇၆/က၊ ဧရိယာ ၀ဒသမ ၀၈၅ဧက၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၁၄/ဘီ၊ ပြည်သာယာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်ခင်ခင်ငြိမ်း ၁၂/မဂတ(နိုင်) ၀၂၂၅၃၁ မှ အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟိန်းသူကောင်း — **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇) — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဂရန်ပျောက်ဆုံးကြောင်း
ကြော်ငြာစာ

ဝါးခယ်မမြို့၊ မြေစာရင်းရပ်ကွက်အမှတ် ၁၅/ဈေး၊ ဦးပိုင်အမှတ် ၈/၃၄၊ ဧရိယာ ၀ဒသမ ၀၄၀ဧကရှိ မြေသည် မိခင် ဒေါ်အုန်းကြည်အမည်ဖြင့် ၂၄-၁၂-၁၉၇၅ မှ ၂၃-၁၂-၂၀၇၅ အထိ နှစ် ၁၀၀ ဂရန်ရရှိထားပါသည်။ အဆိုပါမြေဧရိယာ ၀ဒသမ ၀၄၀ဧကအနက်မှ ဧရိယာ ၀ဒသမ ၀၂၈ဧကရှိ မြေအား ၆-၁၁-၁၉၈၃ ရက်တွင် သားသမီးများ အညီအမျှအမွေခွဲဝေမှုအရ ဦးကြူးနှင့် ဒေါ်ရွှေတင်တို့က ရရှိခဲ့ပြီး ဦးကြူး သေဆုံးသွားသဖြင့် ဇနီး ဒေါ်ရွှေတင် တစ်ဦးတည်းရရှိခဲ့ပါသော်လည်း နှစ် ၁၀၀ ဂရန်စာချုပ်မှာ လက်ခံရရှိခဲ့ခြင်းမရှိသဖြင့် ဒေါ်ရွှေတင်အမည်ဖြင့် ဂရန်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

အုပ်ချုပ်ရေးမှူး(ကိုယ်စား)
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့

ဂရန်ပျောက်ဆုံးကြောင်း
ကြော်ငြာစာ

ဝါးခယ်မမြို့နယ်၊ မြေစာရင်းရပ်ကွက်အမှတ် ၁၅/ဈေး၊ ဦးပိုင်အမှတ် ဆ/၃၄/၂+စ/၃၄/၂၊ ဧရိယာ ၀ဒသမ ၀၂၈ဧကရှိ မြေသည် ဒေါ်အုန်းကြည်၊ ဒေါ်ကျင်လှ၊ ဒေါ်ကြည်အေး အမည်ဖြင့် ၂၄-၁၂-၁၉၇၅ မှ ၂၃-၁၂-၂၀၇၅ အထိ နှစ် ၁၀၀ ဂရန်ရရှိထားပါသည်။ အဆိုပါမြေ ဦးပိုင်အမှတ် ဆ/၃၄ ရှိ ခေါင်းရင်းဘက် တစ်ခန်းအား ဒေါ်ရွှေတင်က ဒေါ်ကြည်အေးထံမှ တရားဝင်စာချုပ်ချုပ်ဆို၍လည်းကောင်း၊ ဦးပိုင်အမှတ် စ/၃၄ ရှိ ခြေရင်းဘက်တစ်ခန်းအား ညီအစ်ကိုမောင်နှမများ၏ စွန့်လွှတ်စာချုပ်အရ ဦးချစ်ပန်(ခ)ဦးချစ်လွင်ကလည်းကောင်း အသီးသီးရရှိခဲ့ကြသော်လည်း နှစ် ၁၀၀ ဂရန်စာချုပ်မှာ လက်ခံရရှိထားခြင်းမရှိသဖြင့် ဒေါ်ရွှေတင်၊ ဦးချစ်ပန်(ခ)ဦးချစ်လွင် ဇနီး ဒေါ်နွဲ့နွဲ့ရီတို့က ဂရန်သက်တမ်းတိုး အမည်ပြောင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

အုပ်ချုပ်ရေးမှူး(ကိုယ်စား)
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့

တွေ့ဆုံညှိနှိုင်းဆွေးနွေးလိုပါသဖြင့် အမြန်ဆုံးဆက်သွယ်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ ၃၉(အေ)၊ အမှတ် ၂၁၈ မြေကွက်(အိမ်ပါ)နှင့်စပ်လျဉ်း၍ ယခုသက်ဆိုင်မှုရှိသောသူသည် မြေကွက်အမည်ပေါက်ဖြစ်သူ ဦးကင်းလုံ၏ဇနီး ဒေါ်စန်းနွဲ့နှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပါရန် အကြောင်းကြားပါသည်။ (၁၀ရက်အတွင်း) ဆက်သွယ်ခြင်းမရှိပါက ယင်းမြေကွက်နှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများအတိုင်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၅၃၁၁၃၊ ၀၉-၇၃၀၄၃၅၄၉၊ ၀၉-၄၄၉၂၄၉၆၅၇
အေးထွေးမိုး

သတင်းဆောင်းပါးနှင့်ကြော်ငြာ

ကျန်းမာရေးဆောင်းပါး

ကာယကြံ့ခိုင်ပြည်မဏ္ဍိုင်

ဖေထွက်ဇော်(ရေစကြို)

ယခုနှစ်တွင် ရေစကြိုမြို့၌ နွေရာသီသင်တန်းများစွာထဲက ထူး ထူးခြားခြား ကိုယ်ကာယကြံ့ခိုင်မှု ကာယဗလသင်တန်းတစ်ခုဖွင့်လှစ်သင်ကြားနေမှုကို အမှတ်(၈)ဖေယျဝတီရပ်ကွက် ဗလငါးတန်စာကြည့်သင်းတွင် အမှတ်မထင် တွေ့မြင်ခဲ့ရသည်။ လေ့လာကြည့်သည့်အခါ ဗလငါးတန်စာကြည့်သင်းနှင့် မြို့နယ် အား/ကာဦးစီးဌာနတို့က ဦးဆောင်၍ လူငယ်များကိုယ်ကာယလှုပမှုနှင့် ကြံ့ခိုင်မှုအတွက် နည်းစနစ်မှန်မှန်လေ့ကျင့်နိုင်ရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် ကိုယ်ကာယအားကစားနည်းကို ဝါသနာကြီးသော ဦးအောင်နိုင်(ပွဲ့ငွင့်လေး)၏ ပံ့ပိုးကူညီမှုဖြင့် မကွေးတိုင်းဒေသကြီး အား/ကာဦးစီးဌာနမှ အလေးမနှင့် ကာယဗလကြံ့ခိုင်မှု နည်းပြဆရာ ဦးတင်နု (စာကြည့်တိုက်မှူးငြိမ်း- ပခုက္ကူတက္ကသိုလ်)မှ လာရောက်သင်ကြားပြသလျက်ရှိရာ ဝါသနာရှင်လူငယ် ၁၅ ဦးတို့ တက်ရောက်လေ့ကျင့် သင်ယူလျက်ရှိသည်ကိုလည်း အားကျဂုဏ်ယူဖွယ်တွေ့မြင်ခဲ့ရပါသည်။

အားကျဂုဏ်ယူဖွယ်ဟု ရေးသားဖော်ပြရခြင်းမှာ မျက်မှောက်ကာလတွင် လူငယ်အများစုသည် အိမ်နှင့်ကျောင်းပြီးတော့ ကျူရှင်၊ ကျူရှင်ပြီးတော့ ညစာကြည့် တန်းဆုံးတော့ ကျွန်တော်တို့ငယ်ငယ်ကလို ကျောင်းဆင်းရင် ပြေးလွှားဆော့ကစားခြင်း မပြုကြရသည့်အတွက် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုမရှိတော့ဘဲ သန်မာထွားကြိုင်းမှုအားနည်း၍ ပိန်လှီသေးကွေးနေတာ မျက်မှောက်ကာလလူငယ်များအတွက် ကိုယ်ကာယကြံ့ခိုင်မှု ကာယဗလသင်တန်းတွေ နိုင်ငံအနှံ့ဖွင့်နိုင်လျှင် ယောကျ်ားပီသသော ကိုယ်ခန္ဓာအလှအပနှင့် ကျားကျားလျားလျား လူငယ်များဖြစ်လာပေမည်။

ယခုလည်းသင်တန်းတက်ရောက်လျက်ရှိသော လူငယ်များကို မြင်ရသည်မှာ နည်းစနစ်မှန်ကန်စွာ လေ့ကျင့်သင်ယူခွင့်ရရှိခြင်းကြောင့် ခန္ဓာကိုယ်အချိုးအစားကျနလှပပြီး ပီပီသသဖြင့် ကိုယ်ကာယကြံ့ခိုင်မှုကို မြင်တွေ့ရသဖြင့် ကာယဗလနှင့် ကိုယ်ကာယကြံ့ခိုင်မှုကစားနည်းများနှင့် ပတ်သက်၍ နည်းပြဆရာကြီးကို မေးမြန်းကြည့်ရာ "ကာယဗလနှင့် ကြံ့ခိုင်မှုအားကစားနည်းဆိုတာ အမျိုးသားရော အမျိုးသမီးများပါ ပြည်သူတိုင်းနှင့် သက်ဆိုင်တဲ့ အားကစားနည်းဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကာယကြံ့ခိုင်ပြည့်မဏ္ဍိုင်ဆိုတဲ့ ဆောင်ပုဒ်လို ကျွန်တော်တို့နိုင်ငံအတွင်းမှာ ရှိကြတဲ့ ပြည်သူအားလုံးကျန်းမာကြံ့ခိုင်မှုဟာ ကျွန်တော်တို့နိုင်ငံရဲ့ အဓိကမဏ္ဍိုင်ဖြစ်ပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ လူမှုရေးဦးတည်ချက်လေးရပ်မှာလည်း တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရေးမြင့်မားရေးကို ဦးတည်ချက်ထားပါတယ်။

နောက်တစ်ချက်က ကာယဗလနဲ့ ကာယကြံ့ခိုင်မှုအားကစားနည်းဟာ အခြားအားကစားနည်းအားလုံးတို့ရဲ့ အခြေခံအုတ်မြစ်လည်း ဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကိုယ်ခန္ဓာဖွံ့ဖြိုးအောင် အထောက်အကူပြုတဲ့ အားကစားနည်းဖြစ်ပါတယ်။ ဒါကြောင့် မည်သည့်အားကစားသမားမဆို ထူးချွန်တဲ့အားကစားသမားကောင်းဖြစ်လိုသူတိုင်းရော လူငယ်တိုင်းပါ လေ့ကျင့်သင်ကြားသင့်တဲ့ အားကစားနည်းဖြစ်ပါတယ်။

"ကာယဗလ၊ ကာယကြံ့ခိုင်မှု အားကစားနည်းဟာ ကိုယ်ခန္ဓာ အချိုးအစားကျနမှု ကြွက်သားဆိုင်များ လှပကြီးထွားမှု၊ ကြွက်သားပေါ်လွင်မှုနဲ့အတူ ကာယဗလမောင်များအနေနဲ့ ကိုယ်ဟန်အလှပြသရာမှာ အထက်ကပြောခဲ့တဲ့ အခြေခံအချက်တွေအပေါ် အခြေခံပြီး ကိုယ်အလေးချိန်တူသူချင်းယှဉ်ပြိုင်ရတဲ့ ကစားနည်းဖြစ်ပါတယ်။ အဲဒီလိုအခြေခံကောင်းတွေရအောင် နည်းစနစ်မှန်မှန်၊ အချိန်မှန်လေ့ကျင့်မှု၊ အနေအထိုင်သိုသိပ်မှု၊ အစားအစာနဲ့ အားဆေးသုံးစွဲမှု ဟန်ချက်ညီညီနှစ်ပေါင်းများစွာ လေ့ကျင့်သင်ကြားမှုသာပြိုင်ပွဲတိုင်းမှာ အောင်မြင်တဲ့ အားကစားသမားကောင်းတစ်ဦးဖြစ်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်က ၁၉၈၃ ခုနှစ်ကတည်းက မျိုးဆက်သစ်တွေကို လေ့ကျင့်သင်ကြားပေးခဲ့တာပါ။ အဲဒီအထဲမှာမှ မကွေးတိုင်းဒေသကြီးရဲ့ ဂုဏ်ဆောင် နိုင်ငံလက်ရွေးစင် ကာယဗလမောင်များဖြစ်တဲ့ အောင်နိုင်ဝင်းနဲ့ မောင်ကျော်(ခေါ်) ထွန်းမင်းတို့ဟာ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ သူတို့ကို အခြေခံမှစပြီး နည်းစနစ်များကို စတင်သင်ကြားပေးခဲ့ပါတယ်"ဟု ဂုဏ်ယူဖွယ်ရှင်းလင်းပြောကြတဲ့ မကွေးတိုင်းဒေသကြီး၊ တိုင်းအား/ကာဦးစီးဌာနမှ အလေးမ၊ ကာယဗလ၊ ကာယကြံ့ခိုင်မှု နည်းပြ ဦးတင်နု စာကြည့်တိုက်မှူးငြိမ်း (ပခုက္ကူတက္ကသိုလ်)သည် အောင်နိုင်ဝင်း၊ ထွန်းမင်းတို့၏ လက်ဦးဆရာဖြစ်ကြောင်းကိုလည်း မှတ်သားခဲ့ရပါသည်။

သို့အတွက် နိုင်ငံသူ နိုင်ငံသားအားလုံး အားကစားနည်းတစ်ခုခုကို နေ့စဉ် လေ့ကျင့်လုပ်ဆောင်ကြခြင်းဖြင့် ကျန်းမာရေးကို များစွာအထောက်အကူပြုသလို ကိုယ်ကာယလှပမှု ကြံ့ခိုင်မှုကို ဖြစ်ထွန်းစေနိုင်ကြောင်း လေ့လာရေးသားတင်ပြလိုက်ရပါသည်။

သတင်းတိုများ

ဂန့်ဂေါတွင် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်မည်

ဂန့်ဂေါမြို့ ဒက္ခိဏာရာမတောင်ကုန်းကျောင်းတိုက်၌ နွေရာသီ သင်္ကြန်ကာလတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်းနှင့် တက်ရောက်လိုသူစာရင်းကို လက်ခံလျက်ရှိကြောင်း သိရသည်။ အဆိုပါသင်တန်းကို မန္တလေးမြို့ ရေတံခွန်တောင် သစ္စဝေဒဂူ ဆရာတော် ဘဒ္ဒန္တခေမာစာရကဦးစီး၍ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ဧပြီ ၁၁ ရက်မှ ၂၀ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ ၁၀ ရက်ကြာဖွင့်လှစ်မည်ဖြစ်သော အဆိုပါသင်တန်းတက်ရောက်လိုသူများသည် ဒက္ခိဏာရာမကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုဇာတထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ် ဝ၆၂-၅၀၀၈၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ကြောင်း သိရသည်။ (၁၀၁)

လိပ်သိုမြို့နယ်ခွဲတွင် လျှပ်စစ်ဓာတ်အားခန့်မှန်းထားများ ပြင်ဆင်ကောက်ခံရန် အသိပေးရှင်းလင်း

လိပ်သိုမြို့နယ်ခွဲအတွင်းရှိ ပြည်သူများကို လျှပ်စစ်ဓာတ်အားခန့်မှန်းထားများအား ပြင်ဆင်ကောက်ခံခြင်းဖြင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပိုမိုတိုးချဲ့ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း အသိပေးရှင်းလင်းပွဲကို လိပ်သိုမြို့နယ်ခွဲ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးခန်းမတွင် မတ် ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ ရှင်းလင်းပွဲသို့ မြို့နယ်ခွဲအဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် မီးသုံးစွဲသူပြည်သူများတက်ရောက်ခဲ့ကြပြီး မြို့နယ်ခွဲလျှပ်စစ်မှူး ဦးချစ်ကိုကိုက တက်ရောက်လာသော ပြည်သူများမှ လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ကောက်ခံခြင်းသည် နိုင်ငံဘဏ္ဍာငွေ တိုးတက်စေပြီး ပြည်သူများအား လျှပ်စစ်ဓာတ်အားမရရှိသော ဒေသများသို့ ပိုမိုတိုးချဲ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ခြင်းကြောင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်ပြီး ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စရပ်များတွင် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း ပြောသည်။

မနွယ်(ပြန်/ဆက်)

မြသိန်းတန်စေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် ပြန်လည်တင်လှူ

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ရှိ သမိုင်းဝင်မြသိန်းတန်စေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ပြန်လည်တင်လှူပူဇော်ပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီတွင် မြသိန်းတန်စေတီရင်ပြင်၌ ကျင်းပခဲ့ရာ ဗဟိုဝန်ဆောင်ဆရာတော် သမားတော်ကျောင်းဆရာတော် ဦးဆောင်သော မြို့နယ်သံဃာ့နာယက ဆရာတော်ကြီးများ၊ ဂေါပကများနှင့် အလှူရှင်များတက်ရောက်ခဲ့ကြောင်းသိရသည်။ မြသိန်းတန်စေတီတော်မြတ်ကြီး၏ ၅၃ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၇၅ ခုနှစ် တပေါင်းလပြည့်နေ့၊ မတ် ၁၅ ရက်မှ မတ် ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်ကျင်းပသော ၁၀ ရက်တာကာလအတွင်း အဆိုပါ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များအား အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရင်ပြင်တော်ရှိ အာရုံခံတန်ဆောင်းအတွင်း အပူဇော်ခံထားရှိခဲ့ပြီး ယခု ပြန်လည်တင်လှူပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

ကိုသက် (ဇီးကုန်း)

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်အကြောင်း လားရှိုးတွင် ဆွေးနွေး

လားရှိုး မတ် ၂၇

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ အသစ်ကြောင်းကို လားရှိုးမြို့ မတ် ၂၅ ရက် နံနက် ၁၀ နာရီက လားရှိုးအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမကြီး၌ ဆွေးနွေးခဲ့သည်။

အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဦးစန်းလွင်ဦးက "၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအသစ်ကို ဩဂုတ်လ ၃၁ ရက် ၂၀၁၂ ခုနှစ်မှာ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် အလုပ်ရှင်နဲ့ အလုပ်သမားတွေအကြားမှာ ဥပဒေအသစ်ကို သိရှိနားလည်သဘောပေါက်စေဖို့ လာရှင်းပြတာပါ။ ဒါ့အပြင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေက ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်မှ စပြီးအကောင်အထည်ဖော်တော့မှာဖြစ်ပါတယ်။ အရင်ကတော့ ၁၉၅၄ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေကို ကျင့်သုံးခဲ့တာပါ" ဟု ပြောကြားသည်။

ယင်း ၁၉၅၄ ခုနှစ်မှဥပဒေကို ၁၉၅၆ ခုနှစ်မှ ယနေ့တိုင်လိုက်နာနေရဆဲ ဖြစ်ကြောင်းအဆိုပါဥပဒေမှာ နှစ်ကာလအရလည်းကောင်း လိုအပ်ချက်များ ချွတ်ယွင်းချက်များခေတ်စနစ်နဲ့ ကိုက်ညီမှုမရှိခြင်းများကြောင့် လိုအပ်ချက်များဖြည့်စွက်ပြဋ္ဌာန်းလိုက်သော ဥပဒေဖြစ်ကြောင်း ပြောသည်။

၂၀၁၂ လူမှုဖူလုံရေးဥပဒေသစ်အရ ဆောင်ရွက်ရာတွင် ဝန်ထမ်းပေါင်း ၄၃၀၀ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မမ(လားရှိုး)

ဆဋ္ဌမအကြိမ်
ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ
သင်္ကြန်တွင်း (၇)ရက်တရားစခန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ရွှေကြက်ယက်ကျောင်းတိုက်ဝင်း၊ ဓမ္မသုခသာသနာ့ရိပ်သာ၌ ဆဋ္ဌမအကြိမ် သင်္ကြန်တွင်း (၇)ရက်တရားစခန်းကို ဒေါက်တာအရှင်ကိတ္တိသာရ(ချောင်းဦးဆရာတော်) ဦးဆောင်၍ ၁၃-၄-၂၀၁၄ ရက်မှ ၁၉-၄-၂၀၁၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ ဖုန်း-၀၉-၅၀၀၅၀၅၉၊ ၀၉-၄၂၀၁၀၈၂၀၁တို့သို့ စာရင်းပေးသွင်းနိုင်ပြီး ၁၂-၄-၂၀၁၄ ရက် ညနေ ၄ နာရီ အရောက်လာကြပါရန် နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဏ-၄၀)၊ မြေကွက်အမှတ်(၂၀၁/က)၊ အကျယ်အဝန်း(၂၀'×၆၀')၊ ပါမစ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးသက်မိုးအောင် ၁၂/မရက(နိုင်)၀၄၀၃၀၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးသန့်(ခ)ဦးမောင်ကြီး LL.B (စဉ်-၃၂၃၄၃) အထက်တန်းရှေ့နေ
ဒေါ်တင်မိုးခိုင် LL.B (စဉ်-၄၂၁၆၉) အထက်တန်းရှေ့နေ
အမှတ် ၁၅၁၊ ဒုတိယထပ်၊ ၃၈ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၉၂၄၈၃၄၀၊ ၀၉-၇၃၂၃၂၅၅၆၊ ၀၉-၃၁၁၃၂၁၄၀

ပျောက်ဆုံးကြောင်း
ဖြိုးကိုကို ၁၂/လကန(နိုင်)၁၈၄၁၂၅ သည် S.S.D Ticket ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၇၃၁၀၇၇၅၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး နယ်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၃၂

၁။ ဦးမွန်နား(ခ)ဦးအောင်လွင် နှင့် ၁။ ဦးဆောင်း
၂။ ဦးဘူးဘတ်(စ်) (ခ)ဦးစန်းမောင်
မ-၄၉၊ ၁၃၀ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
၂။ ဒေါ်ဘာဘူနီ
မ-၄၉၊ သုခလမ်း၊ သဃ်န်းကျွန်းမြို့နယ်
၃။ ဒေါ်မြင့်မြင့်(ခ)ဒေါ်လီချူး
တိုက်အမှတ် ၂၈/၃၂၊ သုံးလွှာ၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်။

တရားလိုများ — တရားပြိုင်များ

သင့်အပေါ်၌ တရားလိုများက အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဧပြီ ၁၀ရက် (၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် မတ် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဥမ္မာတင်)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၇ယ/၃၅၄၃၉ ယာဉ်လက်ဝယ်ရှိသူ မြန်မာ့သြဘာကုမ္ပဏီလီမိတက်မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး

အမှားပြင်ဆင်ခြင်း
၂၁-၃-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂ ပါ ထားဝယ်မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၄၆/၂၀၁၃ မှ ငြင်းချက်ထုတ်ရန်သမ္မန်စာကြော်ငြာတွင် ဒေါ်ခင်ဝင်း၏ အခွင့်ရကိုယ်စားလှယ်များနေရာတွင် ဒေါ်ခင်ဝင်း၏ တရားဝင်ကိုယ်စားလှယ်များဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြေစီမံခန့်ခွဲမှုဌာနတွင် ပူးတွဲအမည်ပေါက်လျက်ရှိသော ဒေါ်ညိမ်းတင်နှင့်ဒေါ်လှကြည်တို့ပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ယခင်သိမ်ဖြူတိုက်နယ်)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁-ဘီ၊ မြေကွက်အမှတ် ၃၉၃၊ မြေအမျိုးအစား ပဋ္ဌမတန်းစား၊ မြေဧရိယာ (၀.၀၂၈)ဧက၊ (လ×န) (၃၈' ၆''×၃၀') ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေ၏ မြေကွက်ကို မျက်နှာမူသော် ဘယ်ဘက်(လ×န) (၁၉' ၃''×၃၀') ကျယ်ဝန်းသောမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၁ လမ်း၊ အမှတ် ၆၂ ဟုခေါ်တွင်သော အဆောက်အအုံ (တစ်ထပ်အိမ်)နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိမရှိကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေမှ အထက်ဖော်ပြပါမြေကွက်၏ ပူးတွဲအမည်ပေါက် ပိုင်ဆိုင်သူတစ်ဦးဖြစ်သော ဒေါ်ညိမ်းတင်၏ အမွေဆက်ခံသူ ဒေါ်မေမေခင်ထံမှ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အား ဝယ်ယူမည်ဖြစ်သဖြင့် ကန့်ကွက်ရန်ရှိသူများအနေဖြင့် ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း ကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ညွှန်ကြားချက်များအရ-
ဒေါ်မေသော်သော်ဇင် LL.B.,D.B.L အထက်တန်းရှေ့နေ(စဉ်-၃၅၃၇၆)
ဒေါ်မြတ်သီတာလွင် LL.B.,D.B.L.,D.M.L တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၂၀)
အမှတ် ၅၆၃၊ အခန်း(၁/၁၀၄)၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၃၃၃၆

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ကျောက်ဆည်ခရိုင်တရားရုံး
၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၄

ကွယ်လွန်သူ ဦးစိန်ဝင်း၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။
ဒေါ်စိန်စိန် **လျှောက်ထားသူ**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ မြို့သစ်ရပ်ကွက်နေ ဒေါ်စိန်စိန်က ကွယ်လွန်သူဦးစိန်ဝင်း၏ဇနီးဟူ၍ အထက်ဖော်ပြပါလိပ်စာနေ ကွယ်လွန်သူ ဦးစိန်ဝင်း၏ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစိန်ဝင်း ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဧပြီ ၃ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၄ ရက်) နံနက် ၁၀:၀၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်စိန်စိန်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စိစစ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် မတ် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ယဉ်ဟန်)
ဒုတိယခရိုင်တရားသူကြီး
ကျောက်ဆည်ခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပြင်ဦးလွင်မြို့နယ်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၃ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁

ဒေါ်ခေါန်ဘူ	**နှင့်**	၁။ ဗိုလ်ကြီးမောင်မောင်စိုး
(၎င်း၏အထွေထွေကိုယ်စားလှယ်		၂။ ဦးသိန်းဇော်
စာရသူ ဦးသိန်းဇော်)		၃။ ဒေါ်ဌေးဌေးဝင်း
တရားနိုင်		**တရားရှုံးများ**

ရန်ကုန်မြို့နေ (၁)တရားရှုံး ဗိုလ်ကြီးမောင်မောင်စိုး၊ မုံရွာမြို့နေ (၂) တရားရှုံး ဦးသိန်းဇော်၊ (၃) တရားရှုံး ဒေါ်ဌေးဌေးဝင်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဒေါ်ခေါန်ဘူ(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးသိန်းဇော်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဧပြီ ၃ ရက်(၁၃၇၅ခုနှစ် တန်ခူးလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် မတ် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြည်စိုး
မြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆/အရှေ့၊ မြေကွက်အမှတ် ၁၀၁၁/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၁၁/ခ၊ ဝေဇယန္တာအရှေ့ ၁၁ လမ်း၊ (၆)ရပ်ကွက်၊ သာကေတ ဒေါ်ခင်ဝ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဝ(မိခင်)နှင့် ဦးနီ(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်လှနွဲ့ ၁၂/သကတ (နိုင်) ၀၂၉၉၅၈၊ (၂)ဦးကြည်ဝင်း ၁၂/သလန(နိုင်)၁၂၅၃၃၁၊ ဦးသန်းအေး ၁၂/သကတ(နိုင်) ၀၁၉၂၂၈၊ (၄)ဦးဆန်းအောင် ၁၂/သကတ(နိုင်)၁၄၆၄၀၆ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ် ၁၂၄၊ မြေကွက်တည်နေရာအမှတ် ၁၂၄၊ (၂၈)ရပ်ကွက်၊ ဒဂုံမြောက် ဦးထွန်းလှခိုင် TKA- ၀၀၁၇၄၄ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းလှခိုင် တရားရုံးကိုယ်စား ဘီလစ် ဒေါ်နှင်းဝင့်ဝင့်ဖြူ ၈/ဆဖန(နိုင်)၀၅၁၂၄၃မှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် (၇၈/၁၃)(၉-၄-၁၃)နှင့် တရားမဇာရီမှုအမှတ်(၇၃/၁၃)(၂၆-၈-၁၃) တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော သက်သေအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်ပေါက်တောတိုးချဲ့၊ မြေကွက်အမှတ် ၁၃၂၊ မြေကွက်တည်နေရာအမှတ် ၁၃၂၊ ဘုရင့်နောင် ၅ လမ်း၊ ဗိုလ်မှူးဒေါ်အေးမြင့် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက်ဗိုလ်မှူးဒေါ်အေးမြင့် ၁၂/ဒဂန(နိုင်) ၀၀၄၀၉၃ က အင်းစိန် နှစ် ၆၀ မြေငှားဂရန်မူရင်း ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

(၃၇)နှစ်မြောက် မင်္ဂလာဆုတောင်း

သားသမီးများအတွက် တာဝန်ကျေပွန်သော အနန္တကျေးဇူးရှင် ဖေဖေဦးလှဌေး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန-ငြိမ်း)နှင့် မေမေဒေါ်ခင်စုတို့၏ ၂၈-၃-၂၀၁၄ ရက်တွင် ကျရောက် သော (၃၇)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတု မင်္ဂလာရက်မြတ်တိုင်အောင် ဘာသာ၊ သာသနာအကျိုးဆောင်ရွက်နိုင်ပြီး သားသမီး၊ မြေးများနှင့် ကျန်းမာပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

သားကြီး - ဗိုလ်မှူးလှိုင်ဘွားထွန်း-မခင်ချောစုဝေ
သမီးကြီး - မဇာဇာထွန်း(လ/ထမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်-၂)၊ မန္တလေးမြို့
သမီးငယ် - မောင်ရဲမင်း(SAT၊အထက ဝမ်ဆင်း)-မတင့်တင့်ထွန်း(SAT၊ အထက၊ပလစ-၂)
ချစ်မြေးများ- စွမ်းလင်းထွန်း(Grade-5)၊ သွန်းနေခြည်ထွန်း၊ ခန့်(ခ)ဂူဂဲ

စက်မှုဆောင်ရွက်မှုလုပ်ငန်းကော်ပိုရေးရှင်း
စက်မှုဆောင်ရွက်မှုလုပ်ငန်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းမှ
ပဥ္စမအကြိမ် သက်ကြီးဝန်ထမ်းဟောင်းအရာရှိကြီးများအား ပူဇော်ပွဲ
နှင့်
ဆဋ္ဌမအကြိမ် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း
ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်	- ၂၀၁၄ ခုနှစ် မေ ၄ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	- နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ
ကျင်းပမည့်နေရာ	- နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခမ္မာရုံ

အဘိဓမ္မာတတ်မှ ဘဝပညာတတ်မည်
အဘိဓမ္မတက္ကသိုလ် (U.A)

အခြားမည်သည့်နေရာတွင်မှ မသင်ယူနိုင်သော မူလအသုံးချအဘိဓမ္မာ၊ ပုဂ္ဂလပညတ်စသည့် ဘာသာရပ်များကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ၅-၄-၂၀၁၄ရက် (စနေနေ့) နံနက် ၈း၀၀နာရီမှစ၍ သင်ကြားပို့ချမည်ဖြစ်ပါသည်။

- Superior Diploma Course in Abhidhammal Level I အင်္ဂလိပ်နှင့် မြန်မာနှစ်ဘာသာဖြင့် ပုံမှန်သင်တန်းနှင့် အဝေးသင်သင်တန်း (တနင်္လာ၊ အင်္ဂါရုံးပိတ်ရက်မှအပ ကျန်နေ့များတွင် ရုံးချိန်အတွင်း သင်တန်းသားများ လက်ခံနေပါသည်။)

Dynamic English **သင်တန်း**
တစ်မူထူးခြားသောသင်တန်း

- U.A တက္ကသိုလ်၏အဓိပတိ၊ အငြိမ်းစားသံအမတ်ကြီး ဦးမြသန်း (စာရေးဆရာ နော်ရထာဝင်း) ကိုယ်တိုင် ဦးဆောင်သင်ကြားပေးမည်။
- ဆရာမအကယ်ဒမီဒေါ်ဆွေဇင်ထိုက်၊ ဆရာဦးတင်သိန်း၊ ဒေါ်အေးပတ္တမြား (M.A. English) စသည့် ဆရာ ဆရာမများလည်းနေ့စဉ်အင်္ဂလိပ်စကားပြောမှစ၍ Phonetic အင်္ဂလိပ်ဝတ္ထုများ၊ ရုပ်ရှင်နှင့် မီဒီယာသင်ခန်းစာများနှင့် Abhidhamma English အထိ သင်ကြားပေးမည်။
- တက္ကသိုလ်ဝင်သင်တန်းအောင်မြင်ပြီးသူ မည်သူမဆို လျှောက်ထားနိုင်သည်။
- B.A Degree Course in Abhidhamma အတွက် မတက်မဖြစ်တက်ရမည့် အကြို သင်တန်းဖြစ်သည်။ (ဦးရာလူစနစ်ဖြင့် လက်ခံမည်။)

သင်တန်းလျှောက်လွှာတင်ရန်နေရာ

- အဘိဓမ္မတက္ကသိုလ် (U.A)၊ ကမ္ဘာအေးဘုရားဝင်းအတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၆၅၅၇၅၆၊ ၆၅၇၈၆၃

ဦးကျော်ဝဏ္ဏ ၁၂/သဃက(နိုင်)၀၀၂၄၉၈ နှင့်
အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း ၃၀ အောက်လမ်း၊ အမှတ် ၈၃/၈၅ နေ ဒေါ်စိုးနန္ဒာအောင် ၁၂/ပဘတ(နိုင်)၀၂၅၁၈၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးနန္ဒာအောင်နှင့် ဦးကျော်ဝဏ္ဏတို့သည် ၁၈-၄-၂၀၀၁ ရက်တွင် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ကြပြီး သမီးလေးတစ်ဦးမွေးဖွားခဲ့ပါသည်။ ထိုနောက်ပိုင်းတွင် ဦးကျော်ဝဏ္ဏမှ ဘန်ကောက်မြို့သို့ အလုပ်သွားလုပ်ခဲ့ပါသည်။ အစပိုင်းတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးနန္ဒာအောင်ထံ အဆက်အသွယ်ပြုလုပ်သော်လည်း နောက်ပိုင်းတွင် ဒေါ်စိုးနန္ဒာအောင်နှင့်သမီးလေးတို့အား အဆက်အသွယ်လုံးဝဖြတ်ခဲ့ပါသည်။ ဒေါ်စိုးနန္ဒာအောင်မှ အကြိမ်ကြိမ်ကြိုးစားဆက်သွယ်ခဲ့သော်လည်း ဦးကျော်ဝဏ္ဏမှာ ရှောင်နေခဲ့ပါသည်။ ဦးကျော်ဝဏ္ဏမှာ ငွေကြေးတစ်စုံတစ်ရာ ပေးပို့ခြင်း၊ ကျွေးမွေးထောက်ပံ့ခြင်းမပြုတော့ဘဲ ခင်ပွန်းတစ်ဦး၏တာဝန်များ ပျက်ကွက်ခဲ့သည်မှာ လေးနှစ်ကျော်ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ဦးကျော်ဝဏ္ဏမှ အဆက်အသွယ်လုံးဝမပြုလုပ်ခြင်း၊ ငွေကြေးတစ်စုံတစ်ရာ ရှာဖွေကျွေးမွေးထောက်ပံ့မှုမရှိခြင်း၊ ခင်ပွန်းတစ်ဦး၏ တာဝန်များပျက်ကွက်နေခြင်းတို့ကြောင့် ဦးကျော်ဝဏ္ဏနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့်ယနေ့မှစ၍ ဦးကျော်ဝဏ္ဏအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးနန္ဒာအောင်မှ ခင်ပွန်းအဖြစ် အပြီးအပိုင် စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ဦးကျော်ဝဏ္ဏနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်စိုးနန္ဒာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ဝင်းဖြူ LL.B, D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၈၄)
အမှတ် ၄၆၊ (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၆၅၂/က၊ မြေကွက်တည်နေရာအမှတ် ၆၅၂/က၊၁၅လမ်း၊(၁)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်စကီနာ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စကီနာ (ဇနီး)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ခင်ပွန်းဖြစ်သူ ဦးခင်မောင် CJ-၀၄၁၆၇၅ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၅၃၅/၂၀၁၃ ရရှိသူ ဒေါ်စန္ဒာအောင် ၁၂/ဥကတ(နိုင်)၀၈၆၃၇၃မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊ ၃၁ လမ်း၊ အမှတ် (၁၄၀/၁၄၂)တည်ရှိရာ မြေတိုင်းရပ်ကွက် အမှတ် ၁၆ဒီ[၂]၊ မြေကွက်အမှတ် V Class 54 နှင့် V Class 55၊ မြေပိုင်မြေ အမျိုးအစား မြေနှစ်ကွက်အမည်ပေါက် မောင်စောလွင်နှင့်မသန်းမြင့် မြေကွက်အား ဖခင်ဦးစောလွင်သည် ၁၂-၉-၈၈ ရက်တွင်လည်းကောင်း၊ မိခင်ဒေါ်သန်းမြင့်သည် ၁၈-၁၂-၁၃ ရက်တွင်လည်းကောင်း သေဆုံးကြောင်း သေစာရင်း၊ ၎င်းတို့တွင် အမွေစားအမွေခံအဖြစ် တစ်ဦးတည်းသောသမီး ဒေါ်လှနှင်းခိုင် ၁၂/ပဘတ(နိုင်)၀၁၁၁၃၅သာ ကျန်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

တိုက်ကြီးမြို့နယ်၊ ဖတ်ဝန်းကုန်းကျေးရွာနေ ဦးကျော်ကျော် ၁၂/တကန(နိုင်) ၁၅၁၂၈၄ အား ဦးလှထွန်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။

ဦးလှထွန်းကျော်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၆၈၀၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ယဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/8253၊ Toyota Alphard M/B (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုသဇင်အောင် ၁၂/မဂတ(နိုင်) ၀၀၈၀၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ရောင်းမည် (downtown ...)
45'x40' (Penthouse 9th Floor)
- 2MBR, ဧည့်ခန်းကျယ် ဘုရားခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း
- ထပ်ခိုး(15'x40') 1BR
- 4 AC, Lift, ...
ဆက်သွယ်ရန် - 09 420016339, 09 73203105

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပင်းယ (၁၂)လမ်းဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၂၆၉/က)၊ အကျယ်အဝန်း(၂၀'×၆၀')၊ နှစ်(၆၀)ဂရန်မြေကွက်နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ရန်အသိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးစိုးပိုင် ၁၂/သဃက(နိုင်)၁၅၃၇၄၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးသန့်(ခ)ဦးမောင်ကြီး	**ဒေါ်တင်မိုးနိုင်**
LL.B (စဉ်-၃၂၄၃)	**LL.B (စဉ်-၄၂၁၆၉)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် ၁၅၁၊ ဒုတိယထပ်၊ ၃၈ လမ်း(အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၉၂၄၈၃၄၀၊ ၀၉-၇၃၂၃၂၅၅၆၊ ၀၉-၃၁၁၃၂၁၄၀

လူပျောက်ကြော်ငြာ

ကလေးမြို့၊ စမ်းမြို့ရပ်ကွက်၊ နယ်မြေ(၈)နေ ဦးအေးမောင်-ဒေါ်တင်ကြည်တို့၏ သမီး၊ ကိုလှိုင်ဝင်းဇော်၏ဇနီး မအေးမြင့်ကြည် ၅/ကလထ(နိုင်) ၂၃၁၀၈၀၊ အရပ် ၅ပေ ၃လက်မသည် ၁၈-၂-၂၀၁၄ ရက်တွင် နေအိမ်မှပျောက်ဆုံးသွားပါသဖြင့် ရောက်ရာအရပ်မှ အမြန်ဆက်သွယ်ပေးပါရန်နှင့် လက်ခံထားသူအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သတင်းပေးသူအား ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၃၃၄၄၅၃၁၁

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်စောချာချီ ၇/တငန(နိုင်)၀၆၀၉၃၆ သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘစိတ်ဆင်းရဲအောင် နည်းမျိုးစုံဖြင့် တရားစွဲဆိုခြင်း၊ မရွှေ့ပြောင်းနိုင်ပစ္စည်းများကို စာချုပ်များဖြင့် ပြုလုပ်ဖန်တီးခဲ့ခြင်း၊ မိဘအားနှင်ချခြင်းများကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ပြဿနာအရှုပ်အရှင်း မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်- ဦးစောတာဘိုးဘို ၇/တငန(နိုင်)၀၆၁၄၀၄
ခပေါင်းရွာဦး ၂လမ်း၊ မင်းကြီးညိုရပ်ကွက်(ယာယီ)
တောင်ငူမြို့

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

[illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၅၃၂၈၁ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၉/ပသက(နိုင်)၀၁၉၃၁၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄၉၊ မြေကွက်အမှတ် ၁၃၁၄၊ မြေကွက်တည်နေရာအမှတ်(၁၃၁၄)၊ (၁၄၉) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးထွန်းစိန်အောင် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးထွန်းစိန်အောင် ၁၂/ဒပန(နိုင်)၀၁၈၆၆၆ ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၆၊ မြေကွက်အမှတ် ၈၄၄၊ မြေကွက်တည်နေရာအမှတ်(၈၄၄)၊ (၄၆)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးမန်ကိုက်ထန် ၄/ဟခန(နိုင်)၀၀၈၇၈၀ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမန်ကိုက်ထန် ၄/ဟခန(နိုင်)၀၀၈၇၈၀ ကိုယ်တိုင်မှ မြေဂရန်ပျက်စီးခြင်းအား ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကတိသစ္စာပြုလွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ရဲမှူးကြီးတင်မောင်ဋ္ဌေး(ငြိမ်း) D.S.A-17
(၂၈-၃-၂၀၁၁)-(၂၈-၃-၂၀၁၄)

မောင်

ချစ်ဇနီးနဲ့ ချစ်သမီးကို မမျှော်လင့်ဘဲခွဲခွာသွားခဲ့တာ (၃)နှစ်ပြည့်ခဲ့ပြီ။ သင်္ခါရသဘောအရ ခွဲခွာခဲ့ရပေမယ့်လည်း တစ်နေ့မှမမေ့နိုင်ဘဲ အချိန်တိုင်း သတိရနေဆဲပါ။ လတိုင်း၊ နှစ်တိုင်း မောင့်အတွက် ကောင်းမှုကုသိုလ် အလှူဒါနပြုလုပ်ပေးခဲ့ပါတယ်။ မောင်ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-

မောင်ရေ အမျှ-အမျှ-အမျှ
ဖေဖေရေ အမျှ-အမျှ-အမျှ

ချစ်ဇနီး - ဒေါ်တင်ရွှေ
ချစ်သမီး - ခိုင်တင်ဇာဋ္ဌေး

ဝမ်းနည်းကြေကွဲခြင်း

[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှလှစိုး
အသက်(၆၈)နှစ်

သူငယ်ချင်း မောင်မောင်မြဦး၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်လှလှစိုး အသက်(၆၈)နှစ်သည် ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၃/၈၄
အထက(၁)ဒဂုံ၊ တက္ကသိုလ်ဝင်တန်း (A)မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
အာဖြဟံလိုင်ကြူ(ခ)ဦးလိုင်ကြူ
BA.BEd အပတ်စဉ်(၆)
အသက်(၆၁)နှစ်

၂၂-၃-၂၀၁၄ရက်(စနေနေ့) ည ၁၁း၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

Rev-Dr ထောင်နှင်းဇမ်နှင့်မိသားစု၊
မတူပီမြို့

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြစိန်
(သထုံ)
ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်
အသက်(၈၇)နှစ်

လင်းစဒေါင်း၊ ၃ ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ် ၇၊ ခြောက်လွှာနေ (ဦးထွန်းခင်)၏ဇနီး၊ ဦးဝင်းရှိန်-ဒေါ်စန်းတင့်(သထုံ ဒေါ်စန်းထမင်းဆိုင်၊ထားဝယ်မြို့)၊ (ဦးအုန်းကျော်)-ဒေါ်ခင်မေစန်း (ဒုညွှန်မှူး၊ ငြိမ်း၊ ပင်စင်ဦးစီးဌာန)၊ ဒေါ်ဝင်းဋ္ဌေး (အထက-၂၊ ဒလ)၊ ဒေါ် သိန်းသိန်းစု၊ ဒေါ်ခင်စီမာ၊ (ဦးသန့်ဇင်)-ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်ခင်ပြုံးဇင်တို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၃-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြမြသန်း @ Patricia
B.A Ed, B.Ed
အထက်တန်းပြ(ငြိမ်း)၊ အထက-၁၊ အလုံ
အမ္ဘာရာမ ဆရာတော် ဦးနန္ဒ၏
ရဟန်းမယ်တော်
ဥက္ကဋ္ဌ၊ အမ္ဘာရာမ ယောဂီအဖွဲ့
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၆၁ နေ (ဦးစံပေါ်-ဒေါ်စံဝင်း)တို့၏သမီး၊(ဦးအောင်မြင့်)-ဒေါ်တင်ရီ၊ (ဦးကျော်ထွန်း)-ဒေါ်သန်းရီ၊ ဦးကံအေး-ဒေါ်ခင်ခင်၊ (ဒေါက်တာ မြင့်သိန်း-ဒေါ်ခင်ခင်ဦး)၊ ဦးကျော်ထင် -ဒေါ်သန်းသန်းနုတို့၏ညီမ၊ ဒေါက်တာဦးစံသာဟန်-ဒေါ်အေးအေးမြင့်တို့၏ အစ်မ၊ တူ၊ တူမ၂၇ ယောက်တို့၏ အဒေါ်၊ မြေး ၃၅ ယောက်တို့၏ အဘွားသည် ၂၆-၃-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ရက် နံနက်၁၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇/အရှေ့၊ မြေကွက်အမှတ် ၁၄၀/ခ၊ မြေကွက်တည်နေရာအမှတ် ၁၄၀/ခ၊ ယုဇနလမ်း၊ (၇/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးတင်ပိုင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ပိုင် (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်မြရင် ၁၂/သကတ(နိုင်)၀၈၂၀၃၉မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၂၁၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၁၂/ခ)၊ သီလလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်မြမြအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြမြ ၁၂/ဥကတ(နိုင်)၀၃၅၇၈၇ မှ ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

အရိုး၊ အကြော၊ အဆစ်ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဦးတင်ကိုကို (လားရှိုးပြည်သူ့ဆေးရုံကြီး)၏မိခင် အမှတ်(၂)ရပ်ကွက်၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီးနေ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းနွဲ့ အသက်(၈၀)သည် ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) ည ၉း၃၀ နာရီခန့်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အရိုးကုသဆောင်မိသားစု
ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးထွန်းဦး
ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်
အသက်(၅၅)နှစ်

မိခင်ကြီးနှင့် ညီမလေးတို့၏ လိုအပ်သမျှကိစ္စအဝဝကို လိုလေသေးမရှိ ဂရုတစိုက်ဆောင်ရွက်ပေးခဲ့သော သားကြီး/အစ်ကိုကြီး ဦးထွန်းဦးသည် ၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့် ခွဲခွာသွားသည့်အတွက် မိခင်ကြီးနှင့် ညီမလေးတို့မှ ရင်နှင့်အမျှခံစားနေရပါတယ်။ မိခင်ကြီးနှင့် ညီမလေးတို့မှ ပြုပြုသမျှ အလှူဒါနကုသိုလ်များကိုရရှိစေဖို့ အမျှပေးဝေပါတယ် သားကြီး/အစ်ကိုကြီး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသော်-

မိခင်ကြီး ဒေါ်တင်ကြည်၊ ညီမ ဒေါ်အေးအေးခိုင်
ညီညီဦးစားတော်ဆက်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးထွန်းဦး
ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်
အသက်(၅၅)နှစ်

မိသားစုနှင့်ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ကျေပွန်စွာ လိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့သည့် မောင်လေး ဦးထွန်းဦးသည် ၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့်ခွဲခွာသွားသည့်အတွက် မိသားစုမှ ရင်နှင့်အမျှခံစားနေရပါတယ်။ မိသားစုပြုပြုသမျှ အလှူဒါနကုသိုလ်များကို ရရှိစေဖို့ အမျှပေးဝေပါတယ်။ မောင်လေး ဦးထွန်းဦး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသော်-

အစ်မ
(ဦးအောင်စိုး)-ဒေါ်လှလှဝေ မိသားစု
ကော့စံနိုင်ရပ်ကွက်၊ ကျိုက်ထို

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးထွန်းဦး
ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်
အသက်(၅၅)နှစ်

မိသားစုနှင့်ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ကျေပွန်စွာ လိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့သည့် အစ်ကိုကြီး ဦးထွန်းဦးသည်၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့်ခွဲခွာသွားသည့်အတွက် မိသားစုမှ ရင်နှင့်အမျှခံစားနေရပါတယ်။ မိသားစုပြုပြုသမျှ အလှူဒါနကုသိုလ်များကို ရရှိစေဖို့ အမျှပေးဝေပါတယ်။ အစ်ကိုကြီး ဦးထွန်းဦး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသော်-

ညီမ
ဦးစိုးနိုင်-ဒေါ်တင့်တင့်ဝေ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးထွန်းဦး
ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်
အသက်(၅၅)နှစ်

မိသားစုနှင့်ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ကျေပွန်စွာ လိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့သည့် အစ်ကိုကြီး ဦးထွန်းဦးသည် ၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့်ခွဲခွာသွားသည့်အတွက် မိသားစုမှ ရင်နှင့်အမျှခံစားနေရပါတယ်။ မိသားစုပြုပြုသမျှ အလှူဒါနကုသိုလ်များကို ရရှိစေဖို့ အမျှပေးဝေပါတယ်။ အစ်ကိုကြီး ဦးထွန်းဦး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသော်-

ညီမ
ဦးမြင့်ဆွေ-ဒေါ်သန်းသန်းဝေ မိသားစု
ထီးဆိုင်လုပ်ငန်း၊ ကျိုက်ထီးရိုးရင်ပြင်

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးထွန်းဦး
ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်
အသက်(၅၅)နှစ်

မိသားစုနှင့်ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ကျေပွန်စွာ လိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့သည့် အစ်ကိုကြီး ဦးထွန်းဦးသည် ၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့်ခွဲခွာသွားသည့်အတွက် မိသားစုမှ ရင်နှင့်အမျှခံစားနေရပါတယ်။ မိသားစုပြုပြုသမျှ အလှူဒါနကုသိုလ်များကို ရရှိစေဖို့ အမျှပေးဝေပါတယ်။ အစ်ကိုကြီး ဦးထွန်းဦး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသော်-

ညီ
ဦးညီညီဦး-ဒေါ်တင်တင်လှ မိသားစု
ညီညီဦးဓာတ်ပုံလုပ်ငန်း၊ ကျိုက်ထီးရိုးရင်ပြင်

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးထွန်းဦး
ညီညီဦးစားတော်ဆက်မိသားစု၊ ကျိုက်ထီးရိုး
ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်လုပ်ငန်းကော်မတီဝင်
အသက်(၅၅)နှစ်

မိသားစုနှင့်ညီအစ်ကိုမောင်နှမများအပေါ် တာဝန်ကျေပွန်စွာ လိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့သည့် အစ်ကိုကြီး ဦးထွန်းဦးသည် ၂၁-၃-၂၀၁၄ရက်တွင် ရုတ်တရက် မိသားစုနှင့်ခွဲခွာသွားသည့်အတွက် မိသားစုမှ ရင်နှင့်အမျှခံစားနေရပါတယ်။ မိသားစုပြုပြုသမျှ အလှူဒါနကုသိုလ်များကို ရရှိစေဖို့ အမျှပေးဝေပါတယ်။ အစ်ကိုကြီး ဦးထွန်းဦး ရောက်ရာဘုံဘဝမှ သာဓုခေါ်စေသော်-

ညီမ
ဦးတိုးမောင်-ဒေါ်တင်တင်ခိုင် မိသားစု
တောင်ပိုင်းရပ်၊ ကျိုက်ထိုမြို့

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကျင်ရွှေ (စစ်တွေ)

အသက်(၉၀)

သူငယ်ချင်း ဒေါ်လှမြဝင်း-ဦးဇော်ကိုကိုတို့၏မိခင်၊ ဒေါ်ကျင်ရွှေ(စစ်တွေ) သည် ၂၂-၃-၂၀၁၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

84, B.Ag သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မေ (သာစည်)

အသက်(၇၉)နှစ်

သူငယ်ချင်း ဦးအေးကိုကို-ဒေါ်ခင်စန္ဒာအောင်တို့၏မိခင် ဒေါ်ခင်မေ (သာစည်)သည် ၂၆-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

84, B.Ag သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြင်

အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းနေ ဦးတင်မောင်(GDH Co., Ltd.)၏ဇနီး၊ ဦးဝင်းအောင်-ဒေါ်စုနီ(TWJS Co.,Ltd.)၊ ဦးအောင်ဝင်း-ဒေါ်ဖြူဖြူခင်(GP and Chemical Industrial Co.,Ltd.)၊ ဦးအောင်ရှိန်-ဒေါ်အေးအေးသွယ် (Ever Seiko Co.,Ltd.)၊ ဦးမျိုးဝင်း-ဒေါ်သူဇာမင်းမင်းစိုး (Oriental Orchid Co.,Ltd.) တို့၏ မွေးသမိခင် ဒေါ်ကြင်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Bumrungrad International Hospital ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအေးသိန်း၊ ဦးမင်းသိန်း
Thousand Island
(Business Services Co.,Ltd.)

မြို့နယ်အလိုက်၊ ကျေးရွာအလိုက် တောင်သူပညာပေးစိုက်ကွင်းများ ထူထောင်ပေးနိုင်ရေး နှိုးဆော်ချက်

၁။ တောင်သူလယ်သမားများ သီးနှံများအထွက်နှုန်းတိုးစေရေးနှင့် အရည်အသွေးကောင်းစေရေးအတွက် သိပ္ပံနည်းကျစိုက်ခင်းစနစ်များကို သီးနှံအမယ်အလိုက် ပြောင်းလဲကျင့်သုံးနိုင်ကြရန် လိုအပ်လျက်ရှိပါသည်။

၂။ နေပြည်တော်ကောင်စီနယ်မြေတွင် စံနမူနာပြ တောင်သူပညာပေးစိုက်ကွင်းကြီးများ ထူထောင်ပြသထားရှိသော်လည်း ပြည်ထောင်စုတစ်နိုင်ငံလုံး ကျေးရွာပေါင်း ၆၄၀၀၀ ကျော်မှ လာရောက်လေ့လာနိုင်ကြရန် အလှမ်းဝေးပါသည်။

၃။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ကျေးရွာတိုင်းတွင် သိပ္ပံနည်းကျစိုက်နည်းစနစ်များ ပျံ့နှံ့ရေးအတွက် စံနမူနာပြ စံပြစိုက်ခင်းများ ထူထောင်နိုင်မှသာလျှင် တောင်သူလယ်သမားများ လက်လှမ်းတမီ လေ့လာအတုယူနိုင်မည် ဖြစ်ပါသည်။

၄။ ပထမအဆင့်၊ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် **"မြို့ကြီး စုစုပေါင်း ၃၃၀ တွင် စံနမူနာပြ တောင်သူပညာပေးစိုက်ကွင်းကြီးများ ပေါ်ထွန်းလာရေးအတွက်"** တောင်သူလယ်သမားများ၏ အကျိုးအားရှေးရှုပြီး အင်တိုက်အားတိုက်ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၂၈-၃-၂၀၁၄ (သောကြာနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ နံနက်ခင်းသတင်း၊
၉း၄၅ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၂း၃၀ ဆေးရောင်စုံရုပ်ရှင် **ဖေဖော်ဂျီနှင့်သူယောင်မယ်** ကျော်ရဲအောင်၊မို့မို့မြင့်အောင် (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၄း၄၅ Hyper Sports

ညပိုင်း

၁၅း၀၀ ပြည်တွင်းသတင်း
၁၅း၂၀ **ဒန့်သလွန်သီး**
၁၆း၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (အင်္ဂလိပ်စာ)
၁၇း၁၅ ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း (သင်ဘာတွေသိဖို့ လိုအပ်သလဲ)(အပိုင်း-၂)
၁၇း၃၀ အိန္ဒိယရုပ်ရှင် **ဖြူစင်မေတ္တာ** (အပိုင်း-၁၉၄)
၁၈း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်** (အပိုင်း-၄၇)
၂၀း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ **တို့ကျေးရွာရဲ့ချစ်မိတ်ဆွေ ကျော်ကျော်၊အံ့သစ်ကျော်၊ ထက်ထက်ဆုလှိုင်၊ သဲချစ်မြင့်မိုရ် (ဒါရိုက်တာ-ချစ်စံဝင်း၊ အေးအေးဟန်)**

ဝမ်းနည်းကြေကွဲခြင်း

ဦးလှသောင်း

(ဦးစီးအရာရှိ၊ ငြိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)

အသက်(၇၉)နှစ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနမှ ဒုဦးစီးမှူး ဒေါ်ပပမြိုင်၏ဖခင် ဦးလှသောင်း အသက်(၇၉)နှစ်သည် ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန

ခရစ်တော်၌အိပ်ပျော်ခြင်း

စောဂျော့စိန်း(ဦးသာခွေ) M.F.T.B

အသက်(၇၈)နှစ်

အမှတ် ၁၈၊ ဒေါ်လှပန်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(ခဝဲခြံ)နေ (ဦးဖိုးစိန်း-ဒေါ်အုန်းစိန်)တို့၏သား၊ နော်မရီးနာစိန်း-(ဦးကျော်မြင့်)တို့၏အစ်ကို၊ စောဝဲလင်းတန်စိန်း-နော်စန္ဒာနော့၊ (စောဂီးဒီယန်စိန်း)-နော်ဂျူးလီ၊ နော်ရှီးဘာစိန်း၊ စောအာလီရှားစိန်း-နော်သင်းသင်းအေး၊ နော်လီလီယာန်စိန်း-ဟိန်းဟိန်းတို့၏ဖခင်၊ နော်ရှသအယ်စိန်း၊ စောဟဲထူးဂေါ်စိန်း၊ စောဆာဒိုသော၊ နော်လားသောအယ်စိန်းတို့၏အဘိုး၊ နော်ရှယ်လီကြီး(အငြိမ်းစား သူနာပြုဆရာမကြီး၊ စိတ်ကျန်းမာရေးဆေးရုံ)၏ခင်ပွန်းသည် ၂၇-၃-၂၀၁၄ရက် နံနက် ၃း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၃-၂၀၁၄ရက် နံနက် ၈း၃၀ နာရီတွင် သမိုင်း ကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင် ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်၌ ဂူသွင်းပါမည်။ (ဘုရားကျောင်းမှကားများ ဝတ်ပြုဆုတောင်းအပြီးတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စောစောသိန်း (ညောင်လေးပင်မြို့)

အထက်တန်းပြဆရာမ(ငြိမ်း)

အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏမြို့၊ (၂၅)ရပ်ကွက်၊ သပြေညိုလမ်းသွယ်၊ အမှတ် ၂၄၆/၁နေ ဒေါ်စောစောသိန်း အသက်(၇၅)နှစ်သည် ၂၁-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
ညောင်လေးပင်မြို့နယ်အသင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စီစီ (ထားဝယ်)

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉လမ်း(အထက်)၊ တိုက်ခန်းအမှတ် ၂၅၀၊ မြေညီထပ်ဝဲနေ (ဦးဂိုဆိုင်-ဒေါ်စန်း)တို့၏သမီး၊ (ဦးလှဝင်း)၏ညီမ၊ (ဦးပီတာခင်မောင်)-ဒေါ်ဟယ်လင်၊ ကပ္ပတိန်ကောင်းစံ-ဒေါ်မေခိုင်ဝင်း(ဒု-ညွှန်မှူး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်)တို့၏အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏အဒေါ်၊ မြေးတစ်ယောက်၏အဘွားသည် ၂၇-၃-၂၀၁၄ရက် (ကြာသပတေးနေ့)နံနက် ၅နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၄ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်အေး(ခ)ဒေါ်ပေါင်

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ အမှတ် ၅၀နေ ဦးကျင်-ဒေါ်ညွန့်မေတို့၏သမီး၊ ဒေါ်ခင်နွဲ့၏ညီမ၊ ဦးရီမြင့်၏ဇနီး၊ ကိုမျိုးမင်းဇော်၊ မဆွေဆွေခိုင်တို့၏မိခင်၊ ဒေါ်ရီရီခိုင်၊ ဦးတင့်လွင်(လှမင်းအလူမီနီယမ်)-ဒေါ်နီနီခိုင်(ခ)မမိုး(သူရိန်အလူမီနီယမ်)၊ ဒေါ်ကြည်ကြည်ခိုင်၊ ကိုဇော်လင်းတို့၏အဒေါ်၊ မောင်အောင်သူရိန်(Sea.3, ILBC)၏အဘွားလေးသည် ၂၇-၃-၂၀၁၄ရက် ည ၈း၀၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ် ပါသည်။ (သင်္ဂြိုဟ်မည့်ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်
စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးတင်လှ

(ဘောဂကြီးမော်တော်ပိုင်၊ မုံရွာ)

အသက်(၈၇)နှစ်

မုံရွာမြို့၊ ဘုရားကြီးလမ်းနေ(ဦးမှီ-ဒေါ်အေးခင်)၏သား၊ (ဦးအုန်း၊ ဒေါ်ကြင်လှ)၏အစ်ကို၊ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဦးမြင့်စိုး-မရွှေစင်ဝင်းတို့၏ဖခင်၊ မသက်ခင်ခင်စိုး၊မလဲ့ရွှေရည်ခင်တို့၏အဘိုးသည် ၂၇-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် မုံရွာမြို့၊ ဘုရားကြီးလမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ ရက် (သောကြာနေ့) ညနေ ၄နာရီတွင် မုံရွာမြို့ စကျင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်ဒါယကာကြီး

ဦးတင်ထွဋ်

(တက္ကသိုလ်နေလွင်)

ရေကူး ကမ္ဘာအေး

လက်ထောက်မန်နေဂျာ(ငြိမ်း)

ကုန်းလမ်းပို့ဆောင်ရေး

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် ၄၂၂(က)နေ(ဦးစိန်-ဒေါ်သိန်းရွှေ)တို့၏သား၊(ဦးတင်ညွန့်-ဒေါ်အေးတင်)တို့၏သားသမက်၊ ဦးတင်မောင်-(ဒေါ်မြင့်မြင့်)၊ (ဦးသိန်းရွှေ)-ဒေါ်မြမြတို့၏မောင်၊ ဒေါ်ခင်ခင်စိုး (အလပြ၊ ငြိမ်း၊ အထက-၄၊ မရမ်းကုန်း)၏ ခင်ပွန်း၊ မသူဇာဦး၊ ကိုဇော်မင်းထိုက် (ခေတ္တ-စင်ကာပူ)-မမြတ်မွန်မူ၊ ကိုဇော်ဝင်းခိုင် (ခေတ္တ-စင်ကာပူ) - မယဉ်ရွှေစင် (ခေတ္တ-စင်ကာပူ)၊ မအိအိတင်ထွဋ်တို့၏ဖခင်၊ မောင်ဟိန်းသုတ၊ မရွှေပိုးရတုဇော်၊ မရွှေဖူးသစ်ဇော်တို့၏အဘိုးသည် ၂၇-၃-၂၀၁၄ရက် နံနက် ၄း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၄ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်ကျော်

အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်း၊ အမှတ် ၃၄၈နေ ဦးမောင်မောင်-ဒေါ်ပုစိန်တို့၏သား၊ ဒေါ်လှလွင်လွင်၏ခင်ပွန်း၊ ဦးစိုးထိုက်အောင်-ဒေါ်ဥမ္မာအေးတို့၏ဖခင်သည် ၂၇-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၁၄ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မောင်ဇော်မြတ်ထွဋ်

နောက်ဆုံးနှစ်အပိုင်း(က)

ဆေးတက္ကသိုလ်(၁)ရန်ကုန်

အသက်(၂၁)နှစ်

ရန်ကုန်မြို့နေ ဦးကျော်သူအောင်(CE)-ဒေါက်တာမိုးအင်ကြင်းဇော်၊ ဦးသက်နိုင်ဦး(ခေတ္တ-စင်ကာပူ)-ဒေါ်ယုယဉ်မင်းဇော်၊ ဦးအောင်နိုင်သူ(CE.SMI)-ဒေါ်ထားဇင်သင်းဇော်(အင်ဂျင်နီယာမှူးကြီး)၊ ဦးလားရင့်အောမာ(Coo. VICTORIA HOSPITAL)-ဒေါ်ယုယုခိုင်၊ မမြသက်မာတို့၏တူလေး၊ မစန်းယုလှိုင်(GTC)၊ မောင်မျိုးထက်(Grade-XI၊ အထက-၁၊ ဒဂုံ)၊ မကြည်နူးခင်(Grade-XI ၊ အထက-၁၊ ဒဂုံ)၊ မောင်အောင်ဇော်သက်(ခေတ္တ-စင်ကာပူ)၊ မောင်အောင်ဖုန်းမြင့်(Grade-VI၊ အထက-၁၊ ဒဂုံ)၊ မသက်ထားဖြူခင်(TTC)၊ မသက်ထားရွှေစင်၊ မသက်ထားကြယ်စင်တို့၏အစ်ကိုကြီးသည် ၂၀-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

မောင်ဇော်မြတ်ထွဋ်

နောက်ဆုံးနှစ်အပိုင်း(က)

ဆေးတက္ကသိုလ်(၁)ရန်ကုန်

အသက်(၂၁)နှစ်

ရန်ကုန်မြို့နေ [ဦးဇော်ဝင်း(ညွှန်ချုပ်၊ ငြိမ်း)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန]၊ ဒေါ်ယဉ်ယဉ်မြင့်၊ ဦးစောမြအုံး(အကြီးတန်းအကောက်ခွန်မှူး၊ ငြိမ်း)၊ ဒေါ်မှားငိုက်ထန်းငီးတို့၏မြေး၊ ဒေါက်တာရမ်ဇာဝါး(အထူးကုဆရာဝန်/ခွဲစိတ်၊ မြောက်ဥက္ကလာပဆေးရုံ)-ဒေါ်မြတ်လွင်နှင်းဇော်၏သား၊ မမြတ်သစ္စာဇော်(ပထမ အမ်ဘီဘီအက်စ်၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၏အစ်ကိုကြီးသည် ၂၀-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှလှ (မြောင်းမြ)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၆ (ဒုထပ်ယာ)နေ (ဦးဘိုးဆန်း-ဒေါ်မိန်းကလေး)တို့၏သမီး၊ (ဦးစိန်)၏ဇနီး၊ ဦးအောင်မျိုးဝင်း-(ဒေါ်နုနုစန်း)၊ ဦးသန့်ဇင်ဝင်း-(ဒေါ်မြမြဦး)တို့၏မိခင်၊ မဖူးပွင့်မျိုးဟန်၊ မောင်တေဇာအောင်-မခင်ပြုံးကြည်၊ မောင်အောင်ပြည့်ဖြိုး၊ မဖူးပြည့်သန့်ဇင်တို့၏အဘွား၊ မောင်ရဲနန္ဒာအောင်၏ဘွားဘွားကြီးသည် ၂၇-၃-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် သျှင်ပါကူဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးဘိုးကွန်

(မြိတ်၊ စန္ဒဝတ်)

အသက်(၈၆)နှစ်

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာနေ ဒေါ်ကြွေ၏ခင်ပွန်း၊ ကိုဖိုးကုလား(ခ)ကိုသောင်းကြွယ်-မမူ၊ ကိုချိုချို-မစန်းရင်၊ မရင်ကြူ၊ ကိုကြည်ကျိုင်-မသန်းသန်းအေး၊ မမိုး၊ ကိုကြည်မြင့်-မစိုးစိုးအေး၊ ကိုဝင်းဇော်-မအေးအေးခိုင်၊ ကိုထက်အောင်ကျော်-မကြည်ကြည်မွန်၊ မကြည်ကြည်စိုးတို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၇-၃-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် စန္ဒဝတ်ရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိန်းလွင် (ပဲခူးမြို့)

အသက်(၇၆)နှစ်

ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ မော်ကန် ၅လမ်း၊ အမှတ် ၇၉၁နေ (ဦးဟုတ်ဆိုင်-ဒေါ်စိန်ကြွယ်)တို့၏သား၊ ဒေါ်တင်ပု၏ခင်ပွန်း၊ အမရပူရမြို့နေ ဦးထွန်းမြတ်-ဒေါ်မြင့်မြင့်ဦးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ ဆက်သွယ်ရေးဝန်ထမ်းအိမ်ရာနေ ဦးဇော်မင်း (ဒု-အင်ဂျင်နီယာချုပ်၊ အော်တိုတယ်လီဖုန်း၊ မြန်မာ့ဆက်သွယ်ရေး)-ဒေါ်ချိုမာလွင်(သုတေသနမှူး၊ M.S.T.R.D ၊ သိပ္ပံနှင့်နည်းပညာ)၊ ပဲခူးမြို့နေ ဦးယုလွင်-ဒေါ်တင်သိန်း၊ ဦးတင့်နိုင်-ဒေါ်မာမာမြင့်၊ ဦးသန်းလင်း-ဒေါ်လေးလေးနွယ်တို့၏ဖခင်သည် ၂၆-၃-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ည ၇နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၁၄ရက် (အင်္ဂါနေ့)တွင် တိုက် ၂၊ အခန်း ၃၊ ဆက်သွယ်ရေးဝန်ထမ်းအိမ်ရာ၊ မိုးမခလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

ဗိုလ်ကြီးတင်ရွှေ (ငြိမ်း)

ဌာနစုမှူး(ငြိမ်း)၊ မြို့တော်စည်ပင်၊ မန္တလေးမြို့

အသက်(၆၁)နှစ်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နေ (ဦးဘဖြူ-ဒေါ်စိန်လှ)တို့၏ သားကြီး၊ မန္တလေး အနိပ်တော် (၄၈)ရပ်ကွက်နေ (ဦးငမဲ)-ဒေါ်တင်လှတို့၏သားသမက်၊ ဒေါ်ခင်ခင်ဝေ (လ/ထ ကထိက၊ ပညာရေးတက္ကသိုလ်၊ မန္တလေး)၏ ခင်ပွန်း၊ ဗိုလ်ဆန်းထွန်းရွှေ (M.B.,B.S, D.S.M.A)၊ မဆုစန္ဒာရွှေ(တက္ကသိုလ်ဝင်တန်း၊ VEC)တို့၏ဖခင်၊ ရန်ကုန်မြို့နေ ဒေါ်မခင်ရွှေ၏မောင်၊ ဒေါ်ဝင်းစိန်၊ ဒေါ်ညွန့်စိန် (မင်းပြားမြို့)၊ ဦးမောင်ကောင်း၊ ဒေါ်မေနုတို့၏အစ်ကိုကြီးသည် ၂၇-၃-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် တောင်အင်း မြောက်အင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ မန္တလေးမြို့၊ မ-၂၈၊ အမှတ် ၁၃+၁၄၊ ၅၈လမ်း၊ ၄၁×၄၂ကြား၊ ရဲမွန်တောင်ရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်လှ

(ဒုတိယညွှန်ကြားရေးမှူး)

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး

M.P.A (3)rd Batch

အထက(၂)စမ်းချောင်း ကျောင်းသူဟောင်း

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၃၊ ဗိုလ်စောဦးလမ်း၊ သာခုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးလှဘော်)-ဒေါ်ခင်မေတို့၏သမီး၊ (ဦးမြင့်ဆွေဦး-ဒေါ်စိန်မြ)၊ ဒေါ်ခင်စန်းကြည်(ဒု-ညွှန်မှူး၊ ငြိမ်း၊ ထွေ/အုပ်)၊ ဒေါ်ကြည်ကြည်မြင့်တို့၏ညီမ၊ (ဦးအောင်မြင့်)-ဒေါ်နှင်းနှင်းလှ၊ ဦးတိုးလွင်-ဒေါ်မြတ်မြတ်မွန်၊ ဦးအောင်ဝင်းထွတ်-ဒေါ်သင်းသင်းရီတို့၏အစ်မ၊ မချစ်စုထွန်း၊ မောင်ဟိန်းထက်စိုး၊ မောင်ထွန်းခန့်ဝင်း၊ မနေခြည်လွင်တို့၏အဒေါ်သည် ၂၆-၃-၂၀၁၄ရက် ည ၇း၄၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်လှ

(ဒုတိယညွှန်ကြားရေးမှူး)

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီးရုံး

အသက်(၅၈)နှစ်

(ဦးလှဘော်)-ဒေါ်ခင်မေတို့၏သမီး ဒေါ်တင်တင်လှသည် ၂၆-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဧရာဝတီတိုင်းဒေသကြီးရုံးနှင့်
ခရိုင်ရုံးများ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ဆက်လက်ကျင်းပမည်

သတင်း-ဖိုးသော်ဇင် » ဓာတ်ပုံ-စိုးညွန့်

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၉)ကို ယခုတစ်ပတ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပွဲစဉ်(၉)အဖြစ် မတ် ၂၈ ရက်တွင် သုဝဏ္ဏကွင်း၌ ဆောက်သမ်းနှင့် နေပြည်တော်၊ မတ် ၂၉ ရက်တွင် မုံရွာကွင်း၌ ဇေယျာရွှေမြေနှင့် ဧရာဝတီ၊ သုဝဏ္ဏကွင်း၌ မနောမြေနှင့်ရတနာပုံ၊ အောင်ဆန်းကွင်း၌ GFA နှင့် ကမ္ဘောဇ၊ YUSC ကွင်း၌ ရန်ကုန်နှင့်ချင်းယူနိုက်တက်၊ မတ် ၃၀ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် မကွေးအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယခုတစ်ပတ်ပွဲစဉ်များတွင် အသင်းကြီးအချင်းချင်းတွေ့ဆုံသောပွဲအဖြစ် ဇေယျာရွှေမြေနှင့် ဧရာဝတီတို့တွေ့ဆုံသောပွဲသာပါဝင်ပြီး အမှတ်ပေးဇယားထိပ်ပိုင်းမှ အသင်းအများစုမှာ အမှတ်ပြည့်ရရှိရန် မခက်ခဲသောပွဲများကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပွဲစဉ်(၈)အပြီးတွင် ရတနာပုံအသင်းက အမှတ် ၂၀ ဖြင့် ပထမ၊ နေပြည်တော်အသင်းက ၁၉ မှတ်ဖြင့် ဒုတိယ၊ မကွေးအသင်းက ၁၅ မှတ်ဖြင့် တတိယ၊ ရန်ကုန်အသင်းက ၁၄ မှတ်ဖြင့် စတုတ္ထ၊ ဇေယျာရွှေမြေအသင်းက ၁၃ မှတ်ဖြင့် ပဥ္စမနေရာတို့တွင် ရပ်တည်နေသည်။

နေပြည်တော်အသင်း ဂိုးသွင်းပြီးနောက် အောင်ပွဲခံနေသည်ကို တွေ့ရစဉ်။

မလေးရှားပျောက်ဆုံးလေယာဉ် သဲလွန်စများ ထိုင်းဂြိုဟ်တုက ထပ်မံဖမ်းယူရရှိ

ဘာသာပြန် ကျော်သဲအိမ်

ပတ်သ် မတ် ၂၇

ထိုင်းအာဏာပိုင်များက ပျောက်ဆုံး မလေးရှားလေယာဉ်နှင့် ပတ်သက်ပြီး အရေးပါသော ဂြိုဟ်တုသဲလွန်စအသစ်တစ်ခု တွေ့ရှိကြောင်း ထုတ်ပြန် ကြေညာလိုက်ချိန်တွင် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်း၌ ဆိုးရွားသောရာသီဥတုကြောင့် နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင်များက ပျောက်ဆုံး လေယာဉ်ရှာဖွေမှုကို တစ်နေ့တာ ရပ်ဆိုင်းလိုက်ကြသည်။

ထိုင်း ဂျီအို-အင်ဖော်မစ်တစ် အာကာသနည်းပညာ ဖွံ့ဖြိုးရေး အေဂျင်စီက ဩစတြေးလျအနောက်ဘက်ရှိ ပတ်သ်မြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၂၇၀၀ ခန့်အကွာ၌ အရာဝတ္ထုပစ္စည်း ၃၀၀ ခန့်ပါ ဂြိုဟ်တုဓာတ်ပုံများကိုတွေ့ရှိခဲ့ကြောင်း၊ ယင်းအရာဝတ္ထုများမှာ စတုရန်းကီလိုမီတာ ၄၅၀ ကျယ်ဝန်းသော ဧရိယာတစ်ခုအတွင်း ပျံ့ကြဲလျက်ရှိနေပြီး အရွယ်အစားအားဖြင့် ၂ မီတာမှ ၁၅ မီတာရှိကြောင်း၊ ထိုင်းဂြိုဟ်တုမှ ယခုတွေ့ရှိချက်များမှာ မလေးရှားအစိုးရက တစ်မီတာမှ ၂၃ မီတာရှိသော အရာဝတ္ထု ၁၂၂ ခုအား အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းတွင် တွေ့ရှိကြောင်း ထုတ်ပြန် ကြေညာပြီး တစ်ရက်အကြာ၌ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ထိုင်းအစိုးရက တွေ့ရှိချက်များသည် ပျောက်ဆုံးလေယာဉ် ရှာဖွေနယ်ပယ်အတွင်း၌သာ ဖြစ်သောကြောင့် ရှာဖွေရေးလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်မည် ဖြစ်သည်။ သို့သော်လည်း မတ် ၂၇ ရက်တွင် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်း၌ ရာသီဥတုဆိုးရွားလှသောကြောင့် ရှာဖွေရေးလုပ်ငန်း ခေတ္တရပ်ဆိုင်းခဲ့ရသည်။

ဩစတြေးလျ ရေကြောင်းလုံခြုံရေးအာဏာပိုင် (AMSA)က ရှာဖွေရေးလုပ်ငန်းများ ရပ်ဆိုင်းလိုက်သည့်အတွက် နိုင်ငံပေါင်းစုံမှ လေယာဉ်များ ပတ်သ်မြို့သို့ ပြန်လာကြသလိုသင်္ဘောများလည်း ရှာဖွေနယ်ပယ်မှ ထွက်ခွာလာကြပြီဖြစ်ကြောင်း၊ သို့သော်လည်း တရုတ်သင်္ဘောလေးစင်းနှင့် ဩစတြေးလျ သင်္ဘောတစ်စင်းတို့ကမူ ရှာဖွေနယ်ပယ်ထဲ ကျန်ရစ်နေဆဲဖြစ်ပြီး *စာမျက်နှာ ၃ ကော်လံ ၁* ✳

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရန်းရင်းဆန်ခတ်အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးသွားမည်

နေပြည်တော် မတ် ၂၇

Malteser International အဖွဲ့က ငှားရမ်းထားသည့် ရခိုင်ပြည်နယ် စစ်တွေမြို့ ကျောင်းတက်လမ်း ရပ်ကွက် ဂေါက်ရှိလမ်း အိမ်အမှတ် (ဂရ/၁၄၅) ဦးအေးထွန်းစိန်၏နေအိမ်ကို ဒေသခံပြည်သူ ၅၀ ခန့်က မတ် ၂၆ ရက် ည ၈ နာရီခွဲခန့်တွင် ရောက်ရှိလာပြီး ခဲများဖြင့် ပစ်ပေါက်ခဲ့ကာ ဖျက်ဆီးခဲ့ကြပြီး အခြားနိုင်ငံခြားသားတည်းခိုသည့် နေရာများတွင်လည်း အလားတူခဲများဖြင့် ပစ်ပေါက်ဖျက်ဆီးခြင်းများပြုလုပ်ခဲ့သဖြင့် ပြည်နယ်၊ ခရိုင်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ စစ်တွေခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်တွေမြို့ စည်းကမ်းထိန်းသိမ်းရေးနာယက ဆရာတော်နှင့် သံဃာတော်များက ဝိုင်းဝန်းထိန်းသိမ်းခဲ့ကြသဖြင့် ည ၁၁ နာရီခွဲတွင် လူစုကွဲသွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် မင်းဘာကြီးလမ်း အိမ်အမှတ် (မဘ/၁၉၉)ကို အိမ်ပိုင်ရှင်ဖြစ်သူ ဦးထွန်းထွန်းဝင်းက Malteser Internationl အဖွဲ့အား ငှားရမ်းထားခဲ့ပြီး ယင်းအဖွဲ့၏ စီမံကိန်း ညှိနှိုင်းရေးမှူး အမေရိကန်နိုင်ငံသူ Mrs.Yvonne Dunton က ဂိုဒေါင်အဖြစ် အသုံးပြုလျက်ရှိစဉ် အိမ်ရှင် ဦးထွန်းထွန်းဝင်းက အိမ်အပေါ်ထပ်ဝရံတာတွင် သာသနာ့အလံ လွှင့်ထူခဲ့ကြောင်း၊ မတ် ၂၆ရက် ညနေ ၆ နာရီခန့်တွင် Mrs.Yvonne Dunton က အဆိုပါဂိုဒေါင်သို့ *စာမျက်နှာ ၁၀ ကော်လံ ၁* ✳

NRC ရုပ်သံလိုင်း ထုတ်လွှင့်မှု အချိန်ပြောင်းလဲ ထုတ်လွှင့်မည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား NRC ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ နံနက် ၆ နာရီမှစတင်၍ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်ဘာသာများကို မွန်းလွဲ ၂ နာရီခွဲအထိ ပထမအကြိမ်အဖြစ်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲမှ ည ၁၁ နာရီအထိ ဒုတိယအကြိမ်အဖြစ်လည်းကောင်း ထုတ်လွှင့်ခဲ့သည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ကို ထပ်မံတိုးချဲ့ထုတ်လွှင့်ရန်အတွက် ထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ မေ ၃၁ ရက်အထိ နံနက် ၆ နာရီမှ ၈ နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ ၁၂ နာရီအထိ ချင်း(လိုင်ဇို)ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မွန်ဘာသာအစီအစဉ်၊ညနေ ၃ နာရီမှ ညနေ ၅ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရှမ်း ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ည ၉ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ည ၁၁ နာရီအထိ ကချင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက်အချိန်တိုးချဲ့ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယနေ့ မာတိကာ

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ ဆံပင်ပုံစံ တက္ကသိုလ်ကျောင်းသားများ ထားရှိရန် စိတ်ဝင်စား — စာ » ၄
လီဗာပူး ဖလားဆွတ်ခူးရန် နီးလာ — စာ » ၁၄
ဂျပန်မှပံ့ပိုးမှုဖြင့် ညောင်တုန်းမြို့နယ်အတွင်း တံတားတည်ဆောက် — စာ » ၁၆
ကရင်ပြည်နယ် အမျိုးသမီးများ ဘဝ အိမ်တွင်းမှုပညာရပ်များဖြင့် မြှင့်တင်ပေးမည် — စာ » ၁၇

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

သတင်းရယူမည့် မီဒီယာများအတွက် အသိပေး

နေပြည်တော် မတ် ၂၇

(၁၁)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို နေပြည်တော်၌ ဧပြီ ၂ ရက်မှ ၄ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် မတ် ၁၅ ရက်မှ ၂၇ ရက်အတွင်း မီဒီယာမှတ်ပုံတင် ဆောင်ရွက်နိုင်ရေးအတွက် အသိပေး ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခုအခါ (၁၁)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေးနှင့် သတင်းစာရှင်းလင်းပွဲကို ဧပြီ ၄ ရက်တွင်သာ ကျင်းပပြုလုပ်မည်ဖြစ်ရာ မှတ်ပုံတင်စာရင်းပေးသွင်းပြီးသော မီဒီယာများအနေဖြင့် သတင်းရယူနိုင်ရေးအတွက် ယင်းနေ့ နံနက်ပိုင်းအစီအစဉ်များ မစတင်မီ နိုင်ငံတော်ဧည့်ဂေဟာနယ်မြေရှိ Grand Amara Hotel ၌ ဝင်ထွက်ခွင့်ကတ်များ ထုတ်ပေးသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၂) ရက်သာ လိုတော့သည်

မြန်မာ့အလင်း

၂၀၁၄ ခုနှစ်၊ မတ် ၂၈ ရက်၊ သောကြာနေ့။

SUPER
စူပါကွေကာ

လူမှုစီးပွား

ကရင်ပြည်နယ် ဘားအံမြို့၌ နိုင်ငံကူးလက်မှတ်လာရောက်ပြုလုပ်သူများ များပြား

စာ - ၃

လူမှုစီးပွား

ကမ္ဘည်းမော်ကွန်းသစ် ကျန်ရစ်စေသတည်း

စာ - ၄

ပြည်တွင်းရေးရာ

ထင်းလောင်စာသုံးစွဲမှုလျှော့ချ၊ အစားထိုးလောင်စာတိုးမြှင့်သုံးစွဲ

စာ - ၅

အခက်အခဲတွေနဲ့ ရှုန်းကန်နေရဦးမယ့် အေစီမီလန်

စာ - ၇

မန်ယူနဲ့ဘိုင်ယန်။ ပီအက်စ်ဂျီနဲ့ ချယ်လ်ဆီး။ ရီးရဲနဲ့ဒေါ့မွန်။ ဘာစီလိုနာနဲ့အက်သလက်တီကို။ အသင်းရှစ်သင်း။ အတွဲ အဖက်လေးစု။ ပွဲလေးပွဲ။ တစ်တွဲ ချင်းစီမှာကို စိတ်ဝင်စားဖို့ ကောင်းတဲ့ အကြောင်းခြင်း ရာတွေ-----

ARSENAL VS MANCITY

DATE	-	30 MARCH 2014
KICK-OFF	-	00:00
VENUE	-	EMIRATES STADIUM

ရင်ကိုဒိုက်ချက်ပြင်းမယ့် ချန်ပီယံလိဂ်

စာ - ၂

မြန်မာ့အလင်း
၂၈-၃-၂၀၁၄ (သောကြာနေ့)

ရင်ကိုရိုက်ချက်ပြင်းမယ့် ချန်ပီယံလိဂ်

ဝေဖိုးဆက်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်ရေးဆွဲမှု။ စိတ်ဝင်စားစရာတွေ ပြည့်နှက်ခဲ့တဲ့ အရာတစ်ခုလို့ ပြောရင်ရမလား။ အရှင်းဆုံးပြောရရင် ဖြစ်တည်လာမှုကိုက မန်ယူနဲ့ဘိုင်ယန်၊ ပီအက်စ်ဂျီနဲ့ ချယ်လ်ဆီး၊ ရီးရဲနဲ့ဒေါ့မွန်၊ ဘာစီလိုနာနဲ့ အက်သလက်တီကို၊ အသင်းရှစ်သင်း။ အတွဲအဖက် လေးစု။ ပွဲလေးပွဲ။ တစ်တွဲချင်းစီမှာကို စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းခြင်းရာတွေ တစ်ချက်မကရှိတယ်ဆိုတော့။ သေချာတယ်၊ ဒီချန်ပီယံလိဂ်ရဲ့ ကွာတားဖိုင်နယ်အတွက် အတွဲအဖက် ဖြစ်တည်မှုကို နည်းနည်းလောက်တော့ တို့ထိဖို့လိုပြီ။


ရွန်းနေ

ရီဘာရီ

တကယ်တော့ ဒီနှစ်၊ ဒီပြိုင်ပွဲမှာ အင်္ဂလန်ကလပ်တွေရဲ့ ထိုးဖောက်ခဲ့ထွက်နိုင်မှုကိုအောက်အဆင့်မှာကတည်းက အခြေခံကျကျ စိုးထိတ်စောင့်ကြည့်ခဲ့ရတာ။ အုပ်စုအဆင့်ကို အားလုံးအမှားအယွင်းမရှိ ကျော်ဖြတ်နိုင်ခဲ့ပေမယ့် ရှုံးထွက်အဆင့်မှာ အာဆင်နယ်က ဘိုင်ယန်၊ မန်စီးတီးက ဘာစီလိုနာနဲ့ တွေ့ရမယ်လို့သိကတည်းက ကွာတားကို အင်္ဂလန်ကအများဆုံးနှစ်သင်းထက် ပိုမတက်နိုင်ဘူးလို့ ယူဆခဲ့တာ။ အဲဒီအတိုင်းပဲ အာဆင်နယ်နဲ့ မန်စီးတီးက ကွာတားဖိုင်နယ်ရောက်မလာနိုင်ဘူး။ ဒါတောင် မန်ယူက ပထမအကျော့မှာ နှစ်ဂိုးပြတ်ရှုံးထားတဲ့ အိုလံပီယာကော့စ်ကို မထင်မှတ်ဘဲ သုံးဂိုးပြတ်ပြန်နိုင်လို့သာ ကွာတားမှာ အင်္ဂလန်က နှစ်သင်းတင်ကျန်တာဆိုတော့ မန်ယူရဲ့ ဒီနှစ်ချန်ပီယံလိဂ်မှာ ဆက်လက်ဆန့်ထုတ်နိုင်အားကိုရော ကွာတားအဆင့်ထက် ပိုတွက်လို့ ရနိုင်ပါ့မလား။

အထူးသဖြင့် ကွာတားဖိုင်နယ်မှာ မန်ယူဆုံတွေ့ရတဲ့ပြိုင်ဘက်က ဘိုင်ယန်။ အဲဒီအတွက် မန်ယူမှာ စိတ်ဓာတ်ပိုင်းအရ ပြိုင်ဘက်အပေါ် စိုးထိတ်မှုရှိကိုရှိမယ်။ မဲခွဲပွဲအခမ်းအနားပြီးသွားတော့ ကျွန်တော် တော်တော်လန့်သွားတယ်လို့ ပြောတဲ့ မိုယက်စ်ရဲ့စကားကသက်သေ။ ဒါဟာ စိတ်ပိုင်းဆိုင်ရာအရ တစ်ပန်းစရှုံးတဲ့အချက်။ ထားတော့၊ မန်ယူဟာ မထင်တာတွေလုပ်ပြတတ်လို့ အိုလံပီယာကော့စ်ကို နှစ်ဂိုးပြတ်အရှုံးကနေ အနိုင်ပြန်ယူခဲ့မှုအရ ဘိုင်ယန်ကို ကျော်ဖြတ်နိုင်စွမ်းလုံးဝမရှိဘူးလို့ ပြောပိုင်ခွင့် မရှိဘူးဆိုပေမယ့် စိုးရိမ်စရာကတော့ ခပ်ပြင်းပြင်းကိုရှိတယ်။

လက်တွေ့ကျကျပြောစတမ်းဆိုရင် မန်ယူနဲ့ ဘိုင်ယန်ကြားမှာက ပြိုင်ပွဲအပေါ် စိတ်ပိုင်းဖြတ်မှုကအစ ကွာတယ်။ ဘိုင်ယန်က မတ်လ ၂၆ ရက်မှာကစားတဲ့ ဟာသာဘာလင်နဲ့ပွဲမှာနိုင်တာကြောင့် ဘွန်ဒက်စ်လီဂါချန်ပီယံဖြစ်ပြီ။ ဒီအချက်ဟာ မန်ယူအတွက်အကြီးမားဆုံး အဟန့်အတားလို့ ပြောရင်လည်းရတယ်။ ဘာကြောင့်လဲ၊ အဖြေက ရှင်းတယ်။ ဘိုင်ယန်အတွက် မန်ယူနဲ့ရင်ဆိုင်ရချိန်မှာ ပြည်တွင်းဖိအားဆိုတာ လုံးလုံးမရှိဘူး။ ဒီအတွက် မန်ယူကိုကျော်ဖြတ်နိုင်ဖို့အတွက် တစ်ခုတည်းသာရည်သန်ပြီး စိတ်နှစ်ယှဉ်ပြိုင်နိုင်မယ်။ ဒီစိတ်ကို မန်ယူဘယ်လိုတားမလဲ။ ဘိုင်ယန် စိတ်နှစ်နိုင်သလောက် မန်ယူမှာ စိတ်နှစ်နိုင်စွမ်းရှိရင် ခုသာခံသာရှိနိုင်ပေမယ့် အခုမန်ယူက ပြည်တွင်းမှာရှုံးပွဲ ကိုးပွဲ၊ အဆင့် ၇၊ အဆင့် ၄ က အသင်းနဲ့ ၁၁ မှတ်ကွာတယ်။ ဒီအခြေအနေကိုမှီပြီး ချန်ပီယံလိဂ်မှာ မသေချာတဲ့တစ်စုံတစ်ရာဖြစ်ဖို့ ခပ်ရဲရဲနှလုံးသွင်းနိုင်ပါ့မလား။ သေချာတာက ချန်ပီယံလိဂ်မှာ ရောက်နိုင်သလောက်သာသွားမယ်ဆိုတဲ့ စိတ်နဲ့ပြည်တွင်းမှာ ဥရောပဝင်ခွင့်တစ်နေရာ ဆုပ်ကိုင်နိုင်ရေးကို ပိုအားသန်မယ့်သဘောဆောင်တယ်။ ဒီကြားကမှ စုဖွဲ့မှုလည်းကွာ၊ ခြေလည်းကွာဆိုတော့ မန်ယူရဲ့ ချန်ပီယံလိဂ်မှာ ဆန့်ထုတ်နိုင်အားက ကွာတားဖိုင်နယ်ဆိုတာထက် ပိုနိုင်ပါ့မလား။

ရော်နယ်ဒို


လီဝန်ဒေါ့စကီး

တကယ်တော့ ချယ်လ်ဆီးလည်း ဒီအတိုင်းပဲ။ အမှန်အတိုင်းပြောရရင် ချယ်လ်ဆီးရဲ့တည်ငြိမ်မှုက မန်ယူလိုမဟုတ်တာမှန်တယ်။ ဒါပေမယ့် ချယ်လ်ဆီးမှာလည်း ပရီမီယာလိဂ်ချန်ပီယံဆိုတဲ့ မျှော်လင့်စိတ်နဲ့ ခြေချုပ်မိနေတယ်။ အရှင်းဆုံးပြောရရင် ချယ်လ်ဆီးဟာ အခုအမှတ်ပေးဇယားရဲ့ ဦးဆောင်သူဆိုပေမယ့် ၃၁ ပွဲမှာ ၆၉ မှတ်။ ဒုတိယနေရာက လီဗာပူးက ပွဲ ၃၀ မှာ ၆၅ မှတ်။ တတိယနေရာက မန်စီးတီးက ၂၉ပွဲမှာ ၆၆ မှတ်။ ချယ်လ်ဆီးအတွက် ဘယ်လိုမှ အမှားမခံတဲ့သဘော။ အဲဒီလိုအခြေအနေမှာ ချန်ပီယံလိဂ်ကို ချယ်လ်ဆီး ခပ်ရဲရဲဖွင့်တိုက်ဝံ့ပါ့မလား။ ပြီးတော့ ရင်ဆိုင်ရမယ့် ပီအက်စ်ဂျီက ပြည်တွင်းမှာ ဒုတိယနေရာက တစ်ပွဲလျော့မိုနာကိုကို ၁၁ မှတ်ဖြတ်ထားတဲ့အသင်း။ ခြေစွမ်းအရရော စုဖွဲ့မှုမှာပါ သန်စွမ်းတောင့်တင်းတဲ့အသင်း။ ဒါကိုပြည်တွင်းမှာ အမှားမခံမှုအရ ချန်ပီယံလိဂ်ကို ခပ်ရဲရဲဖွင့်တိုက်မယ့်အချက်နဲ့ပေါင်းကြည့်။ ချယ်လ်ဆီးဟာ မန်ယူလောက် ပွဲကျပ်၊ ပွဲခက်မဟုတ်ပေမယ့် သူလည်း ကွာတားကိုကျော်နိုင်မယ်လို့ အာမခံမှုမျိုး တင်းတင်းပြည့်ပြည့်မရှိဘူး။

ဒီတော့ကွာတားအဆင့်ကို အင်္ဂလန်က နှစ်သင်းတက်လာနိုင်တာမှန်ပေမယ့် နှစ်သင်းစလုံး ဆီမီးရောက်ဖို့ဆိုတာ ဖြစ်နိုင်မှုသိပ်နည်းတယ်။ အကောင်းမြင်စိတ်နဲ့ ကြည့်မယ်ဆိုရင်တောင် ချယ်လ်ဆီးတစ်သင်းသာ ဆီမီးမျှော်လင့်ချက်ထားနိုင်ပြီး အခန့်မသင့်ရင် နှစ်နှစ်ဆက်တိုက် အင်္ဂလန်အသင်းမပါတဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တောင် ဖြစ်သွားနိုင်လောက်တယ်ဆိုတော့ အင်္ဂလန်ကလပ်တွေရဲ့ ဆန့်ထုတ်နိုင်မှုအပေါ် စိုးရိမ်မိတာဆန်းသလား။

တကယ်တော့ ဒီနှစ် ဒီပြိုင်ပွဲမှာ အင်္ဂလန်ဘက်ကို စိုးတထိတ်ထိတ်ရှိခဲ့ပေမယ့် စပိန်ဘက်အခြမ်းကိုကျတော့ ရှုံးထွက်တွေပြီးလို့ ကွာတားအတွက် မဲမခွဲခင်မှာမျှော်လင့်စိတ်နဲ့ စောင့်ကြည့်မိခဲ့ဖူးတယ်။ အထူးသဖြင့် ကွာတားအဆင့်ကို စပိန်သုံးသင်းရောက်တယ်။ တကယ်လို့ မဲခွဲမှုမှာ အချင်းချင်းပြန်မတွေ့ရင် ၂၀၀၀-၀၁ နောက်ပိုင်း ဆီမီးအဆင့်ကို စပိန်သုံးသင်း ပထမဆုံးအကြိမ်ပြန်တက်နိုင်ခွင့်မျိုး ရှိလာနိုင်တယ်ဆိုတဲ့ စိတ်နဲ့စောင့်ကြည့်ခဲ့တာ။ ဒါပေမယ့် မျှော်လင့်သလို မဖြစ်ဘူး။ ဘာစီလိုနာနဲ့ အက်သလက်တီကိုက အချင်းချင်းပြန်တွေ့ပြီး ရီးရဲက ဒေါ့မွန်နဲ့တွေ့ရတယ်။ ဒီတော့ စဉ်းစားစရာဖြစ်လာတာက မနှစ်က ဆီမီးမှာ ရီးရဲက ဒေါ့မွန်ကို ရှုံးခဲ့တဲ့လောင်းရိပ်။ ဒီလောင်းရိပ်အရ စပိန် သုံးသင်း ဆီမီးတက်ခွင့်ဆိုတဲ့မျှော်လင့်ချက်ကနေ စပိန်တစ်သင်းပဲ ဆီမီးရောက်မလားလို့တွေးမိတာက အမှန်။


အီဘရာဟီမိုဗစ်

ဒါပေမယ့် လက်တွေ့ကျကျကြည့်ရင် ရီးရဲအတွက် ဒေါ့မွန်နဲ့တွေ့ရမှုကတောင် ကျေနပ်စရာလို့ပြောရင်ရမယ်။ အထူးသဖြင့် ပထမအချက်အနေနဲ့ ဘိုင်ယန်၊ ဘာစီလိုနာ၊ ပီအက်စ်ဂျီတို့လို အားကောင်းမောင်းသန်အသင်းတွေကို ရှောင်နိုင်တယ်။ ဒုတိယအချက်အနေနဲ့ ဒေါ့မွန်ဟာအရင် ဒေါ့မွန်မဟုတ်ဘူး။ ရုပ်ပိုင်းရော၊ စိတ်ပိုင်းမှာပါ ယိုင်နဲ့နေချိန် ဖြစ်တယ်။ ဒီမှာမနှစ်က ရှုံးကြွေးကို ပြန်ဆပ်လိုစိတ်နဲ့ ရီးရဲဖွင့်တိုက်ရင်အခွင့်သာမှုရှိမယ်။ ဒီနေရာမှာ ရီးရဲရဲ့စိတ်ပိုင်းဖြတ်မှုတော့လိုတယ်။ ပြောရရင် စပိန်လာလီဂါချန်ပီယံဆုဆိုတဲ့ အိပ်မက်အောက်မှာ ရီးရဲသာခြေချုပ်မမိခဲ့ရင် ဒေါ့မွန်ဟာ ဒီနှစ်ရီးရဲမက်ဒရစ်ရဲ့ ပြိုင်ဘက်မဖြစ်နိုင်ဘူး။ ဒီတော့ ရီးရဲသာစိတ်ပိုင်းဖြတ်မှုမှန်ခဲ့ရင် ဆီမီးမှာ စပိန်နှစ်သင်းမြင်ရမယ့် သဘောရှိတယ်ဆိုတော့။ တစ်ချက်ထပ်ကြည့်စရာရှိတာက နောက်စပိန်တစ်သင်းဟာ ဘာစီလိုနာလား၊ အက်သလက်လားဆိုတဲ့ အမေး။ အဲဒီဆုံတွေ့မှုရဲ့ အနိုင်အရှုံး။

တိတိလင်းလင်းဝန်ခံရရင်တော့ အဲဒီအတွဲအဖက်ဟာ လက်တွန့်ချင်စရာကောင်းအောင် အားမျှခြေရှိတယ်။ နှစ်သင်းစလုံးသူ့အကြောင်းကိုယ့်အကြောင်း ထဲထဲဝင်ဝင်သိကြတဲ့အသင်းတွေ တွေ့ကြတဲ့ပွဲ။ ဒီရာသီလာလီဂါနဲ့ စပိန်ဘုရင့်ဖလားမှာ သုံးကြိမ်ဆုံတော့ သုံးကြိမ်စလုံးအနိုင်အရှုံးအဖြေမပေါ်ဘူး။ ဒီတော့ ဒီပွဲကတခြားပွဲတွေနဲ့မတူဘူး။ တစ်ချက်မှားရင် မှားတဲ့အသင်းလွင့်သွားမယ့်ပွဲမျိုး။ ဒါပေမယ့် ဒီနှစ်သင်းထဲက ဘယ်အသင်းပဲ ဆီမီးရောက်ရောက် စပိန်တစ်သင်း ဆီမီးတက်တာပဲဆိုတော့ သာမန်တွက်ရင် ဆီမီးမှာ စပိန်နှစ်သင်း၊ ဂျာမနီတစ်သင်း၊ ပြင်သစ်တစ်သင်းဖြစ်လေမလား။ ဒါမှမဟုတ်စပိန်နှစ်သင်း၊ ဂျာမနီတစ်သင်းနဲ့ အင်္ဂလန်တစ်သင်းများ ဆီမီးမှာ စုမိလေမလား။


ဟာဇက်

ဒီတော့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်ရေးဆွဲမှု။ စိတ်ဝင်စားစရာတွေ ပြည့်နေတဲ့အရာတစ်ခုလို့ပြောရင် ရမလား။ အရှင်းဆုံးပြောရရင် အသင်း ရှစ်သင်း။ အတွဲအဖက် လေးခု။ တစ်တွဲချင်းဆီမှာကိုက စိတ်ဝင်စားစရာ အခြေအနေတွေ ရှိနေတယ်ဆိုတော့။ သေချာတယ်၊ ဒီနှစ်ချန်ပီယံလိဂ်ရဲ့ ကွာတားဖိုင်နယ်ပွဲတွေဟာ ရင်ကိုရိုက်ချက်ပြင်းပြင်း ရိုက်ခတ်နိုင်မယ့်အစွမ်း ရှိကိုရှိလိမ့်မယ်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များ
မန်ယူ - ဘိုင်ယန်
ပီအက်စ်ဂျီ - ချယ်လ်ဆီး
ရီးရဲမက်ဒရစ် - ဒေါ့မွန်
ဘာစီလိုနာ - အက်သလက်တီကို

အခက်အခဲတွေနဲ့အတူ ရှုန်းကန်နေရဦးမယ့် အေစီမီလန်

အောင်က

"အခုအချိန်ဟာ အီတလီဘောလုံးလောကနဲ့ အေစီမီလန်အသင်းအတွက်တော့ ဝမ်းနည်းဖို့ကောင်းတဲ့ အချိန်"လို့ အေစီမီလန်အသင်းနည်းပြဟောင်း အာရီဂိုဆာချီက ဆိုလိုက်ပါတယ်။ တကယ်တော့ သူပြောမယ်ဆိုရင်လည်း ပြောဆိုသင့်တဲ့အခြေအနေလို့လည်း ပြောနိုင်ပါတယ်။ အေစီမီလန်အသင်းဟာ စီးရီးအေသမိုင်းမှာတော့ အောင်မြင်မှုတွေ ရှည်လျားလှပြီး သမိုင်းကြောင်း ကောင်းတဲ့အသင်းတစ်သင်း အဖြစ် ရပ်တည်နိုင်ခဲ့တာပါ။ ဥရောပရဲ့ အမြင့်ဆုံးဆုဖလားလို့ပြောလို့ရတဲ့ ချန်ပီယံလိဂ်ဆုဖလားကို တောင် ခုနစ်ကြိမ်၊ စီးရီးအေဆုလား ၁၈ ကြိမ်နဲ့ အခြားဆုဖလားပေါင်း မြောက်မြားစွာကို ရယူထားခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိရာသီမှာတော့ ရလဒ်တွေက အလွန်ဆိုးရွားနေတယ်လို့ ပြောရမှာပါ။

အေစီမီလန်နည်းပြ ကလဲရင့်ဆီးဒေါ့ဖ်

ပြီးခဲ့တဲ့အပတ်က ချန်ပီယံလိဂ် ရှုံး /ထွက် အဆင့် ဒုတိယအကျော့ ပွဲစဉ်မှာလည်း အက်သလက်တီကိုအသင်းကို ၄-၁နဲ့ ရှုံးနိမ့်ပြီး ချန်ပီယံလိဂ်ကနေ ထွက်ခွာခဲ့ရပါပြီ။ ဒါ့အပြင် လက်ရှိကစားနေတဲ့ ပြည်တွင်းအမှတ်ပေးပွဲမှာလည်း ပွဲစဉ်၂၈ပွဲကစားပြီးချိန်မှာ နိုင်ပွဲ ကိုးပွဲသာ ရရှိထားပြီး သရေရှစ်ပွဲနဲ့ အရှုံး ၁၁ ပွဲအထိ ရရှိထားတဲ့အသင်းလည်း ဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ ချန်ပီယံလိဂ်ကို ၂၀၀၇ ခုနှစ်က နောက်ဆုံးရရှိထားခဲ့တာဖြစ်ပြီး နောက်ပိုင်းနှစ်တွေမှာတော့ ဥရောပစင်မြင့်ကို ထဲထဲဝင်ဝင် ထိုးဖောက်နိုင်တဲ့အသင်းအဖြစ် မတွေ့မြင်ရတော့ပါဘူး။ ဒါ့အပြင် အေစီမီလန်အသင်းရဲ့ နောက်တန်းခံစစ်ပိုင်းဟာ အကောင်းဆုံးခံစစ်မှူးတစ်ဦးဖြစ်တဲ့ သီယာဂိုဆေးလ်ဗားကို ရောင်းထုတ်ခဲ့ပြီးတဲ့ နောက်ပိုင်းမှာတော့ အကောင်းဆုံးအထိုင်ကျအောင် ပြန်လည်အစားထိုးနိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။ အက်သလက်တီကိုအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲတွေကို ကြည့်မယ်ဆိုရင် နောက်တန်းခံစစ်မှူးတွေရဲ့ အမှားတွေကို တွေ့ရမှာပါ။ ဒါပေမယ့် အသင်းရဲ့မေးခွန်းထုတ်စရာ ပြဿနာတွေကတော့ အသင်းရဲ့ကွင်းထဲမှာသာမက ကွင်းပြင်မှာပါရှိနေတယ်လို့လည်း ဆိုနိုင်မှာပါ။

ဘာလော့တယ်လီ

အေစီမီလန်အသင်းကို ဥက္ကဋ္ဌ ဘာလူစကိုနီအနေနဲ့ တစ်ကျော့ပြန် ပြန်လည်ရောက်ရှိလာချိန်မှာတော့ အသင်းရဲ့ အခြေအနေတွေဟာ အတော်ကလေးကို ပြောင်းလဲမှုတွေဖြစ်ခဲ့ပါတယ်။ အေစီမီလန်အသင်းဟာ အသင်းရဲ့အဓိကကစားသမားတွေဖြစ်တဲ့ သီယာဂိုဆေးလ်ဗားတို့လို တန်ကြေးကြီး ကစားသမားတွေကို ရောင်းထုတ်ပြီး ဈေးသက်သာတဲ့ကစားသမားတွေနဲ့ ပြန်လည်ဖြည့်တင်းထားခဲ့ပါတယ်။ ဒါတင်မကပါဘူး။ ကာကာနဲ့ဟွန်ဒါတို့ကိုလည်း အလွတ်ပြောင်းရွှေ့ကြေးနဲ့ခေါ်ယူခဲ့သလို ရာမီကိုလည်း အငှားနဲ့ ခေါ်ယူခဲ့ပါတယ်။ ဒါတင်မကပါဘူး။ အရည်အသွေးကျဆင်းနေပြီဖြစ်တဲ့ အက်ဆီယန်၊ ကီဗင်ကွန်စတန်နဲ့ တာရတ်တို့ကို ထပ်မံခေါ်ထားပါတယ်။ ဒါတွေဟာ အသင်းရဲ့အခြေအနေတွေကို ပိုမိုကျဆင်းသွားစေတဲ့ အချက်တွေလည်း ဖြစ်ပါတယ်။

ဒါ့အပြင် လက်ရှိအသင်းမှာ အားကိုးနေရတဲ့ တိုက်စစ်မှူး ဘာလော့တယ်လီကလည်း ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့သွားတဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်လောက် ပုံမှန်ခြေစွမ်းပြ ကစားနိုင်ခြင်းမရှိတာကိုလည်း တွေ့ရသလို အသင်းအနေနဲ့ ဝါရင့်ကစားသမားတွေဖြစ်တဲ့ နက်စတာ၊ ဂတ်တူဆိုနဲ့ အင်ဇာဂီတို့လို ကစားသမားကောင်းတွေကိုလည်း ဆုံးရှုံးထားရပါတယ်။ ဒါတင်မကပါဘူး။ ဘဏ္ဍာရေးပိုင်းမှာလည်း ရီးရဲမက်ဒရစ် သို့မဟုတ် ဘိုင်ယန်မြူးနစ်အသင်းတို့နဲ့ လုံးဝယှဉ်နိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။

အသင်းရဲ့ လက်ရှိ စီးရီးအေ ရပ်တည်မှုတွေကို ကြည့်မယ်ဆိုရင်တော့ လာမယ့်ရာသီ ဥရောပပြိုင်ပွဲတွေမှာ ပါဝင်ကစားနိုင်ခွင့်မရှိတော့တဲ့ အခြေအနေတွေကို တွေ့မြင်နေရပါတယ်။ ဒါကြောင့် အသင်းအနေနဲ့ လာမယ့်နွေရာသီမှာ ဘဏ္ဍာရေးပြဿနာတွေ ရှိလာနိုင်တာကြောင့် ဘာလော့တယ်လီ သို့မဟုတ် ရှာရာဝီတို့ကို ရောင်းထုတ်သွားဖို့တောင် ရှိနိုင်ပါတယ်။ အေစီမီလန်အသင်းအနေနဲ့ အသင်းကို ပြည်ပရင်းနှီးမြှုပ်နှံသူတွေထံ ရောင်းထုတ်သွားပြီး အသင်းရဲ့ ဘဏ္ဍာရေးအနေအထားကို ပိုမိုမြှင့်တင်သွားဖို့ ရှိနေတယ်ဆိုပေမယ့် အဲဒါဟာ ကောလာဟလအနေနဲ့သာ ဆက်လက်ရှိနေပါသေးတယ်။ ဒါ့အပြင် အေစီမီလန်ဥက္ကဋ္ဌ ဘာလူစကိုနီဟာ နည်းပြအယ်လီဂရီရဲ့ လက်အောက်မှာ အခြေအနေတွေ ဆိုးရွားနေတဲ့အသင်းကို ကစားသမားဟောင်း ဆီးဒေါ့ဖ်ရဲ့လက်ထဲကို လွှဲပြောင်းပေးလိုက်ပါတယ်။ ဘာလူစကိုနီအနေနဲ့ ဆီးဒေါ့ဟာ အသင်းကို နည်းပြဟောင်း အာရီဂိုဆာချီလို အောင်မြင်မှုတွေရယူပေးနိုင်လိမ့်မယ်လို့ယုံကြည်မှုတွေရှိနေခဲ့ပါတယ်။ ဒါပေမယ့် ဆီးဒေါ့ဖ်ဟာ အသင်းကိုကိုင်တွယ်ခဲ့တဲ့ ၁၁ ပွဲမှာ ၆ပွဲအထိရှုံးနိမ့်နေတာကိုတွေ့ရသလို ချန်ပီယံလိဂ်ကနေလည်း ထွက်ခွာခဲ့ရပါပြီ။

ဒါကြောင့်လည်း နည်းပြဆီးဒေါ့ဖ်အနေနဲ့ ကျန်ရှိနေတဲ့ လက်ကျန်ပွဲတွေမှာ အသင်းကို ရလဒ်ကောင်းတွေရရှိဖို့အတွက် အစွမ်းကုန်ကြိုးစားပေးရမယ့် အခြေအနေတွေမှာရှိနေပါတယ်။ ဒါမှလည်း သူ့ရဲ့အနာဂတ်ဟာအသင်းမှာ ဆက်လက်ရပ်တည်နိုင်ဖို့ရှိပါတယ်။ ဒါ့အပြင် အသင်းဟာ လာမယ့်ရာသီမှာ ချန်ပီယံလိဂ် လွဲချော်တော့မှာဖြစ်တဲ့အတွက် ဥရောပဘောလုံးလောကနဲ့ ဝေးကွာရမယ့် အခြေအနေတွေမှာ ရှိနေပါပြီ။ ဒါတင်မကပါဘူး။ ချန်ပီယံလိဂ်ဝင်ခွင့်မရခြင်းဟာ ကစားသမားကောင်းခေါ်ယူရာမှာလည်း အခက်အခဲတွေ့နိုင်ပါတယ်။ ဒါကြောင့် အေစီမီလန်ရဲ့အနာဂတ်ဟာ အခက်အခဲတွေနဲ့ ပြည့်နှက်နေတယ်ဆိုတာကတော့ ဘယ်သူမှငြင်းလို့မရတဲ့ အမှန်တရားတစ်ခုလို့ပဲ ဆိုလိုက်ချင်ပါတော့တယ်။

ဒဏ်ရာပြဿနာကြောင့် ၂၀၁၄ ခုနှစ် တင်းနစ်ရာသီ၏ ပြိုင်ပွဲများတွင် ဒဲလ်ပိုထရို ပါဝင်ယှဉ်ပြိုင်နိုင်ဖွယ်မရှိ

ဒဲလ်ပိုထရို

အာဂျင်တီးနား တင်းနစ်သမား ဂျူအန်မာတင်ဒဲလ်ပိုထရိုသည် ဘယ်ဘက်လက်ကောက်ဝတ် ဒဏ်ရာကို ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်၍ ယခုနှစ် တင်းနစ်ရာသီကုန်ချိန်အထိ အနားယူရဖွယ်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာ့အဆင့် ၈ တင်းနစ်သမား ဒဲလ်ပိုထရိုသည် အမေရိကန်နိုင်ငံမှ ဒေါက်တာ ရစ်ချက်ဘာကာထံတွင် ဒဏ်ရာပြဿနာကို စစ်ဆေးမှုခံယူခဲ့ပြီးနောက် လာမည့် တနင်္လာနေ့တွင် ခွဲစိတ်ကုသမှုခံယူရန် စီစဉ်ထားခြင်းဖြစ်သည်။

"ကျွန်တော့်ရဲ့ ဒဏ်ရာအတွက် အချိန်ယူစမ်းသပ်မှုတွေ ပြုလုပ်ခဲ့ပြီး ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာလည်း နောက်ထပ်စစ်ဆေးမှုအသစ်တွေ ပြုလုပ်ခဲ့ပါတယ်။ ဒေါက်တာ ရစ်ချက်ဘာကာက ကျွန်တော့်ရဲ့ လက်ကောက်ဝတ်ဒဏ်ရာက ခွဲစိတ်ကုသမှုခံယူဖို့ လိုတယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ခွဲစိတ်ကုသမှုခံယူဖို့ ဆုံးဖြတ်ရတာက လွယ်ကူတဲ့ ဆုံးဖြတ်ချက်မဟုတ်ပါဘူး။ ဒီလို ဆုံးဖြတ်ရတဲ့ အချိန်ကာလဟာ ကျွန်တော့်ရဲ့ ကစားသမားဘဝသက်တမ်းအတွင်း မပျော်ရွှင်စရာ အကောင်းဆုံး အခိုက်အတန့်လည်းဖြစ်ပါတယ်။ ခွဲစိတ်ကုသမှု ခံယူခဲ့ရလို့ တင်းနစ်ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းမရှိတဲ့ အဖြစ်အပျက်မျိုးကို ကျွန်တော် ကြုံတွေ့ခံစားခဲ့ဖူးတော့ ပြိုင်ပွဲမဝင်နိုင်တဲ့ကာလတွေဟာ ဘယ်လောက်ခက်ခဲတယ်ဆိုတာကို ကျွန်တော်သိထားပါတယ်"ဟု ဒဲလ်ပိုထရိုက သူ၏ Facebook စာမျက်နှာတွင် ရေးသားခဲ့သည်။

အသက် ၂၅ နှစ်အရွယ်ရှိ ဒဲလ်ပိုထရိုသည် ၂၀၁၀ ပြည့်နှစ် မေလအတွင်းတွင်လည်း ညာဘက်လက်ကောက်ဝတ်ဒဏ်ရာကို ခွဲစိတ်ကုသမှု ခံယူခဲ့ရဖူးပြီး ရှစ်လကြာ အနားယူခဲ့ရသူဖြစ်သည်။

ဒဲလ်ပိုထရိုသည် ၂၀၁၄ ခုနှစ် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဝင်ချိန်ကတည်းက ဘယ်ဘက်လက်ကောက်ဝတ် နာကျင်သည့်ဝေဒနာကို ခံစားခဲ့ရပြီး အဆိုပါဒဏ်ရာကြောင့် ၂၀၁၄ ခုနှစ် ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ၏ ပထမအဆင့်ပွဲအဖြစ် အိန္ဒိယနိုင်ငံသား ဒီဗာမန်နှင့် ယှဉ်ပြိုင်ခဲ့သည့်ပွဲတွင် ပထမပွဲဝယ်သာ ယှဉ်ပြိုင်နိုင်ခဲ့ပြီး ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရသည်။ ထို့အပြင် BNP Paribas Open တင်းနစ်ပြိုင်ပွဲ၊ Sony Open Tennis တင်းနစ်ပြိုင်ပွဲများမှလည်း နုတ်ထွက်ခဲ့ရသည်။

ဒဲလ်ပိုထရိုသည် ၂၀၀၉ ခုနှစ် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ရော်ဂျာဖက်ဒါရာကို အနိုင်ယူကာ ဗိုလ်စွဲခဲ့ဖူးသူဖြစ်သည်။

» စာမျက်နှာ ၈ မှ

အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သော The Barclays Tournament ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ချိန်ကတည်းက ကျောဒဏ်ရာ စတင်ခံစားခဲ့ရခြင်းဖြစ်ပြီး အဆိုပါဒဏ်ရာကို နောက်ပိုင်းတွင် ဆက်တိုက်ခံစားနေခဲ့ရခြင်းဖြစ်သည်။ တိုက်ဂါးဝုဒ်သည် ၂၀၁၃-၁၄ ခုနှစ် PGA Tour ပြိုင်ပွဲများအနက် သုံးပွဲသာ ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ပြီး ပြိုင်ပွဲနှစ်ခုတွင် ပြီးဆုံးသည်အထိ ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့သော်လည်း ပြီးခဲ့သည့် မတ်လအစောပိုင်း၌ ဖလော်ရီဒါတွင် ကျင်းပခဲ့သော Honda Classic ဂေါက်သီးပြိုင်ပွဲတွင်မူ ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲနောက်ဆုံးနေ့တွင် ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ဘဲ နုတ်ထွက်ခဲ့ရသည်။

အသက် ၃၈ နှစ်အရွယ်ရှိ တိုက်ဂါးဝုဒ်သည် ၁၉၉၇၊ ၂၀၀၁၊ ၂၀၀၂ နှင့် ၂၀၀၅ ခုနှစ် Masters Tournament ပြိုင်ပွဲတွင် ချန်ပီယံဆုများ ရရှိခဲ့ဖူးပြီး PGA Tour ပြိုင်ပွဲများ ချန်ပီယံ ဆုပေါင်း ၇၉ ခု ရရှိထားသူဖြစ်ပြီး PGA Tour ပြိုင်ပွဲများ၌ ချန်ပီယံဆုရရှိမှု ဒုတိယအများဆုံး ကစားသမားဖြစ်သည်။ PGA Tour ပြိုင်ပွဲများတွင် ချန်ပီယံဆု အများဆုံးရရှိထားသူအဖြစ် စံချိန်တင်ထားသူမှာ ပြီးခဲ့သည့် ၂၀၀၂ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သူ အမေရိကန်နိုင်ငံသား ဆမ်စနိဒ် (၈၉ နှစ်)ဖြစ်ပြီး ချန်ပီယံဆုပေါင်း ၈၂ ခု ရယူနိုင်ခဲ့သည်။

သို့သော်လည်း ဆမ်စနိဒ်သည် အဓိကပြိုင်ပွဲကြီး လေးခုမှ ချန်ပီယံဆု ခုနစ်ခုသာ ရယူနိုင်ခဲ့ပြီး တိုက်ဂါးဝုဒ်မှာမူ ချန်ပီယံဆု ၁၄ ခု အထိ ရရှိထားသည်။

ကရင်ပြည်နယ်

ကရင်ပြည်နယ် ဘားအံမြို့၌ နိုင်ငံကူးလက်မှတ်လာရောက်ပြုလုပ်သူများ များပြား

ကရင်ပြည်နယ် ဘားအံမြို့တော်တွင် ဖွင့်လှစ်ထားသော မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးခွဲ၌ နိုင်ငံကူးလက်မှတ် လာရောက်ပြုလုပ်သူများဖြင့် စည်ကားလျက် ရှိကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့တော်၌ မြန်မာ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ ရုံးခွဲကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂ ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ ဇန်နဝါရီ ၃၁ရက်အထိ တစ်လအတွင်း ကရင် ပြည်နယ်မှ ဒေသခံပြည်သူများ နိုင်ငံကူး လက်မှတ်လာရောက်ပြုလုပ်သူ ၅၂၂ ဦး ရှိခဲ့ ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၈ရက် က ၅၆၂ ဦးအထိရှိလာကာ လက်ရှိ မတ် ၁၉ ရက်အထိ လာရောက်ပြုလုပ်သူ ၅၄၇ဦးအထိ နိုင်ငံကူးလက်မှတ်ပြုလုပ်သူဦးရေ ပိုမိုများပြား စွာဆောင်ရွက်လာကြကြောင်း မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးခွဲ ဘားအံ တာဝန်ခံ၏ပြောကြားချက်အရ သိရသည်။

ယင်းသို့ နိုင်ငံကူးလက်မှတ် လာရောက် ပြုလုပ်သူများအနေဖြင့် ပြည်ပသို့ အလည် သွားရောက်မည့်သူများအတွက် မြန်မာနိုင်ငံ ကူးလက်မှတ်လျှောက်ထားရာတွင် လိုအပ် သည့် စာရွက်စာတမ်း (PV)၊ ပြည်ပသို့ ကျောင်းတက်သွားရောက်မည့်သူများအတွက် မြန်မာနိုင်ငံကူး လက်မှတ်လျှောက်ရာတွင် လိုအပ်သည့်စာရွက်စာတမ်း (PE)၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် မြန်မာနိုင်ငံ ကူးလက်မှတ်လျှောက်ရာတွင် လိုအပ်သည့် စာရွက်စာတမ်းများ (PJ)၊ ပြည်ပသို့ သင်္ဘော ဖြင့် သွားရောက်မည့်သူများအတွက် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားရာ တွင် လိုအပ်သည့်စာရွက်စာတမ်း(PS)၊ ပြည်ပ သို့ဘာသာရေးဖြင့် သွားရောက်မည့်သူများ အတွက် မြန်မာနိုင်ငံကူး လက်မှတ်လျှောက် ရာတွင် လိုအပ်သည့်စာရွက်စာတမ်း(PR)၊ ပြည်ပသို့ မှီခိုသူများအဖြစ် သွားရောက်မည့်သူ များအတွက် မြန်မာနိုင်ငံကူးလက်မှတ်လျှောက် ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်း (PT)၊ ပြည်ပသို့သွားရောက်ဆေးကုသသူများ အတွက် မြန်မာနိုင်ငံကူးလက်မှတ်လျှောက် ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်း (PM)၊ ပြည်ပသို့စီးပွားရေးကိစ္စဖြင့် သွား ရောက်မည့်သူများအတွက် လိုအပ်သည့် စာရွက်စာတမ်းများ (PB)၊ ဖောင်များ ဖြည့်စွက်ရာတွင် လွယ်ကူအဆင်ပြေနိုင်ရေး အတွက် ဗီနိုင်းပိုစတာများဖြင့် ရုံးတွင်ချိတ်ဆွဲ ထားရှိပြီး နိုင်ငံကူးလက်မှတ်ပြုလုပ်သူများ ကုန်ကျမည့်ငွေစာရင်းကိုလည်း အသေးစိတ် ဖော်ပြထားရှိကာ ရုံးရှေ့တွင် ထင်သာမြင်သာ ချိတ်ဆွဲထားရှိသည်။

ကရင်ပြည်နယ်ကော့ကရိတ်ခရိုင် ကျုံဒိုး မြို့မှမြန်မာနိုင်ငံကူးလက်မှတ် လာရောက် ပြုလုပ်သော စောမျိုးမင်းက "ကျွန်တော် အရင် က နိုင်ငံကူးလက်မှတ်ရဖို့ ရန်ကုန်မှာ သွား လုပ်ခဲ့ဖူးတယ်။ လမ်းစရိတ်၊ စားစရိတ်၊ တည်းခိုစရိတ်တွေ ကုန်ကျမှုတွေ အများကြီး ရှိခဲ့တယ်၊ ဒါအပြင် တစ်နိုင်ငံလုံး အတိုင်း အတာကရှိတဲ့ နိုင်ငံခြားထွက်ဖို့လူတွေကို တစ် နေရာတည်း စုစည်းဆောင်ရွက်ပေးတာမို့ အစစအရာရာအခက်အခဲများ ကြုံတွေ့ခဲ့ရ တယ်။ ငွေကုန်လူပန်းနဲ့ အစားထိုးမရတဲ့ အချိန် ဆုံးရှုံးမှုကပိုဆိုးတာပေါ့။ ခုလို တိုင်း ဒေသကြီးနဲ့ ပြည်နယ်တွေမှာ မြန်မာနိုင်ငံကူး လက်မှတ်ရုံးခွဲများ ဖွင့်လှစ်ပေးခဲ့တာမို့ ပိုမို အဆင်ပြေချောမွေ့လွယ်ကူသွားတယ်၊ ယခင် က ကျွန်တော်တို့ ကရင်ပြည်နယ်ဒေသခံများ ဟာ နိုင်ငံကူးလက်မှတ်ပြုလုပ်ရမှု အခက် အခဲများကြောင့် အောက်လမ်းကပဲ အသွား များခဲ့တယ်၊ ဒီလိုဖြစ်ခဲ့ရတာတွေဟာ လူကုန် ကူးမှုကို အားပေးရာရောက်ပြီး ပြည်သူ့ဘဝ လုံခြုံမှုမရခဲ့ပါဘူး။ မတ် ၂၅ ရက်က ကျွန်တော် မြန်မာနိုင်ငံကူးလက်မှတ် လာလုပ် တာ အစစအရာရာအဆင်ပြေတယ်၊ နေ့ချင်း ပြီးဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံကူး လက်မှတ်ကို ၁၀ရက်အတွင်း ရရှိမည်ဖြစ်၍ ပြည်သူများအဆင်ပြေအောင် စီမံဆောင်ရွက် ပေးတဲ့ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါ တယ်"ဟု ပြောကြားခဲ့သည်။

ကရင်ပြည်နယ် မြန်မာနိုင်ငံကူး လက် မှတ်ထုတ်ပေးရေးရုံးခွဲ(ဘားအံ) တွင် သတင်း တပ်ဖွဲ့ဝင်ဝန်ထမ်းခုနစ်ဦးနှင့် လူဝင်မှုကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မှ ဝန်ထမ်းနှစ်ဦးတို့ဖြင့် တစ်လထက်တစ်လ တိုးပြီး မြန်မာနိုင်ငံကူးလက်မှတ်လာရောက် ပြုလုပ်သော ကရင်ပြည်နယ်ဒေသခံများ ကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များ သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

(ယခင်အပတ်မှအဆက်)

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ်ဆောင်ရွက်မှု အခြေအနေများ

၁။ **အမရပူရမြို့နယ်တွင် မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်း(ဒွေးလမ်း)၌ နှစ်လမ်းသွား ဖောက်လုပ်ရာတွင် တံတားဆောက်လုပ်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ကွင်းဆင်း စစ်ဆေး၍ လိုအပ်သော နေရာများတွင် တံတားများဖောက်လုပ်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။

၂။ **အမရပူရမြို့နယ်တွင် မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်း (ဒွေးလမ်း) နှစ်လမ်းသွား ဖောက်လုပ်ရာတွင် လမ်းချဲ့ခြင်းကို တောင်ဘက်ကိုမဆောင်ရွက်ဘဲ မြောက်ဘက် ပေ ၁၀၀ ချဲ့ပြီး ဆောင်ရွက်သောကြောင့် မြောက်ဘက်နေပြည်သူများအတွက် ပေ ၁၀၀ မှ လျှော့ပေါ့ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** လမ်း Alignment ယူရာတွင် မြောက်ဘက်မှယူရသောကြောင့် မြောက်ဘက်တွင် နေသူများ လမ်းနယ်နိမိတ်သတ်မှတ်ရာ ပါဝင်သွားကြောင်း၊ လမ်းနယ်နှင့် မလွတ်ကင်းသူများမှာ ၁၅ ဦးဖြစ်ကြောင်း၊ ၎င်း ၁၅ ဦးနှင့် ညှိနှိုင်းခဲ့ရာ တစ်ဦးသာ ခြံစည်းရိုးဖယ်ပေးရန် ကျန်ရှိသောကြောင့် ကွင်းဆင်းပြီး ထပ်မံ၍ ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။

၃။ **မန္တလေး-ပြင်ဦးလွင် ကားလမ်း ကျောက်မီးကျေးရွာမှ မြစ်ငယ်-ထုံးဘိုဖြတ်လမ်း ဆေးဝါးတက္ကသိုလ် တောတွင်ရွာတံတား အထိ နှစ်မိုင် လေးဖာလုံ အရှည်ရှိ မန္တလေး တူးမြောင်းကြီး တာပေါင်လမ်းကို ကျောက်ကြမ်းလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** လ ၃၀ စီမံကိန်းတွင် ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ရန်ပုံငွေတင်ပြထားပြီး ရရှိလျှင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **မြင်းခြံမြို့နယ် ဆီမီးခုံ-ငါန်းမြာ-မိုးတောင်ကျေးရွာချင်းဆက် မြို့နယ်ပတ်လမ်း မြေသားလမ်းကို ကတ္တရာလမ်း သို့မဟုတ် ကျောက်ချောလမ်းခင်းပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** မြင်းခြံမြို့နယ် ဆီမီးခုံ-ငါန်းမြာ-မိုးတောင်ကျေးရွာချင်းဆက်လမ်းသည် စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်းဖြစ်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ပြီးမှသာ ဆောက်လုပ်ရေးအနေဖြင့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

၅။ **ကျောက်ပန်းတောင်းမြို့နှင့် ပုပ္ပားမြို့ကြား တောင်တက်လမ်းဖြစ်သည့် သုံးထပ်လမ်းအား ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မြေသားလမ်းနယ်ချဲ့ခြင်း၊ ၁၂ ပေ အကျယ် ကတ္တရာလမ်းမှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း၊ မြေထိန်းနံရံ၊ မြေကာနံရံများ ဆောက်လုပ်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ကျောက်ပန်းတောင်းမြို့နှင့် ပုပ္ပားမြို့ကြား တောင်တက်လမ်းဖြစ်သည့် သုံးထပ်လမ်းကို လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လမ်းဒီဇိုင်းများ အသစ်ပြင်ဆင်ရေးဆွဲ၍ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၆။ **ပုပ္ပားမြို့နှင့် ပိုဇိုလန်ဘိလပ်မြေစက်ရုံကြား မိုင် ၄၀၉/၀-၄၁၀/၀ အတွင်း လမ်းကျဉ်းသည့်အတွက် တောင်ကမ်းပါးယံများကို ချဲ့ထွင်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ပုပ္ပားမြို့နှင့် ပိုဇိုလန်ဘိလပ်မြေစက်ရုံကြား မိုင် ၄၀၉/၀-၄၁၀/၀ အတွင်း လမ်းကျဉ်းပြီး ကွေ့ကောက်နေသော တောင်ကမ်းပါးယံ ချဲ့ခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး အစိုးရ၏ လ ၃၀ စီမံချက်တွင် ထည့်သွင်း ရေးဆွဲထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၇။ **ကျောက်ပန်းတောင်းမြို့နှင့် တောင်သာမြို့ကြား မိုင် ၄၀၂/၀-၄၂၁/၀အတွင်း မူလကတ္တရာလမ်း ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ်သို့ ချဲ့ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ကျောက်ပန်းတောင်းမြို့နှင့် တောင်သာမြို့နယ်စပ်ကြား ၁၉ မိုင်ခန့်မှာ မူလ ၁၂ ပေ အကျယ် ကတ္တရာလမ်းခင်းထားပြီးဖြစ်ပါသည်။ မိုင် ၄၀၂/၃ မှ ၄၀၈/၃ အတွင်း ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ပေ အကျယ် ကတ္တရာလမ်းချဲ့ရန် မန္တလေးတိုင်းဒေသကြီးအစိုးရ လ ၃၀ စီမံချက်တွင် တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၈။ **ဇီးဖြူကုန်း-ရွာမွန်လမ်းကို ကျောက်သယ်တန်ပိုယာဉ်များ ဖြတ်သန်းနေသည့်အတွက် လမ်းများကြံ့ခိုင်မှုအားနည်းနေပြီး ဂိတ်ဖွင့်လှစ်၍ ကုမ္ပဏီသို့ လွှဲပြောင်းပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဇီးဖြူကုန်း-ရွာမွန်လမ်းသည် လမ်းအရှည် ၂၁ မိုင်ငါးဖာလုံရှိပြီး ကျောက်ပန်းတောင်းမြို့နယ် အပိုင်းတွင် ခြောက်မိုင် လေးဖာလုံရှိပါသည်။ BOT လျှောက်ထားသည့် ကုမ္ပဏီများရှိပါက လွှဲပြောင်းပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၉။ **မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း၊ ကျောက်ပန်းတောင်းမြို့တွင်း အဝိုင်းအနီးတွင် လမ်းကျယ်၍ တံတားကျဉ်းနေပါသဖြင့် တံတားအမှတ် ၁/၆၁ကို ချဲ့ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းသည် မြတ်နိုးသူကုမ္ပဏီမှ BOT ဆောင်ရွက်နေသည့် လမ်းဖြစ်ပါသည်။ ၎င်းလမ်းပေါ်ရှိ တံတားအမှတ် ၁/၆၁ ကို တံတားချဲ့ရန်အတွက် ၂၀၁၄-၂၀၁၅ လုပ်ငန်းစီမံချက်တွင် ဆောက်လုပ်မည်ဟု ကုမ္ပဏီမှ လျာထားပါကြောင်း ဖြေကြားအပ်ပါသည်။

၁၀။ **ကျောက်ပန်းတောင်းမြို့နှင့် ငွေးချိုအကြား ခြောက်မိုင်ခန့် ခရီးအကွာအဝေးကို ငွေးချိုတွင် တစ်ဂိတ်၊ ကျောက်ပန်းတောင်းတွင် တစ်ဂိတ် နီးကပ်စွာရှိနေပါသဖြင့် ကျောက်ပန်းတောင်းဂိတ်အား ငွေးချိုဂိတ်နှင့်ပေါင်း၍ ကောက်ခံခြင်းဖြင့် ကျောက်ပန်းတောင်းတွင် ရှိသော ကောင်းမွန်ဂိတ်ကို ငွေးချိုသို့ ပြောင်းရွှေ့ပေးရန်မေးမြန်းချက်နှင့်ပတ်သက်၍** ကျောက်ပန်းတောင်းမြို့နှင့် ငွေးချိုအကြား မိုင် ၃၉၁/၂ မှ ၃၉၇/၀ ထိ ကောင်းမွန်ကုမ္ပဏီမှ BOT စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေပါသည်။ ကျောက်ပန်းတောင်းတွင် တစ်ဂိတ်၊ ငွေးချိုတွင် တစ်ဂိတ်လမ်းအသုံးပြုခကောက်ခံရေးစခန်းများ ဖွင့်လှစ်ထားရှိပါသည်။ ခြောက်မိုင်ခန့်သာ ကွာဝေးပါသည်။ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကောင်းမွန်ဂိတ်ကို ငွေးချိုသို့ ရွှေ့ပြောင်းပေးရန် ရုံးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၁။ **ကျောက်ပန်းတောင်းမြို့နယ်အတွင်း မိုးရာသီတွင် ချောင်းရေကြောင့်သွားလာမှု ပြတ်တောက်နေသည့် ချောင်းမချောင်းကို တံတားဆောက်လုပ်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ရန်ကုန်-ပြည်-မန္တလေးလမ်းမိုင် ၄၁၈/၀-၄၁၈/၁ကြားရှိ ချောင်းမချောင်းသည် အရှည် ပေ၂၈၀ ခန့်ရှိပြီး ၂၀၁၅-၂၀၁၆ တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၂။ **ငါန်းဇွန်မှ မြို့သာအထိ ကတ္တရာလမ်းအား လမ်းတာပေါင်ချဲ့ထွင်ပေးနိုင်ပါ ရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့သာမှ ငါန်းဇွန် အပိုင်း ၀/၀ မှ ၁၀/၀ အထိ တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ရန်ပုံငွေတောင်းခံထားပြီးဖြစ်ပါသည်။ ကျန် ၁၂ မိုင် ၁ဖာလုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ရန်ပုံငွေတောင်းခံသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဧရာဝတီတိုင်းဒေသကြီး

ကမ္ဗည်းမော်ကွန်းသစ် ကျန်ရစ်စေသတည်း

မြင့်စိုး (နတလ)

ဟိုတုန်းက တယ်လီဖုန်းဆိုတာကို မြင်ဖူးဖို့ မပြောနဲ့ ကြားတောင်မကြားဖူးတဲ့ ကျွန်တော်တို့ရွာ။ တစ်နေရာရာက စာထည့်ရင် တစ်လကြာလို့မရောက်တဲ့ ကျွန်တော်တို့ရွာ။ ခုများတော့ လက်ကိုင်ဖုန်းတွေ မှီလိုပေါက်ပြီး ပြောနေလိုက်ကြတာလေ...။ မြန်မာပြည်တွင်းလောက်များတော့ တွံတေးသိန်းတန်သီချင်းထဲကလို ပျင်းတောင်ပျင်းသေးတယ်ဟေ့... ပျင်းတောင် ပျင်းသေးတယ်ဆိုလားပဲ။ မလေးရှားကလာတဲ့ ဖုန်း၊ စင်ကာပူကလာတဲ့ဖုန်း၊ ထိုင်းကလာတဲ့ဖုန်းတွေနဲ့ စုံပလုံကိုစိလို့။ ဆိုလိုချင်တာက ကျွန်တော်တို့ရွာဟာ တောဆိုပေမယ့် ဟိုး... အရင်ကလို မဟုတ်တော့တာတော့ သေချာသွားပြီဗျာ။ အထက်တန်းကျောင်းနဲ့၊ ဆေးရုံနဲ့၊ ဆေးခန်းနဲ့၊ ညညဆို လျှပ်စစ်မီးနဲ့၊ ကားနဲ့၊ ဆိုင်ကယ်နဲ့၊ အထက်တန်းကျောင်းကလည်း စာစစ်ဌာနရထားတဲ့ကျောင်းနော်။ နယ်နယ်ရရမဟုတ်ဘူး။ ဆေးရုံကတော့ အလှူရှင်ဦးတင်ဝင်းနဲ့ ဇနီးဖြစ်သူ အဂ္ဂမဟာသီရိသုဓမ္မသီဂီ အစ်မကြီးဒေါ်ခင်ကြည်တို့ မိသားစုရဲ့ ကုသိုလ်ကောင်းမှုကြောင့် ပေါ်ပေါက်လာတဲ့ဆေးရုံ။ ဒီအလှူရှင်မိသားစုက လှော်ကထား အထကကျောင်းမှာ ကျောင်းဆောင်သစ်တစ်ဆောင်လည်း ဆောက်လုပ်လှူဒါန်းထားပါသေးတယ်။

အခုလည်း ကျွန်တော်ပြောပြမယ့် အကြောင်းအရာက ရွာကလှမ်းပြောတဲ့ ဆေးရုံ သတင်းအကြောင်းပါ။ ပထမဆုံး ဝမ်းမြောက်ဖွယ်ရာ သတင်းစကားက ပြောင်းသွားတဲ့ ဆရာဝန်နေရာအတွက် အစားခန့်လိုက်တဲ့ဆရာဝန် အသစ်ရောက်လာပြီတဲ့။ ဟုတ်တော့လည်း ဟုတ်သား။ တစ်ယောက်တည်းရှိတဲ့ ဆရာဝန်၊ ပြောင်းသွားတာ လေး/ငါးလလောက်ကြာတဲ့ အထိ လူစားရောက်မလာတော့ အားကိုးရာမဲ့ပြီး ဆေးရုံက ခြောက်ခြောက်သွေ့သွေ့ကြီးကို ဖြစ်လို့။ ဆရာကန်တော့ပွဲသွားရင်းတွေ့ခဲ့ရတာ။ အခု လူစားရောက်လာပြီဆိုတဲ့အကြောင်း၊ ဒါတွင်မကသေးဘူး၊ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့တစ်ဖွဲ့ရွာကို ရောက်လာပြီး လှော်ကထားတိုက်နယ်ဆေးရုံမှာ လူနာတွေကို နှစ်ရက်ကုသပေးသွားတယ်ဆိုတဲ့အကြောင်းတွေပါ ကြားလိုက်ရတော့ ဝမ်းသာမိတယ်။

ဒီလောက်ဆိုရင် ကျွန်တော်သိပြီ။ ဒါဟာ (၆၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုတဲ့အနေနဲ့ တိုင်းစစ်ဌာနချုပ်အသီးသီးက နယ်လှည့် ဆေးကုသရေးအဖွဲ့တွေထွက်ပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတာ၊ ကျန်းမာရေး ဗဟုသုတတွေ ဟောပြောပို့ချပေးနေတာလေ။ အနောက်တောင်တိုင်းစစ်ဌာနချုပ်က နယ်လှည့်ဆေးကုသရေးအဖွဲ့တွေဟာ လေးမျက်နှာမြို့နယ်နှင့်ငပုတောမြို့နယ်တွေမှာ ကုသပေးနေတဲ့အကြောင်း၊ လေးမျက်နှာမြို့နယ်အတွင်းမှာတော့ လှော်ကထားတိုက်နယ်ဆေးရုံ၊ ပန်းတောကြီးကျေးလက်ကျန်းမာရေးဌာန၊ အိုင်သပြုတိုက်နယ်ဆေးရုံ၊ ခမောက်စုဆေးပေးခန်းတွေမှာ အခြေပြုပြီး ကုသပေးတဲ့အကြောင်း၊ ရွာမှာတော့ မတ် ၁၈၊ ၁၉ နှစ်ရက်အတွင်း လူနာ ၁၀၀၀ ကျော်ကုသပေးတဲ့အပြင်၊ ဆေးရုံတက်ပြီးကုသဖို့ ခွဲစိတ်ဖို့လိုအပ်တဲ့လူနာရှစ်ဦးကိုလည်း ပုသိမ်မြို့မှာရှိတဲ့ စစ်ဆေးရုံကို ပို့ပေးတဲ့အကြောင်း စုံစုံလင်လင်ကြားသိလိုက်ရပါတယ်။

ကြားရတာဝမ်းသာတယ်ဗျာ။ ငယ်ငယ်က လည်ပင်းမှာ အကျိတ်ထွက်ပြီး စောင်းငန်းစောင်းငန်းဖြစ်နေတာ ရွာကိုရောက်လာတဲ့ စစ်ကြောင်းတစ်ခုက ဆေးမှုးနဲ့ပြပြီး ဆေးထိုးပေးလို့ သက်သာသွားတာကို ခုထိ အမှတ်ရနေတုန်း။ အခုလည်း မောင်လှသိန်းရဲ့ ဖုန်းသတင်းအရ ဗိုလ်မှူးဇေယျာငြိမ်း ခေါင်းဆောင်တဲ့ အထွေထွေရောဂါကုအဖွဲ့၊ မီးယပ်နဲ့သားဖွားအဖွဲ့၊ နား၊ နှာခေါင်း၊ လည်ချောင်းကုသရေးအဖွဲ့၊ သွားဘက်ဆိုင်ရာအဖွဲ့တွေ၊ ခွဲစိတ်အထူးကုအဖွဲ့၊ မျက်စိအထူးကုအဖွဲ့တွေ ရောက်လာတဲ့အကြောင်း၊ လူအင်အား ၂၀ ကျော်ပါဝင်တဲ့ အကြောင်း သိခဲ့ရပါတယ်။

လေးမျက်နှာမြို့နယ် အနောက်ခြမ်းမှာ လှော်ကထား၊ မိုးကုတ်၊ လှဲထောက်ကွင်း၊ သဲနုကုန်း၊ ကညင်တိုင်း၊ ကွင်းကြီး၊ ချင်းလယ်ကျေးရွာအုပ်စုတွေ၊ ပန်းတောကြီး၊ ဘယ်ပြားကုန်း၊ ဝတ်ကုန်း၊ ကွမ်းခြံကုန်း၊ ဝါးတောကွင်း၊ ကြီးပေါက်ကုန်း၊ ချင်းကုန်းစတဲ့ကျေးရွာအုပ်စုတွေ ပါဝင်ပါတယ်။ အချို့အချို့သော ကျေးရွာအုပ်စုတွေ၊ အဲဒီကျေးရွာအုပ်စုမှာပါတဲ့ ကျေးရွာတွေဟာ တစ်ချိန်က ဗကပတွေကြီးစိုးခဲ့တဲ့နေရာဒေသတွေဖြစ်ခဲ့ပါတယ်။ လဲကုန်ကြီး၊ လဲကုန်လေး၊ ချင်းလယ်စတဲ့နေရာတွေဟာ တပ်မတော်စစ်ကြောင်းတွေ မပြတ် ဝင်/ထွက်သွားလာခဲ့တဲ့နေရာတွေပါပဲ။ ဒီနေရာမှာ ကျွန်တော် အတွေးတစ်ချက်လက်သွားတာက အခုရွာကို ရောက်လာတဲ့ တပ်မတော်သားတွေရဲ့မိဘအချို့ဟာလည်း တစ်ချိန်က တပ်မတော်သား ဝန်ထမ်းဘဝနဲ့ သည်မြေ၊ သည်ရေ၊ သည်ဒေသတွေကို ရောက်ဖူးကောင်း ရောက်ဖူးပေလိမ့်မယ်။ ဆေးကုသမှုခံယူဖို့ ရောက်လာတဲ့ ရွာသူရွာသားတွေရဲ့ ဆွေမျိုးဉာတကာတွေဟာလည်း တစ်ချိန်က ဗကပတွေဖြစ်ကောင်းဖြစ်ခဲ့ဖူးပါလိမ့်မယ်။ ပြန်စဉ်းစားကြည့်ရင် အရင်က ဘယ်လိုပတ်သက်မှုတွေရှိနေပါစေ၊ ယနေ့အချိန်မှာတော့ ပြည်သူသာအမိ၊ ပြည်သူသာအဖဆိုတဲ့ ခံယူချက်နှင့်အညီ တပ်မတော်သားစစ်သည်များ အနေနဲ့ ပြည်သူကို အလုပ်အကျွေးပြုနေကြပါပြီ။ မျိုးဆက်သစ်တွေရဲ့ လက်ထက်မှာ လက်တွဲညီညီရှိနေကြပါပြီ။

ဆိုတော့ကာ... ကျွန်တော်တို့ရွာတွေကို ပြန်ကြည့်လိုက်ရင်လည်း ရှေးယခင်ကလို ထွန်စက်မမြင်ဖူးလို့ ပြေးကြည့်ရတဲ့ဘဝ၊ ကားမမြင်ဖူးလို့ ပြေးကြည့်ရတဲ့ဘဝတွေကို ကျော်လွန်ဖြတ်သန်းခဲ့ကြပြီ။ တလင်းပျောက်စနစ်နဲ့ ခြွေလှေ့နေကြပြီ။ နောင်များမကြာခင် ရိတ်သိမ်းစက်တွေကိုလည်း မြင်လာရမယ်လို့ ယုံကြည်မိပါတယ်။ အတိတ်ကာလက ကုလားတက်ခေါက်သံ၊ သေနတ်သံတွေကြားမှာ ရွာတွေအားလုံး မီးခွက်တွေငြိမ်းပြီးနေခဲ့ကြရတဲ့ဘဝတွေဟာ ဟိုး... အဝေးကြီးမှာ ကျန်ရစ်ခဲ့ပါပြီ။ သည်ကနေ့ ကားသံ၊ ဆိုင်ကယ်သံ၊ ထွန်စက်သံ၊ ရိတ်သိမ်းခြွေလှေ့စက်သံတွေညံပြီး ညညဆိုရင်လည်း လျှပ်စစ်မီး ထိန်ထိန်လင်းလို့။ ဂျက်စတင်ဘီဘာ၊ ဆီလီနာဂိုမက်(ဇ်)၊ စီရော်နယ်ဒို၊ ဘာလော့တယ်လီစတဲ့ အကျော်အမော်တွေနဲ့ ကိုရီးယားအနုပညာရှင်တွေ အားလုံး ရွာတွေကို ရောက်ကုန်ကြပြီ။

အားလုံးကို ခြုံငုံသုံးသပ်ကြည့်ရင်တော့ အတိတ်က ဆိုးမွေတွေကို စွန့်ပယ်ပြီး၊ ကောင်းမွေတွေကို ဆက်ခံ၊ လက်ရှိအချိန်ကာလမှာ ဘာပဲလုပ်လုပ်၊ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်တိုင်းရင်းသားသွေးချင်းတွေအတွက် မွန်မြတ်တဲ့ စိတ်ရင်းစိတ်ထားနဲ့ လုပ်ဆောင်မှုတိုင်းဟာ မော်ကွန်းကမ္ဗည်းသစ်တွေအဖြစ် ရေးထိုးကျန်ရစ်လိမ့်မည်လို့ ယုံကြည်မိပါကြောင်း။ ။

ရထားလမ်းပိုင်းကြံ့ခိုင်မှု ကွန်ကရစ် ဇလီဖားများ အစားထိုးလဲလှယ်ပေး

မြန်မာနိုင်ငံတစ်နံတစ်လျားရှိ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ရထားလမ်းများ ဖောက်လုပ်ပြီး ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့စေရေး၊ ခရီးသွားပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ စိတ်ချမ်းမြေ့စွာခရီးသွားလာနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှု လျှော့ချရေး လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးသို့ ဆက်သွယ်ပေးထားသော သာစည်- ရွှေညောင်ရထားလမ်းပိုင်းသည် တောင်ပေါ်လမ်းပိုင်းဖြစ်၍ ကွေ့ပေါင်း ၂၈၈ဖြင့် ဖောက်လုပ်ထားသော ရထားလမ်းပိုင်းဖြစ်သည်။ ရထားလမ်းပိုင်းကြံ့ခိုင်ကောင်းမွန်စေရန်ကွေ့ကြီးများတွင် ယခင်အသုံးပြုခဲ့သော ပေါင် ၆၀ သံလမ်းမှ ယခု ၇၅ ပေါင် သံလမ်းအဖြစ်သို့ လဲလှယ်ခြင်း၊ သစ်သားဇလီဖားနေရာများတွင် ကွေ့များအတွက် အထူးထုတ်လုပ်ထားသော Cheeck Rail ကွန်ကရစ်ဇလီဖားများကို အစားထိုးလဲလှယ်ပြုပြင်ခြင်း၊ အဖြောင့်ရထားလမ်းပိုင်းများတွင် ရိုးရိုးကွန်ကရစ်ဇလီဖားများကို လဲလှယ်ခြင်းနှင့် လမ်းခင်းကျောက်ဖြည့်တင်းခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဘူတာနှစ်ခုကြားကို ဘဏ္ဍာရေးနှစ်အလိုက် သံလမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းစီမံချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန တိုင်းအမှတ် (၄)ကလော တာဝန်ရှိသူထံမှ သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရထားလမ်းကွေ့များအတွက် အထူးထုတ်လုပ်ထားသော ကွန်ကရစ်ဇလီဖားများဖြင့် ခင်းထားသည့် ရထားလမ်းပိုင်းတစ်နေရာ။

မကွေးတိုင်းဒေသကြီး

ထင်းလောင်စာသုံးစွဲမှုလျှော့ချ၊ အစားထိုးလောင်စာတိုးမြှင့်သုံးစွဲ

ပိုင်ဇေ (မကွေး)

မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးမှ ကြီးမှူးကျင်းပသော ထင်းလောင်စာ သုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးလောင်စာတိုးမြှင့်သုံးစွဲရေး ပြပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက် ၈ နာရီက တောင်တွင်းလမ်းပေါ်ရှိ စိမ်းလန်းစိုပြည်ရေးရုံး၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားကို မကွေးတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်း၊ မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဝန်ကြီးနှင့်တကွ တာဝန်ရှိသူများသည် ထင်းလောင်စာသုံးစွဲမှု လျှော့ချရေးနှင့် အစားထိုးလောင်စာ တိုးမြှင့်သုံးစွဲရေးပြပွဲနှင့် လောင်စာတုံး လက်တွေ့လုပ်ဆောင်ပြသခြင်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

"ဒီပြပွဲပြုလုပ်ရတဲ့ အကြောင်းကတော့ တစ်နည်းအားဖြင့် ပြောရလျှင် ကမ္ဘာကြီးဟာ ရာသီဥတုဖောက်လွဲ ဖောက်ပြန်ဖြစ်ပြီး လေဒုက္ခ၊ ရေဒုက္ခ၊ လေဘေးဒုက္ခစသည် အားဖြင့် အမျိုးမျိုးကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေဟာ တောတောင်ရေမြေသဘာဝတွေ ပျက်စီးတာကြောင့် ဖြစ်သလို ဝင်ရိုးစွန်းဒေသတွေမှာလည်း ရေခဲတောင်တွေပြိုကျတဲ့အတွက် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာပြီး ရေဘေးအန္တရာယ်၊ မုန်တိုင်းအန္တရာယ်တွေကို တွေ့နေရတာဖြစ်ပါတယ်။ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု ဖြစ်ပေါ်နေတာကိုကြုံတွေ့ရတဲ့အတွက် ဒါတွေဖြေရှင်းနိုင်ဖို့နည်းလမ်းတစ်မျိုးဖြစ်တဲ့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက အဓိက အကောင်အထည်ဖော်ရန် တာဝန်ကြီးတစ်ရပ်အနေဖြင့် ဆောင်ရွက်နေကြောင်း၊ စိုက်ခင်းတွေတည်ထောင်မယ် သဘာဝ တောခြံတွေကို ထိန်းသိမ်းမယ်၊ ထင်းအစား အခြားလောင်စာ သုံးစွဲမယ်၊ ရေရရှိရေးဆောင်ရွက်မယ်။ ဤနည်းလမ်း လေးသွယ်ကိုလည်း အဓိကတာဝန်ယူ ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်တဲ့အခါမှာလည်း အထူးသဖြင့် ထင်းလောင်စာသုံးစွဲမှု လျှော့ချရေးနှင့် အစားထိုးလောင်စာသုံးစွဲရာတွင် သစ်တော သစ်ပင်တွေကို ဖြုန်းတီးရာ မရောက်ဘဲ ထုတ်လုပ်မှု သို့မဟုတ် သုံးစွဲရာတွင် လူထုအတွက် မရှိမဖြစ်လိုအပ်တဲ့ လောင်စာတွေကို လျှော့ချပြီး တခြားနည်းလမ်းဖြစ်တဲ့ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းတွေ၊ စွမ်းအားမြင့် မီးဖိုတွေသုံးစွဲရဖို့ ရည်ရွယ်ပြီး ဒီပွဲလေးကို လုပ်ရခြင်းဖြစ်ပါတယ်။ တက်ရောက်လာတဲ့ တာဝန်ရှိသူများ၊ ပြည်သူပြည်သူသားများကလည်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် လက်တွဲပြီး ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်ကြပါ"ဟု မကွေးတိုင်းဒေသကြီးအပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးဦးမြထွန်းဦးက ပြောကြားခဲ့သည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာသောဒေသခံပြည်သူများအား ဝန်ကြီးက စွမ်းအားမြင့် မီးဖိုအလုံး ၃၀ ကို မဲစနစ်ဖြင့် ပေးဝေခဲ့သည်။

အခွန်သယ်ပိုး
တို့ပြည်အကျိုး
တည်ဆောက်ခေတ်မှီ
တို့မြန်ပြည်

ကြိုးပေါင်းရောဂါဆိုလျှင် ကြို့ပင်ကောက်မြို့ သမားတော်ကြီး ဦးခဲမြိန် ၏
ရွှေသမင်
ကြိုးပေါင်းရောဂါ
သောက်ဆေး၊ လိမ်းဆေး၊ အထူးအုံဆေး (ကြပ်ထုပ်ဆေး)ကို သတိရလိုက်ပါ။
ပင်ရင်း - အမှတ် (၇၆) ပန်းတင်လမ်း၊ ကြို့ပင်ကောက်မြို့။ ဖြန့်ချိရေး - အမှတ် (၂) ကန်သာယာလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၁ ၆၆၄၃၃၃

ရွှေသရဖူ
ဆေးလက်ဖက်ခြောက်
အမှတ်(၂) ကန်သာယာလမ်း၊ ၃-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁-၆၆၄၃၃၃

VISIT AMAZING VIETNAM WITH VIETNAM HOLIDAYS 2014
ဗီယက်နမ် ရှိ လှပသော ပင်လယ်ကမ်းခြေများနှင့် စိတ်ဝင်စားဖွယ်နေရာများကို သွားရောက်လည်ပတ်ကြပါစို့။
သင်္ကြန်အထူး (၇)ရက်ခရီးစဉ် (ဧပြီ ၁၄ ရက်နေ့ ထွက်မည်) (Hanoi-Halong-DaNang-HoiAn-Hue-Saigon) ကျပ် ၃၈၀,၀၀၀
သင်္ကြန်အထူး (၆)ရက်ခရီးစဉ် (ဧပြီ ၁၅ ရက်နေ့ ထွက်မည်) (Saigon - Dalat - Nha Trang Beach - Saigon) ကျပ် ၃၈၀,၀၀၀

(၄)ရက်ခရီးစဉ် (Hanoi - Halong)	ကျပ် ၅၀၆,၀၀၀	(၅)ရက်ခရီးစဉ် (Saigon - Hanoi - Halong)	ကျပ် ၆၄၅,၀၀၀
(၅)ရက်ခရီးစဉ် (Hanoi - Halong - Ninh Binh - Bai Dinh)	ကျပ် ၅၇၃,၀၀၀	(၄)ရက်ခရီးစဉ် (Saigon - Vung Tau Beach)	ကျပ် ၄၉၈,၀၀၀
(၄)ရက်ခရီးစဉ် (Saigon - Cu Chi Tunnel)	ကျပ် ၄၉၁,၀၀၀	(၈)ရက်ခရီးစဉ် (Saigon - DaLat - NhaTrang - VinPearl Land - Hanoi)	ကျပ် ၈၃၉,၀၀၀
(၅)ရက်ခရီးစဉ် (Saigon - NhaTrang - VinPearl Land - Hanoi)	ကျပ် ၆၇၉,၀၀၀	(၇)ရက်ခရီးစဉ် (Saigon - Danang - HoiAn - Hue - Hanoi - Halong)	ကျပ် ၇၈၀,၀၀၀

* Columbus Travels & Tours
Ph: 229245, 216245, 255123, 255022
* Myanmar Tourism Services
Ph: 552762, 8603331, 8603332, 09 411 2693, 09 516 8057
* Nice Fare Travel
City Mart
Ph: 255699, 393088, 393077
* Ayarwaddy Legend Travels & Tours
Ph: 252007, 252008, 250909, 398303, 377697
* Shan Yoma Travel & Tours
Ph: 295510, 299389, 204152, 726322, 726323
* SM Tours & Transport
Ph: 225774, 225775, 225776, 221003
* Sun Far Travels & Tours
Ph: 380211, 376671, 09-4210 18222
* RubyLand Tourism Services
Ph: 243185, 374146, 09 501 7373, (Mandalay:Shwe Phyu Palaza 09 511 9257)

ဦးရာဇ်တော်ခတ်ဘုရားပွဲကြီးမြင်ကွင်းမှသည် ယဉ်ကျေးမှုထိန်းသိမ်းရေးဆီသို့

နံနက်ခင်းအလှသဘာဝ နွေဦးကာလသည်ကား အလှတွင်အယဉ်ဆင့်ကာ သာယာလှပေသည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေကာ အဝတ်လဲထားသောသစ်ပင်တို့က အားမာန်အပြည့် စွမ်းအင်အပြည့်ဖြစ်နေကြပြီ။ ဤအချိန် ဤအခါသမယ ခြေခင်းလက်ခင်းသာသော ကာလဝယ် မြန်မာနိုင်ငံအနှံ့ ဘုရားပွဲတော်များကို ကျင်းပလေ့ရှိကြသည်။

ရခိုင်ပြည်နယ်၏ ကျက်သရေဆောင် ပုဏ္ဏားကျွန်းမြို့တွင်တည်ရှိသော ဦးရာဇ်တော်ခတ်ဆုတောင်းပြည့်စေတီမြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို မတ် ၂၂ ရက်မှ ၂၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ စာရေးသူတို့ ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်းမအတိုင်း မတ် ၂၃ နံနက်ပိုင်းက ဘုရားဖူးသွားခဲ့ကြသည်။ ကားလမ်းမသည်ကား အရင်တစ်ခါ သွားတုန်းကနှင့် မတူတော့ပြီ။ သွားလာရချောမွေ့သွားခဲ့ပြီ။ အချို့နေရာများ၌လည်း လမ်းပြန်လည်ပြုပြင်နေသည်ကို တွေ့ရသည်။ ခရီးသွားတို့ ဝမ်းသာကြ၏။ အချို့ကလည်း နွေရာသီမှာ ကောင်းတာ၊ မိုးရာသီရောက်ရင် အရင်လိုပဲဟု ထင်ကြေးပေးသံတို့ကို ကြားရ၏။

(ဂေါတမအရှင်ဘုရား. . ပုဏ္ဏားမျိုးနွယ်ဖြစ်တော်မူရာ . . . ဖူးမြော်ဖို့ရာ . . ဦးရာဇ်တော်ရှင်မြတ်မဟာ) ဟူသော ဗုဒ္ဓပူဇာရခိုင်တေးသံက လမ်းတစ်လျှောက်သွားလာနေကြသော ကားကြီး၊ ကားငယ်၊ သုံးဘီးဆိုင်ကယ်တိုင်းလိုလိုမှ ကြားနေရသည်။ နံနက် ၉ နာရီကျော်တွင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်သွားသည်။

ဦးခိုက်ဖူးမြော် ဦးရာဇ်ခတ်တော်

အာသာပြင်းပြနေသော ဘုရားဖူးလိုဇောဖြင့် အနားမယူဘဲ ဦးရာဇ်ခတ်မြတ် ကိန်းဝပ်တော်မူရာ သေလပိဋ္ဌိတောင်ပေါ်သို့ လျှောက်လှမ်းခဲ့သည်။ ဦးရာဇ်မင်္ဂလာကြိုးတံတားက အားကောင်းမောင်းသန်ပြီးရှင်စွာ ဆီးကြိုနေသည်။ အင်အားပြည့်နေကြောင်း၊ လူတိုင်းအတွက် တာဝန်ထမ်းနိုင်ပြီဖြစ်ကြောင်း ဝင့်ကြွားနေဟန်တူ၏။ ဤတံတားသည် ပုဏ္ဏားကျွန်းမြို့ကမ်းနှင့် ဦးရာဇ်တော်ဘုရားကမ်းကို ကင်းချောင်းကိုဖြတ်၍ ဆောက်လုပ်ပေးထားခြင်းဖြစ်၏။ အရင်တစ်ခေါက်ရောက်တုန်းက ဒယိမ်းဒယိုင်ဖြစ်နေ၏။ ခုတော့သွားရသည်မှာ လွယ်ကူသွားပြီ။ တံတားခိုင်ခံ့သွားပြီ။ ဤတံတားအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ်သိန်းပေါင်း ၂၅၀ဖြင့် ကစ္ဆပရီကြိုင်ဆောက်လုပ်ရေးမှ ပြုပြင်မွမ်းမံခဲ့ကြောင်း သိရသည်။ စာရေးသူတို့ သာဓုခေါ်မိကြ၏။

တံတားကိုလျှောက်၍ ဘုရားဘက်ကမ်းသို့ ရောက်သွားရာ လှေကားစောင်းတန်းဝယ် ဘုရားဖူးများဖြင့် ကြိတ်ကြိတ်တိုးစည်ကားနေသည်ကို တွေ့ရသည်။ အတက်လမ်း၊ အဆင်းလမ်းပြည့်နေ၏။ အရွယ်စုံ၊ စရိုက်စုံ မြင်တွေ့ရသည်။ သနားစရာအကောင်းဆုံးက အဘိုးကြီး၊ အဘွားကြီးများဖြစ်သည်။ တောင်ကိုမတက်နိုင်သဖြင့် လူငယ်များက ဖေးမကူပေးပြီး တက်နေကြသည်။

ဂေါတမမြတ်ဗုဒ္ဓသည် နှစ်ဥ်ဘဝက ဤနေရာတွင် ဗေဒင်တတ်ပုဏ္ဏားဘဝဖြင့် ကျင်လည်ခဲ့ကြောင်း၊ ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၂၃ ခု(ဘီစီ ၅၅၄)တွင် ဓညဝတီရခိုင်ပြည်သို့ကြွလာစဉ် ဗျာဒိတ်ပေးခဲ့ကြောင်း၊ ပရိနိဗ္ဗာန်စံလွန်ပြီးနောက် သာသနာသက္ကရာဇ် ၂၂၂ခုတွင် ရခိုင်ဘုရင် သူရိယစက္ကမင်းကြီးက ဦးခေါင်းတော်မှ ကြွေကျသောခတ်တော်များကို ဌာပနာ၍ ပထမအစတည်ခဲ့ကြောင်း၊ ဘုရင်မင်းဖလောင်းက ကောဇာသက္ကရာဇ် ၉၄၁ ခုတွင် ပြန်လည်တည်ထားခဲ့ပြီး ၁၂ နှစ်ကြာခဲ့ကာ ၉၅၃ခု (အေဒီ၁၅၉၁)တွင် ပြီးစီးခဲ့ကြောင်း သမိုင်းအကျဉ်းကိုသိခဲ့ရသည်။

“ဒီဘုရားပွဲက ခေတ်အဆက်ဆက် မင်းအဆက်ဆက် ကျင်းပလာခဲ့တဲ့ပွဲပါ။ တံတားကို ရာသီဥတုဒဏ်ခံနိုင်ဖို့အတွက် အမိုးမိုးပေးဖို့ တင်ပြထားပါတယ်။ နောက်ပြီး အသက်အရွယ်ကြီးရင့်သူတွေ အလွယ်တကူ ဘုရားရင်ပြင်တော်တက်နိုင်ဖို့ လျှပ်စစ်ဓာတ်လှေကားတစ်စင်းလိုအပ်နေပါတယ်”ဟု ဦးရာဇ်တော်ခတ် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ပြောသည်။

ဘုရားကုန်းပေါ်တွင် ကစ္ဆပနဒီမြစ်ကို ဖြတ်သန်းတိုက်ခတ်လာသော ကင်းချောင်းကို စုန်ကာတိုက်ခတ်လာသော ဆွတ်ပျံ့အေးမြလတ်ဆတ်သော လေကောင်းလေသန့်များကို ရှူရှိုက်ရသည်မှာ အမောပြေသွားရသည်။

ဘုရားပွဲတော်နွဲလို့ပျော်

စာရေးသူတို့ သွားသောနေ့မှာ ပွဲအလယ်နေ့ဖြစ်၍တစ်ကြောင်း၊ တနင်္ဂနွေနေ့ဖြစ်နေ၍ တစ်ကြောင်း၊ ပွဲခင်းတစ်ခုလုံး လူများပြည့်လျှံနေသည်။ ဘုရားပွဲတွင် ရခိုင်ရိုးရာပြိုင်လောင်းပွဲ၊ ရခိုင်ရိုးရာကျင်ပွဲ၊ ဇာတ်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများစွာ ပါဝင်သည်။ ပွဲမစမီ စေတီတော်ထီးတော်ရှိ ကြေးခေါင်းလောင်းများကို ရောင်တော်ဖွင့်ကာ ပြန်လည်တပ်ဆင်ခဲ့ကြသည်။ ပွဲအစ မတ် ၂၂ ရက် နံနက်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ သံဃာ့ဒါနဆွမ်းလှူပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

ကင်းချောင်းရေပြင်ပေါ်ဝယ် ကျေးရွာအသီးသီးမှ ရောက်ရှိနေကြသော ပြိုင်လောင်းများ၊ သံချပ်သံတညံညံဖြင့် ဟန်ရေးပြနေကြသော မြင်ကွင်းများ၊ ချောင်းနံဘေးဝဲယာ၌ ပြည့်လျှံနေကြသော ရွှေပွဲလာသူများကို မြင်ရသည်မှာ ပျော်စရာကောင်းလှသည်။ ရခိုင်ယဉ်ကျေးမှုဂုဏ်၊ မိမိတို့ကျေးရွာဂုဏ်များကို ဖော်ထုတ်ကာ သီဆိုနေကြသော သံချပ်သံများကား စာရေးသူအား ဟိုးအဝေးအတိတ်သမိုင်းဆီသို့ ဆွဲခေါ်သွားသယောင်ခံစားရသည်။ အားလည်းတက်မိသည်။ ရခိုင်ဘုရင့်နိုင်ငံတော်များ ဘုန်းမီးနေလတောက်ခဲ့စဉ်က ဤကင်းချောင်းနေရာသည် ဘုရင့်ရေတပ်မတော်ဌာနချုပ်ဖြစ်ခဲ့သည်ဆိုသော သမိုင်းအတိတ်ကို အရိပ်ပုံဖော်ကာ ခံစားမိလာသည်။ လွမ်းဆွတ်မိလာသည်။ ရိုးရာလောင်းပြိုင်ပွဲတွင် ရှစ်လံမှ ရှစ်လံနှစ်တောင်တန်း၊ ခြောက်လံမှ ခြောက်လံနှစ်တောင်တန်း၊ ငါးလံမှ ငါးလံ နှစ်တောင်တန်းဟူ၍ အတန်းသုံးတန်းယှဉ်ပြိုင်စေရာ ရှစ်လံမှ ရှစ်လံနှစ်တောင်တန်းတွင် ပြိုင်လောင်း(ပြိုင်လှေ) တစ်စင်းသာဝင်ရောက်သည်ဟုသိခဲ့ရသည်။ ဤသည်မှာ သစ်တောပြုန်းတီးလာမှု၏ သက်သေတစ်ရပ်လည်းဖြစ်သည်။ သစ်ပင်ကြီးများမရှိတော့၍ လောင်းလှေကြီးများကို မလုပ်နိုင်ခြင်းလည်းဖြစ်သည်။ စိတ်မကောင်းစရာပင်။

ဘုရားလှေကားခြေရင်းနှင့် မနီးမဝေးကွင်းပြင်တွင် ရခိုင်ရိုးရာကျင်ပွဲကို တွေ့ရသည်။ အားကောင်းမောင်းသန်လူညိုထွားရခိုင်ကျင်သန်များ ဟန်ရေးပြနေကြသည်။ ကျင်ပွဲစသည်နှင့် ဘတစ်ပြန်၊ ကျားတစ်ပြန် သူနိုင်ကိုယ်နိုင် ကျင်ကိုင်ကြသည်။ ကျင်ကိုင်ရာတွင် အားရှိတိုင်းလည်း မရ။ ကျင်ပညာတတ်ရန် အလွန်အရေးကြီးသည်။ ရွှေမောင်းတန်း၊ ငွေမောင်းတန်း၊ အထူးတန်း သုံးတန်းပါဝင်သည်။

အလှူခံမဏ္ဍပ်တွင် အလှူထည့်နေကြသူများကလည်း များလေစွ။ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သော လူမျိုးပီပီ၊ သဒ္ဓါတရားရှိသော လူမျိုးပီပီ အလှူရက်ရောကြသည်ကို တွေ့ရသည်။ အလှူခံငွေဖလားတွင် တစ်သောင်းကျပ်တန်၊ ငါးထောင်ကျပ်တန်၊ တစ်ထောင်ကျပ်တန်ငွေများ ပြည့်လျှံနေသည်။ စာရေးသူတို့လည်း သွားရောက်ကာ လှူဒါန်းကြသည်။ ကြေးစည်သံတညံညံဖြင့် သာဓုသံများက ကြည်နူးစရာပင်။

နေ့ပွဲများစည်ကားသကဲ့သို့ ညပွဲများကလည်း ကွင်းလုံးအပြည့်ပင်။ ဇာတ်ပွဲဝင်းသို့ရောက်သောအခါ ခေတ်မီသည်သာမက ခေတ်ကို ကျော်နေသူများကိုလည်း တွေ့ရသည်။ ဟီရိဩတပ္ပတရားကင်းမဲ့စွာဝတ်၍ ကခုန်နေကြသောသူများနှင့်အပြိုင် အမူးလွန်ကာ ဇာတ်ခုံထက်ထိတက်၍ ကနေသော လူငယ်များကို မြင်ရသည်။ များမကြာမီ ဇာတ်ဆရာထွက်၍ ဟန့်တားရသည်အထိ ဖြစ်လာရသည်။ ပွဲခင်းတွင် အရောင်းရအကောင်းဆုံးဆိုင်များမှာ စားသောက်ဆိုင်များ ဖြစ်ကြောင်း လေ့လာသိရှိရသည်။ ရခိုင်သားတို့ အရက်ကြိုက်သည်ဟု မေးစရာမလို။ ပွဲခင်းကို လှည့်လည်ကြည့်ခြင်းအားဖြင့် တွေ့ခဲ့ရပြီ။

ယဉ်ကျေးမှုများထိန်းသိမ်းရန်လိုအပ်လာပြီ

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံတို့ နေထိုင်ရာ အိမ်ကြီးဖြစ်သည်နှင့်အညီ ယဉ်ကျေးမှုအစုံရှိသည်။ ယခုအခါ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မိမိတို့ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းခွင့် ရလာပြီဖြစ်သည်။ ဒေသဥပဒေများပြဋ္ဌာန်းခွင့်ရှိနေပေပြီ။ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးတိုင်း မိမိတို့ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ကာ ထိန်းသိမ်းရန် လိုအပ်လာပြီဖြစ်သည်။

စာရေးသူတို့ လူမျိုးသည် အမျိုးနှင့်သီလကို စောင့်ရှောက်သော လူမျိုးဖြစ်သည်မှာ မှန်ပါသည်။ သို့သော် ယနေ့လူငယ်များ ယဉ်ကျေးမှုထိန်းသိမ်းမှု၊ သီလစောင့်ရှောက်မှုဘက်တွင် လျော့ရဲလာကြပြီလောဟု စိုးရိမ်မိသည်။ ယောကျ်ားလေးများ ဆေးလိပ်၊ ကွမ်း၊ အရက်သောက်သူများ သိသိသာသာများလာသည်ကို တွေ့ရသည်။ ဤထက်စည်းကျော်ကာ မူးယစ်ဆေးဝါးသုံးစွဲသူများလည်း များလာသည်။ ဤသည်ပင်လျှင် လူမျိုးတုံးမည့်ဘက်သို့ ဦးတည်နေသည်ကို သူတို့ မသိကြပေ။ မိန်းကလေးများကလည်း အဝတ်အစား ခေတ်ပေါ်ဝတ်သည်မက ခေတ်ကို ကျော်လာကြသည်။ စည်းမရှိ၊ ကမ်းမရှိ ဖြစ်လာကြသည်။ ဘုရားကုန်းပေါ်အထိ ဣန္ဒြေမဲ့စွာ ဝတ်လာကြသည်။ ဒီမိုကရေစီခေတ်ဆိုပြီး လုပ်ချင်တိုင်းလုပ်နေကြသည်။ ဒီမိုကရေစီဆိုသည်မှာ စည်းမဲ့ကမ်းမဲ့နေခြင်းကားမဟုတ် ဆိုသည်ကို သိရှိရန် လိုအပ်ပါပြီ။ မဟာမြတ်မုနိဘုရား၊ ဦးရာဇ်တောင်ဘုရားတို့သည် ဗုဒ္ဓသမိုင်းဝင်၊ ကမ္ဘာ့သမိုင်းဝင်ဘုရားများ ဖြစ်ကြသည်။ ဟီရိဩတပ္ပတရားကင်းမဲ့စွာ စကတ်တို၊ ဘောင်းဘီတိုဝတ်၍ တက်ခွင့်မပြုဟု စည်းကမ်းများထုတ်သင့် ချိန်တန်ပြီဟု စာရေးသူ ယူဆမိသည်။ မိမိတို့ရိုးရာယဉ်ကျေးမှုအတွက် အမျိုး၊ ဘာသာ၊ သာသနာရေးအတွက် လုပ်ကြရပေမည်။

ဦးရာဇ်တော်ဘုရားပွဲတွင် ပြိုင်လောင်းပွဲ၌ ပြိုင်လောင်း(ပြိုင်လှေ)များ အရောက်နည်းလာကြောင်း သိရှိခဲ့ရသည်။ ဤသည်မှာ ရိုးရာယဉ်ကျေးမှုတစ်ခုပျောက်မည့်ဘက်သို့ ဆွဲခေါ်နေပြီဖြစ်သည်။ ရခိုင်လူမျိုးများ၊ ဒေသအာဏာပိုင်များအားလုံး ဤသည်ကို မပျောက်အောင် ထိန်းသိမ်းရန်လိုနေပြီ။ မိမိတို့၏ သမိုင်း အမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်တို့ကို ပြန်လည်ဖော်ထုတ်ကာ ပြုပြင်ထိန်းသိမ်းသင့်ပေပြီ။ သို့မှသာ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ ရှင်သန်လာပေမည်။

တိုင်းရင်းသားလူမျိုး တိုင်းမိမိရိုးရာယဉ်ကျေးမှုများ၊ သမိုင်းအမွေများ၊ ဓလေ့စရိုက်များကို ဖော်ထုတ်ခြင်းဖြင့် တစ်ဦးအကြောင်းတစ်ဦး သိရှိကာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ခေတ်မီတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ဤသတင်းဆောင်းပါးမှတစ်ဆင့် တိုက်တွန်းရေးသားလိုက်ရပါသည်။

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-လေးဝတီထွန်းစောခိုင်

ရန်ကုန်တိုင်းဒေသကြီး

စားသုံးသူများသမဂ္ဂက ဗဟိုပညာပေးကျောင်း ထူထောင်သွားမည်

စားသုံးသူပြည်သူများအနေဖြင့် မိမိတို့၏အခွင့်အရေးများကို ကောင်းစွာသိရှိလာစေရန် ပညာပေးအစီအစဉ်များ စနစ်တကျပြုလုပ်သွားမည့်အပြင် စားသုံးသူဗဟိုပညာပေးသင်တန်းကျောင်းတစ်ကျောင်းနှင့်ရွေ့လျားသင်တန်းကျောင်းများ ယခုနှစ်အတွင်း တည်ထောင်သွားမည်ဟု မြန်မာစားသုံးသူများသမဂ္ဂ (MCU) မှ သိရသည်။

“ဒီနှစ်ထဲမှာ မြန်မာစားသုံးသူများသမဂ္ဂအနေနဲ့ ရန်ကုန်မှာစားသုံးသူ ဗဟိုပညာပေးသင်တန်းကျောင်းတစ်ကျောင်း တည်ထောင်ဖွင့်လှစ်ဖို့စီစဉ်ထားတယ်။ ဒါ့အပြင် ရွေ့လျားသင်တန်းကျောင်းတစ်ကျောင်းလည်း ရန်ကုန်မှာပဲ ထပ်မံတည်ထောင်မယ်။ နောက်ပိုင်းနယ်မြို့တွေမှာ ရွေ့လျားသင်တန်းကျောင်းတွေ တိုးချဲ့ဖွင့်လှစ်သွားဖို့အတွက်လည်း လျာထားပါတယ်”ဟု မြန်မာစားသုံးသူများသမဂ္ဂဥက္ကဋ္ဌ ဦးရန်လင်းက ပြောကြားသည်။

စားသုံးသူများ၏အခွင့်အရေးများ၊ ပညာပေးလုပ်ငန်းများနှင့် ဘေးအန္တရာယ် ကာကွယ်ပေးရေးလုပ်ငန်းများ၌ MCU သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လိုသူများကို ဖိတ်ခေါ်ထားကြောင်း၊ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပညာရပ်များကို အဖွဲ့ဝင်တိုင်းကောင်းစွာသိရှိပြီး စားသုံးသူပြည်သူလူထုသို့ အသိပညာပေးလုပ်ငန်းများကို အဓိကထား၍ အနာဂတ်မျိုးဆက်များထိတိုင်အောင် စဉ်ဆက်မပြတ်လှုံ့ဆော်စည်းရုံး လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ မြန်မာစားသုံးသူများသမဂ္ဂကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် နယ်ပယ်ပေါင်းစုံမှ အသိပညာရှင်၊ အတတ်ပညာရှင်များက ဆန္ဒအလျောက်ဖြစ်မြောက်ရေးကော်မတီအဖြစ် ဖွဲ့စည်းခဲ့သည်။ ယခုနှစ် မတ် ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။

မြတ်စန္ဒီသင်းဇော်

ဂ နိုင်ငံတကာအားကစား

မြန်မာ့အလင်း
၂၈-၃-၂၀၁၄ (သောကြာနေ့)

ARSENAL VS MAN CITY

Team	League	FACup	Capital One	Community Shield	European Cup	UEFA Cup	Cup Winner's Cup	UEFA SuperCup	Intercontinental Cup	Club World Cup	Total
အာဆင်နယ်	၁၃	၁၀	၂	၁၂	-	-	၁	-	-	-	၃၈
မန်စီးတီး	၃	၅	၃	၄	-	-	၁	-	-	-	၁၆



KEY PLAYER ဂီရောက်ဒ်-တိုက်စစ်

ယခုနှစ် ပရီမီယာလိဂ် သွင်းဂိုး	-	၁၂	ဂိုး
ယခုနှစ် ပရီမီယာလိဂ်ပွဲကစားမှု	-	၂၅	ပွဲ
ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး	-	၂၃	ဂိုး
အာဆင်နယ်အတွက် စုစုပေါင်းသွင်းဂိုး	-	၃၅	ဂိုး
အာဆင်နယ်အတွက်စုစုပေါင်း ပွဲကစားမှု	-	၈၄	ပွဲ

PREDICTED TEAM

လက်ရှိအချိန်တွင် ဒဏ်ရာရကစားသမားများ များပြားနေခြင်းက အာဆင်နယ်အတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်နေသည်။ အထူးသဖြင့် ရာသီအစက ကျစ်လျစ်ခဲ့သောခံစစ်သည်ယခုအချိန်၌ ကျစ်လျစ်မှုပိုင်းအားနည်းလျက်ရှိသည်။

LAST FIVE MATCHES RECORD

L	W	L	W	D

FIVE CLASSIC MATCHES

အာဆင်နယ် ၀-၂ မန်စီးတီး ၁၃-၁-၁၃ E.P.L

၁၀ မိနစ်၌ပင် ကိုစီနီအထုတ်ခံရခြင်းက အာဆင်နယ်ကို အားပျော့စေခဲ့သည်။ ၇၅မိနစ်၌ ကွန်ပနေ ပြန်လည်ထုတ်ပယ်ခံရခြင်းကိုလည်း အာဆင်နယ်တို့ အသုံးမချနိုင်ခဲ့ပေ။ မန်စီးတီးအတွက် ဂိုးများကို ၂၁၊ ၃၂ မိနစ်တို့တွင် မီလ်နာနှင့် ဇက်ကိုတို့က သွင်းယူပေးခဲ့ကြခြင်း ဖြစ်သည်။

အာဆင်နယ် ၁-၀ မန်စီးတီး ၈-၄-၁၂ E.P.L

ထိုပွဲတွင်လည်း အာဆင်နယ်တို့ လွယ်လွယ်ကူကူ အနိုင်ရခဲ့ခြင်း မဟုတ်။ တစ်ချိန်လုံးဂိုးရရန်အတွက် ရုန်းကန်ခဲ့ရပြီး ၈၇မိနစ်မှသာ အာတီတာက အနိုင်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ထိုပွဲ၏ ပွဲပြီးခါနီးတွင် မန်စီးတီးတိုက်စစ်မှူး ဘာလော့တယ်လီထုတ်ပယ်ခံခဲ့ရသေးသည်။

အာဆင်နယ် ၀-၁ မန်စီးတီး ၃၀-၁၁-၁၁ LEC

ကက်ပီတယ်ဝမ်းဆုံတွေ့မှုဖြစ်သည်။ အာဆင်နယ်တို့ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း မန်စီးတီးခံစစ်ကို မကျော်နိုင်ခဲ့။ ၃၂မိနစ်၌ပင် ကိုလာရော့ဗ်ဒဏ်ရာရသွား၍ အဂူရိုဝင်ကစားခဲ့သော မန်စီးတီးကမူ အထိုင်မပျက်ဘဲ ၈၄မိနစ်တွင် အဂူရိုက အနိုင်ဂိုးသွင်းယူသွားခြင်းဖြစ်သည်။

အာဆင်နယ် ၀-၀ မန်စီးတီး ၆-၁-၁၁ E.P.L

ကွန်ပနေ၊ ကိုလိုတိုရေးတို့ခြေစွမ်းပြသွားသည့် မန်စီးတီးခံစစ်သည် အာဆင်နယ်တိုက်စစ်ကို ကောင်းစွာထိန်းချုပ်နိုင်ခဲ့သည်။ အာရှာဗင်၊ ဘန်တနာတို့ကို ထည့်သွင်းခဲ့သေးသော်လည်း အာဆင်နယ်တို့တိုက်စစ် အရာမထင်ဘဲ ပွဲပြီးခါနီးတွင် ဆက်ဂ်ညာပင် အထုတ်ခံခဲ့ရသည်။

အာဆင်နယ် ၀-၀ မန်စီးတီး ၂၄-၄-၁၀ E.P.L

ပွဲအခြေအနေအရ အာဆင်နယ် သိသိသာသာအသာရခဲ့သည်။ ဂိုးပေါက်ကန်သွင်းနိုင်မှု၊ ဘောလုံးပိုင်ဆိုင်မှု အစစအားသာခဲ့သည်။ သို့သော် ဗန်ပါစီ၊ဝေါကော့တို့ ဦးဆောင်သော အာဆင်နယ်တိုက်စစ်က အခွင့်အရေးများကို အသုံးမချနိုင်၍ သရေကျခဲ့ရခြင်းဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၃၂)

မန်ယူ	-	ဗီလာ	ည ၇း၁၅	၂၉-၃-၁၄
ပဲလေ့စ်	-	ချယ်လ်ဆီး	ည ၉း၃၀	၂၉-၃-၁၄
ဆောက်သမ်တန်	-	နယူးကာဆယ်	ည ၉း၃၀	၂၉-၃-၁၄
စတုတ်	-	ဟားလ်	ည ၉း၃၀	၂၉-၃-၁၄
ဆွမ်ဆီး	-	နော့ဝှစ်ချ်	ည ၉း၃၀	၂၉-၃-၁၄
ဝက်စ်ဘရွန်း	-	ကာဒစ်ဖ်	ည ၉း၃၀	၂၉-၃-၁၄
အာဆင်နယ်	-	မန်စီးတီး	နံနက် ၀၀း၀၀	၃၀-၃-၁၄
ဖူလ်ဟမ်	-	အဲဗာတန်	ည ၇း၀၀	၃၀-၃-၁၄
လီဗာပူး	-	စပါး	ည ၉း၃၀	၃၀-၃-၁၄
ဆန်းဒါးလန်း	-	ဝက်စ်ဟမ်း	နံနက် ၁း၃၀	၁-၄-၁၄

သစ်မင်းအိမ်



KEY PLAYER ဇက်ကို-တိုက်စစ်

ယခုနှစ် ပရီမီယာလိဂ် သွင်းဂိုး	-	၈	ဂိုး
ယခုနှစ် ပရီမီယာလိဂ်ပွဲကစားမှု	-	၂၁	ပွဲ
ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး	-	၃၈	ဂိုး
မန်စီးတီးအတွက် စုစုပေါင်းသွင်းဂိုး	-	၅၈	ဂိုး
မန်စီးတီးအတွက်စုစုပေါင်း ပွဲကစားမှု	-	၁၄၅	ပွဲ

PREDICTED TEAM

မန်ယူနှင့်ကြားပွဲ ကစားရခြင်းက မန်စီးတီးအတွက် ထိုးနှက်ချက်ဖြစ်လာသည်။ သို့သော် မန်စီးတီးသည် လက်ရှိအချိန်၌ အကောင်းဆုံးပုံစံတွင် ရှိပြီး ကွင်းလယ်ကစားပုံ အထူးကောင်းမွန်မှုရှိသည်။

LAST FIVE MATCHES RECORD

W	W	W	D	L

Masters Tournament ဂေါက်သီးပြိုင်ပွဲတွင် ပါဝင်နိုင်ရန် သေချာမှုမရှိသေးဟု တိုက်ဂါးဝုဒ် ပြောဆို

နာမည်ကျော် အမေရိကန်ဂေါက်သီးသမား တိုက်ဂါးဝုဒ်က သူသည် ကျောဒဏ်ရာပြဿနာကြောင့် ၂၀၁၄ ခုနှစ် Masters Tournament ဂေါက်သီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် သေချာမှုမရှိကြောင်း ထုတ်ဖော်ပြောဆို လိုက်သည်။ အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်ရှိ Augusta National Golf Club ၌ ကျင်းပမည့် ၂၀၁၄ခုနှစ် Masters Tournament ဂေါက်သီးပြိုင်ပွဲကို လာမည့် ဧပြီ ၁၀ ရက် မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

Masters Tournament ပြိုင်ပွဲသည် PGA Tour ပြိုင်ပွဲများအနက်မှ ပြိုင်ပွဲတစ်ခုဖြစ်ပြီး ဂေါက်သီးရာသီတစ်ခု၏ ကြီးလေးကြီး ပြိုင်ပွဲများအနက် ပထမဆုံးကျင်းပသည့် ပြိုင်ပွဲဖြစ်သည်။

သတင်းစာရှင်းလင်းပွဲတစ်ခုတွင် တိုက်ဂါးဝုဒ်က "Masters Tournament ပြိုင်ပွဲမှာ ကျွန်တော်ပါဝင်ယှဉ်ပြိုင်နိုင်မလားဆိုတာ သိရဖို့ အချိန်အနည်းငယ် လိုနေပါသေးတယ်။ ဒီလိုအခြေအနေက စိတ်ပျက်စရာပါပဲ။ Masters Tournament ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် ကျွန်တော်ဟာ သီတင်းပတ်အနည်းငယ်အနားယူခဲ့ပြီး ဆေးကုသမှုတွေလည်း ခံယူနေပါတယ်"ဟု ပြောသွားသည်။

တိုက်ဂါးဝုဒ်သည် ပြီးခဲ့သည့်နှစ်အတွင်း **စာမျက်နှာ ၇ သို့**

GOLDEN RICH TRAVELS
09-420032688, 09-250366279, 09-400011689

INVITATION FOR BID ON TURNKEY BASIC THROUGH LOCAL COMPETITVE BIDDING

Date: March 24-31, 2014

Loan Agreement No: MY-P3 on June 7, 2013

1. The Republic of the Union of Myanmar has received a loan from Japan International Cooperation Agency (JICA) towards the cost of "Sub-project for Electric Power Development in Thilawa Area under Infrastructure Development Project in Thilawa Area (Phase I) (MY-P3)". It is intended that part of the proceeds of this loan will be applied to eligible payments under the Contract for "Package 1: Installation of Distribution Line of Sub-project for Electric Power Development in Thilawa Area under Infrastructure Development Project in Thilawa Area (Phase I)(MY-P3)."

2. Bidding will be conducted through procedures in accordance with the applicable Guidelines for Procurement under Japanese ODA Loans, and is opened to all Bidders from eligible source countries, as defined in the Loan Agreement.

3. Yangon City Electricity Supply Board (YESB), Ministry of Electric Power (MOEP) now invites sealed Bids from eligible Bidders for the construction and completion of the Works as below:

Eligible Bidder:

- Minimum average annual construction turnover of Ks. One(1) Billion, calculated as total certified payments received for contracts in progress and/or completed, within the last two (2) years.
- A minimum number of three (3) similar contracts that have been satisfactorily and substantially completed as a prime contractor (single entity or JV member) within the last five (5) years prior to the Bid submission deadline.

The Works

- Installation of materials for 33kV double circuit distribution line for connection between Thanlyin Substation and Thilawa Substation in length about approximately 13.5 km (consisting of 1.6 km underground and 11.9 km overhead line)
- Extension of 33 kV bus and two additional Switch-Bays in Thanlyin substaion

4. Interested eligible Bidders may obtain further information from and inspect the Bidding Documents at the office of Planning Department for the technical matter and Material Planning Department for the tender procedure matter, Yangon City Electricity Supply Board (YESB), No. 197/199, Lower Kyeemyindine Road, Ahlone Township, Yangon.

Technical matter

- Contact Person: Deputy Chief Engineer of Planning Department
- phone:95-1-2301870
- E-mail:thantzin. yesb @gmail. com

Tender Procedure Matter

- Contact Person: Director of Material Planning Department
- Phone:95-1-220816
- E-mail:yeemonmon @gmail.com

5. A complete set of Bidding Documents may be purchased by interested Bidders on the submission of a written application to the address above at office hour and upon payment of a non-refundable fee of fifty thousands Myanmar Kyats (Ks. 50,000/-)during:

- From 9:30 to 16:30 on March 24 (Mon) to May 2 (Fri), 2014 (except for government holiday)
- From 9:30 to 12:00 on May 5 (Mon), 2014

6. The provisions in the Instructions to Bidders and in the General Conditions of Contract are the provisions of the Standard Bidding Documents under Japanese ODA Loans for the Procurement of Small Works.

7. Bids must be sbmitted to the address above on before 12:00 p.m. of may 5,2014 and must be accompanied by a security of one million Myanmar Kyats (Ks. 1,000,000/-).

8. Bids will be opened in the presence of Bidders' representatives at 15:00 on May 5, 2014 at the meeting room (first floor) of YESB, Yangon.

FAME
RoyalJelly®
Antiaging agent
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Chlorella
Green microalgae
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဓမ္မပါလလမ်း၊ အမှတ် ၅၄ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၃၅CG၊ မြေကွက်အမှတ် ၈၉၊ ဧရိယာ ပေ(၂၀×၄၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်၏ အမွေဆက်ခံပိုင်ဆိုင်သည့် ဦးနေဦးလွင် [၁၂/ဗဟန(နိုင်)၀၀၀၀၃၃] +၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ထွေးနိုင် ၁၂/ဒဂန(နိုင်)၀၀၁၉၀၂ က အပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာစာပါရှိသည့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်လွင် (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ၊ ဥပဒေအကြံပေးနှင့် စာရေးဆရာ (စဉ်-၆၈၉၃)
အမှတ် ၃၉၊ မြေညီထပ်၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၉၃၉၄

အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၃၊ (၉)ကွက်၊ မန္တလေး-လားရှိုးလမ်း၊ အိမ်အမှတ်(၆)နေ ကလေးအထူးကုဆရာဝန် ဒေါ်ယဉ်ယဉ်နုနှင့် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်၊ အကွက်အမှတ် ၈၂၇နေ ဦးခင်မောင်သိန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် ၈၂၇၊ ဦးပိုင်အမှတ် ၇၇၊ မြေဧရိယာ ၀ ဒသမ ၁၃၄၃ဧကရှိ ဘိုးဘပိုင်မြေကွက်နှင့် မြေပေါ်ရှိ အဆောက်အအုံများအား ဦးဟာမတ်၊ ဒေါ်ဘီ၊ ဒေါ်ဇင်တို့ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ အမည်ပေါက်သူများ ကွယ်လွန်သွား၍ မြေများတော်စပ်သော ကျွန်ုပ်မိတ်ဆွေမောင်နှမတို့ အပါအဝင် ဒေါ်သန်းတင်၊ ဒေါ်တင်ကြည်တို့၏ အမွေဆိုင်ပစ္စည်းများဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ ခွင့်ပြုချက်၊ သဘောတူညီချက်မရရှိဘဲ အဆိုပါမြေနှင့်နေအိမ်အတွင်းသို့ ဝင်ရောက်ကျူးကျော်ခြင်း၊ ဖျက်ဆီးခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လဲလှယ်ခြင်း၊ မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ ရေးကူးခြင်း၊ ဂရန်လျှောက်ထားခြင်း အဆောက်အအုံ ဆောက်လုပ်ခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ကျွန်ုပ်မိတ်ဆွေများမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါက်တာယဉ်ယဉ်နုနှင့် ဦးခင်မောင်သိန်းတို့၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁

သမီးနှင့်မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ဈေးချိုမြောက်ရပ်ကွက်၊ ကြို့ပင်သာ ၅လမ်းနေ ဦးသိန်း၏သမီး မခင်ဝင်းမြင့် ၁၂/မဘန(နိုင်)၀၃၉၅၉၅၊ ဦးသိန်း၏မြေး မောင်ရန်နိုင်စိုး ၇/ကပက(နိုင်)၀၈၃၇၆၃ တို့သည် ဆိုဆုံးမမှုကို မနာခံသည့်အပြင် ၁၀-၃-၂၀၁၄ရက်က ရိုင်းပျစွာပြုမူစော်ကားသွားပါသဖြင့် ကြော်ငြာသည့်ရက်မှစ၍ အမွေစားအမွေခံသမီးနှင့် မြေးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ **အဖ-ဦးသိန်း ၇/ကပက(နိုင်)၀၄၀၆၂၅**

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၁၂-၂၀၁၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(၃) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ် ၁၈ ဒေါ်သင်းကြည်ဆန်း၏ အမည်ပြောင်းတွင် မြေကွက်လိပ်စာအမှတ် ၁၁၊ မာလာမြိုင်လမ်း၊ (၁၆)ရပ်ကွက်အစား အမှတ် ၁၁၊ မြဝတီလမ်း၊ (၁၆)ရပ်ကွက်ဟုပြင်ဆင်ဖတ်ရှုပါရန်။

ကြော်ငြာကဏ္ဍ

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ရုံးသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ရုံးသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများကို အောက်ပါအတိုင်းဝယ်ယူလိုပါသည်-

MACHINERY & EQUIPMENT

1	Web Offset 4 Units	1 No
2	Paper Cutting Machine	2 Nos
3	CTP Machine	1 Nos
4	Air Con;(2HP)(Split Type)	4 Nos
5	စက္ကူအလေးချိန်တိုင်းကိရိယာ	2 Nos
6	နံရံကပ်ပန်ကာ	4 Nos

OFFICE EQUIPMENT

1	Colour Laser Printer	1 No
2	CCTV Camera(only)	3 Nos
3	Fax(Plane Paper)	3 Nos
4	အသံဖမ်းစက်	2 Nos
5	Laser Jet Printer A4	6 Nos
6	Fax(Thermal Paper)	2 Nos
7	Laptop Dell	1 No
8	Scanner A4	2 Nos
9	CCTV(4 Channels Receiver & Camera)	3 Nos
10	Digital Camera	2 Nos
11	Computer i7	8 Nos
12	Multifunction Copier A3	4 Nos
13	UPS 650W	1 No
14	e-Government	
	(1) Poly com hd x 6000 x video comferencing	3 Unit
	(2) 42 inch LED TV	3 Unit
	(3) 5 Port Router	3 Unit
	(4) FTTH(Internet Accessory, Fiber to the Home)	2 Nos

၂။ အိတ်ဖွင့်တင်ဒါများကို ၂၄-၃-၂၀၁၄ရက်မှ ၇-၄-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၄-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၁-၃၈၁၄၄၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန၊
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန၊
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

[illegible]

ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ ၃၈ လမ်း၊ တိုက်အမှတ် ၉၇ ၏ မြေညီထပ်(ခေါင်းရင်းခန်း)နှင့်ပတ်သက်၍ တိုက်ခန်းငှားရမ်းထားသူနှင့် အများသိစေရန်ကြေညာခြင်း

ဦးထိန်လင်း ၁၂/စခန(နိုင်)၀၁၇၉၅၀၊ ဦးမောင်မောင်ဦး ၁၂/ကတတ(နိုင်) ၀၁၀၂၆၈၊ ဦးကျော်လင်း ၁၂/ကတတ(နိုင်)၀၁၀၂၇၀၊ ဦးချိုဝင်း(ခ)ဦးထွန်းအောင် ၁၂/ကတတ(နိုင်)၀၁၀၂၆၅ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ ၃၈ လမ်း၊ တိုက်အမှတ် ၉၇ ၏ မြေညီထပ်(ခေါင်းရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ အထက်ဖော်ပြပါ လွှဲအပ်ညွှန်ကြားသူလေးဦးနှင့် ဒေါ်ခင်မကြီးတို့သည် နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ၂၁-၂-၂၀၁၄ ရက်စွဲပါစာချုပ်ကို ဒေါ်ခင်မကြီး၏ ရှေ့နေရှေ့မှောက်တွင် ချုပ်ဆိုဆောင်ရွက်ခဲ့ကြပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါလွှဲအပ်ညွှန်ကြားသူလေးဦးမှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိခဲ့ပြီးဖြစ်သည့်အတွက် အထက်ပါလေးဦး၏ ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများမပြုလုပ်ကြရန်နှင့် လက်ရှိငှားရမ်းနေထိုင်သူများမှလည်း ယခင်ငှားရမ်းခဲ့သောကာလပြည့်မြောက်ပြီးဖြစ်၍ ထပ်မံငှားရမ်းလိုလျှင် အထက်ဖော်ပြပါလွှဲအပ်ညွှန်ကြားသူလေးဦးနှင့်သာ သဘောတူစာချုပ်ချုပ်ဆိုငှားရမ်းရန် အသိပေးကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ လွှဲအပ်ညွှန်ကြားသူလေးဦး၏ ခွင့်ပြုချက်မရဘဲ စီမံခန့်ခွဲဆောင်ရွက်မှုများသည် ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း၊ တိုက်ခန်းပေါ်တွင် ငှားရမ်းနေထိုင်သူနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထိန်လင်း၊ ဦးမောင်မောင်ဦး၊ ဦးကျော်လင်း၊ ဦးချိုဝင်း(ခ)ဦးထွန်းအောင်တို့၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်လင်းနိုင် LL.B, D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)
ရုံး-တိုက်(၉/၁၁)၊ အခန်းအမှတ်(005-B) ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၃၉၃၀၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ် ၁၅၂၊ ဧရိယာ ၀ဒသမ၀၆၁ ဧကအနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော အလျားပေ ၃၀×အနံ ပေ၆၀ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၅၂၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့ဟု ခေါ်တွင်သော တစ်ထပ်တိုက်အပါအဝင်တို့ကို မူလအမည်ပေါက် ဦးအောင်နိုင် ၁၂/မတထ(နိုင်)၀၁၇၂၂၉ ထံမှ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်ရီရီမော် ၁၀/သထန(နိုင်)၀၀၉၆၆၃ ထံမှ တစ်ဆင့်လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ကျွန်ုပ်မိတ်ဆွေမှ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါ သုံးရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသော သက်သေခံစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်ရက်ကျော်လွန်ပါက ကျန်ရောင်းဖိုးငွေများ အပြီးပေးအပ်လျက် အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို တရားဝင်ဥပဒေအရ ပြုလုပ်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်မြတ်စိုး (စဉ်-၇၄၆၇) တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၁၊ ဌာနာလမ်း၊ အလုံ၊ ရန်ကုန်
ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၇၃၀၄၃၁၅၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သမိန်ထောလမ်း၊ (၁၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် ၆၀၄၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ နှစ် ၃၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံများနှင့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား အမည်ပေါက် ဦးမောင်စိန် ISN-၄၃၀၂၆၆ ထံမှ ဦးမျိုးမင်း ၁၂/ဥကမ(နိုင်)၁၅၃၂၅၃ က စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ ဒေါ်မိမိခိုင် ၁၂/ဗဟန(နိုင်) ၀၀၄၃၉၀၊ ဒေါ်တင်အုန်း ၁၂/မဂဒ(နိုင်)၀၀၇၈၇၄ တို့နှစ်ဦးမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိမိခိုင် ၁၂/ဗဟန(နိုင်)၀၀၄၃၉၀၊
